# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ သီတင်းကျွတ်လပြည့်ကျော်(၇)ရက် ၊ ကြာသပတေးနေ့ ၊ (24-10-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၁၇၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား



နေပြည်တော် အောက်တိုဘာ ၂၃

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ညီလာခံခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ပြည်ထောင်စုဝန်ကြီးများ၊နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးများ၊အကဲဖြတ်ပညာရှင်ကြီးများ၊ကြီးကြပ်အုပ်ချုပ်သူများ၊နည်းပြများ၊အထောက်အကူပြုများ၊ ဆုရရှိကြသည့် ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၊

စာမျက်နှာ ၁၆ ကော်လံ ၁

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မဟာဇနကဇာတ်တော်ကြီးပြိုင်ပွဲတွင် ပူးတွဲပထမဆုရရှိသည့် အဖွဲ့များအား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။




ရတနာပုံ
၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်
အယ်ဒီတာ့အာဘော်

# ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ဆောင်ပေးသော အနုပညာပြိုင်ပွဲကြီး

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ပြည်ထောင်စုသားအားလုံး ပူးပေါင်းပါဝင်ယှဉ်ပြိုင်မှုဖြင့် အောင်အောင်မြင်မြင်ကျင်းပနိုင်ခဲ့ပြီး ငွေရတုမှတ်တိုင်သို့ ခမ်းနားသိုက်မြိုက်စွာစိုက်ထူနိုင်ခဲ့ပြီးဖြစ်ပါသည်။ ၁၉၉၃ ခုနှစ်မှစတင်ပြီး ယခု ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးအထိ ကျင်းပနိုင်ခဲ့သည့် အကျိုးကျေးဇူးကြောင့် ယခင်က ဝါသနာရှင်မျိုးဆက်သစ်လူငယ်များသည် ယခုငွေရတုပြိုင်ပွဲကြီးတွင် ပညာရှင်အဆင့်အနုပညာရှင်များအနေဖြင့် ပါဝင်လာမှုကို မြင်တွေ့နေရပြီဖြစ်သည်။

မိမိတို့နိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းဟူသည့် မျိုးနွယ်စုကြီးများ အတူတကွ ပေါင်းစည်းထားသည့် မြန်မာနိုင်ငံ၊ မြန်မာလူမျိုး၊ မြန်မာ့ယဉ်ကျေးမှုဟူ၍ ဘုံသဘောဆောင်သည့် အမျိုးသားရေးစရိုက်လက္ခဏာကို လက်ခံကျင့်သုံးသည့် ပြည်ထောင်စုအဖြစ် စည်းလုံးညီညွတ်စွာ နေထိုင်လျက်ရှိသည်။ ထို့ကြောင့် မြန်မာတိုင်းရင်းသားများ၏ သုခုမအနုပညာကို လေ့လာကြည့်မည်ဆိုပါက တူရိယာပစ္စည်းများ မည်သို့ပင်ကွဲပြားစေကာမူ 'ကြေး၊ ကြိုး၊ သားရေ၊ လေ၊ လက်ခုပ်'ဟူသည့် မြန်မာတို့၏ တူရိယာငါးပါးအခြေခံတွင် တစ်စုတစ်စည်းတည်း တူညီစွာပါဝင်လျက်ရှိနေသည်။ အကပညာတွင်လည်း တူညီသည့်အခြေခံအတွင်း၌ပင် ဆင့်ပွားတည်ရှိနေသည့်အတွက် ယခုကဲ့သို့ပြိုင်ပွဲကြီး၌ တိုင်းရင်းသားအချင်းချင်း အတူတကွပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြရာတွင် တစ်ဦး၏ယဉ်ကျေးမှုကို တစ်ဦးကသိမြင်နားလည်နိုင်ခြင်း၊ အချင်းချင်းချစ်ကြည်ရင်းနှီးမှုပိုမိုတိုးပွားစေခြင်းတို့ကြောင့် အနှစ်သာရအားဖြင့် ပြည်ထောင်စုစိတ်ဓာတ်ကိုဖော်ဆောင်ပေးသော အနုပညာပြိုင်ပွဲကြီးပင် ဖြစ်ပေသည်။

ခေတ်အဆက်ဆက်ထွန်းကားလာခဲ့သည့် မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များသည် မြန်မာနိုင်ငံသူ့ကျွန်ဘဝရောက်ခဲ့ရပြီးနောက် ကိုလိုနီနယ်ချဲ့တို့၏ ဖိနှိပ်ချိုးနှိမ်မှုများကိုခံခဲ့ရသည်။ သို့သော် မြန်မာအနုပညာရှင်များသည် ကိုလိုနီနယ်ချဲ့တို့၏ ဖိနှိပ်မှုကိုကြံ့ကြံ့ခံတွန်းလှန်ပြီး အမျိုးသားရေးစိတ်ဓာတ်ဖြင့် ကြိုးပမ်းထိန်းသိမ်းလာခဲ့ကြသည့်အတွက် ယနေ့အထိ မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များသည် ရေးမူမပျက် ဖြစ်ထွန်းရှင်သန်နေသည်ကို တွေ့ရသည်။ ယနေ့ခေတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင်လည်း အမျိုးသားအဆင့် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နှစ်စဉ် အလေးအနက်ထား၍ ၃ နှစ်ဆက် အောင်အောင်မြင်မြင် ကျင်းပပေးနိုင်ခဲ့ပြီး (၂၅)ကြိမ်မြောက် ငွေရတုသမိုင်းမှတ်တိုင်ကိုလည်း ဂုဏ်သိက္ခာရှိရှိ ဝင့်ကြွားစွာစိုက်ထူနိုင်ခဲ့ပေသည်။

ခေတ်အဆက်ဆက်တွင် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ယခုကဲ့သို့ ထိန်းသိမ်းမြှင့်တင်မှု တတ်စွမ်းသရွေ့မပြုပါက မိမိတို့၏ အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများက ယုတ်လျော့ပျက်စီးမှုများ ဖြစ်ပွားလာနိုင်သည်။ ထို့ကြောင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို မပျောက်ပျက်အောင် စဉ်ဆက်မပြတ် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ကြရမည်ဖြစ်ပါသည်။ အလားတူ မိမိယဉ်ကျေးမှု၊ အမျိုးဘာသာ သာသနာတို့ကို ပျက်စီးရာပျက်စီးကြောင်းများ မဖန်တီးမိစေရန် မိမိတို့ ပြည်ထောင်စုဖွားသွေးချင်းအားလုံးတွင် တာဝန်ရှိကြောင်း ခံယူကြရမည်ဖြစ်ပေသည်။

ယခုနှစ် ငွေရတုပြိုင်ပွဲကြီးတွင် ထူးခြားပေါ်လွင်နေသည့်အချက်မှာ တိုင်းရင်းသားများ၏ ရိုးရာတူရိယာများစုပေါင်းတီးခတ်ထားသည့် တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်နိုင်မှုကို တွေ့ရှိရခြင်းဖြစ်သည်။ ထို့ပြင် တိုင်းရင်းသားများ၏ ရိုးရာအကကို အခြားတိုင်းရင်းသားအနုပညာရှင်များက အတူတကွပူးပေါင်းဖျော်ဖြေမှုတို့သည် ပြည်ထောင်စုဖွားမြန်မာတိုင်းရင်းသားအားလုံး၏ ရိုးရာအနုပညာအမွေအနှစ်တန်ဖိုးများကို ဖော်ထုတ်ပြသနိုင်ရုံမက သွေးစည်းညီညွတ်မှုကိုပါ အဆို၊ အက၊ အရေး၊ အတီးအနုပညာဖြင့် သက်သေပြုတင်ဆက်ပြနိုင်ခဲ့ခြင်းပင်ဖြစ်ပေသည်။ သို့ဖြစ်ရာ ယခု ငွေရတုပြိုင်ပွဲကြီးသည် တိုင်းရင်းသားအားလုံး၏ အနုသုခုမပညာနှင့် ဓလေ့ထုံးတမ်းများကို ဂုဏ်ယူဝင့်ကြွားနိုင်အောင် ပွဲထုတ်တင်ဆက်နိုင်ခဲ့ခြင်းဖြစ်သည့်အတွက် ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ဆောင်ပေးသော အနုပညာပြိုင်ပွဲကြီးပင် ဖြစ်ပါကြောင်း ဂုဏ်ပြုညွှန်းဖွဲ့ရေးသားအပ်ပါသည်။

# အိန္ဒိယနိုင်ငံ၏ ဂန္ထဝင်ဘာသာစကားများသတ်မှတ်ခြင်းအထိမ်းအမှတ် အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် တက်ရောက်




**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံးက ကြီးမှူးကျင်းပသော အိန္ဒိယနိုင်ငံရှိ Asames ဘာသာ၊ Bengali ဘာသာ၊ Paliဘာသာ၊ Marathi ဘာသာနှင့် Prakrit ဘာသာတို့ကို အိန္ဒိယနိုင်ငံ၏ ဂန္ထဝင်ဘာသာစကားများအဖြစ် သတ်မှတ်သည့် အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၂၂ ရက် ညပိုင်းက မဟာအောင်မြေမြို့နယ်ရှိ Mandalay Convention Centre တွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့အခြေစိုက် အိန္ဒိယနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး အိန္ဒိယကောင်စစ်ဝန်ချုပ် H.E.Mr. Sundeep Kaushal နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ အိန္ဒိယကောင်စစ်ဝန်ချုပ် H.E.Mr. Sundeep Kaushal က နှုတ်ခွန်းဆက်စကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်က ဂုဏ်ပြုစကားပြောကြားခဲ့သည်။

ဆက်လက်၍ သာသနတက္ကသိုလ်မှ ဆရာတော်ဘူရိပညာက ပါဠိဘာသာမြန်မာနှင့် ပတ်သက်သည့် Lecture ကိုလည်းကောင်း၊ စစ်ကိုင်းတက္ကသိုလ် အရှေ့တိုင်းဘာသာဌာန ဌာနမှူး ဒေါက်တာခင်မျိုးဟန်က ပါဠိဘာသာ၏သမိုင်းကြောင်း၊ ထူးခြားမှုနှင့် ပတ်သက်သည့်အကြောင်းအရာများကို လည်းကောင်း၊ မန္တလေးတက္ကသိုလ် အရှေ့တိုင်းဘာသာဌာန ဌာနမှူးဒေါက်တာသီသီထွန်းက ပါဠိဘာသာနှင့် ပတ်သက်သည့် အကြောင်းအရာများကိုလည်းကောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် School For Smart Learner ကျောင်းမှ သိပ္ပံဆရာ U Shivlal Kumar Sil က Bengali ဘာသာစကား၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များနှင့်ပတ်သက်သည့်အကြောင်းအရာများကိုလည်းကောင်း၊ MCTA ကျောင်းမှ ဆရာ Mahcsh Mahadev Laundhe က Marathi ဘာသာစကား၏သမိုင်းကြောင်း၊ ထူးခြားမှုများနှင့်ပတ်သက်သည့်အကြောင်းအရာများကို လည်းကောင်း ဆွေးနွေးပြောကြားပြီး သက္ကတဘာသာပညာရှင် U Madhujo Gopal က Bengali ဘာသာစကားဖြင့် ကဗျာရွတ်ဆိုခဲ့ကာ အိန္ဒိယကောင်စစ်ဝန် Mr.Uma Kant Sharma က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သိရသည်။

**မျိုးကျော်**

# ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကွမ်းသီးခြောက် ပိဿာချိန် ၉၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဓနုဖြူ အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်မှရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ကွမ်းသီးခြောက် ပိဿာချိန် ၉၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဓနုဖြူမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုက ပြောပြ၍ သိရသည်။

ဓနုဖြူမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်လအတွင်း ကွမ်းသီးခြောက် ပိဿာချိန် ၇၄၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာလတစ်လအတွင်း ကွမ်းသီးခြောက်ပိဿာချိန် ၉၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

''အရောင်းအဝယ်ဖြစ်နေတဲ့ ကွမ်းသီးခြောက်တွေက နွေရာသီက သိုလှောင်ထားတဲ့ကွမ်းသီးခြောက်တွေပါ။ စက်တင်ဘာလတစ်လအတွင်း ကွမ်းသီးခြောက်ပိဿာချိန် ၉၃၀၀၀ ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဓနုဖြူမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတဲ့ ကွမ်းသီးခြောက်တွေက အရည်အသွေးကောင်းပါတယ်။ လက်ရှိလဲ ဒေသက ကွမ်းသီးခြောက်တွေကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေပါတယ်"ဟု ဓနုဖြူမြို့နယ်မှ ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုက ပြောပြသည်။

ဓနုဖြူမြို့နယ်တွင် ကွမ်းသီးရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ဒေသထွက်ကွမ်းသီးများကို ဝယ်ယူပြီး စနစ်တကျသန့်စင်ကာ အလုံးအတိုင်းနှင့်ခွဲစိတ်ပြီး နှစ်မျိုးပြုလုပ်၍ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာ ၃၁၁၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**စစ်ကိုင်း အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော နေကြာ ၃၁၁၂ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက နေကြာ ၁၂၂၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာများကို ဩဂုတ်လမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၁၁၂ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၈ ဒသမ ၇၅ တင်းထွက်ရှိကြောင်း သိရသည်။

"စစ်ကိုင်းမြို့နယ်အတွင်း ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၁၂၂၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ စိုက်ခင်းတွေ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၃၀၀၀ ကျော်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကျန်တဲ့ ဧကတွေကို ဆက်လက်ရိတ်သိမ်းလျက်ရှိပါတယ်။ ပြည်ပက တင်သွင်းတဲ့စားအုန်းဆီကိုလျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးခဲ့တယ်။ နေကြာတစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက်များတယ်။ နေကြာကို ဆောင်းမှာအများဆုံး စိုက်ပျိုးကြပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် နေကြာစိုက်ပျိုးမည့် တောင်သူများကို မျိုးစေ့များပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူ ဖလှယ်သည့်နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်ပေးနေကြောင်း သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဓေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

## အလှူရှင်များသို့ တိုက်တွန်းပန်ကြားချက်

၁။ နိုင်ငံအတွင်း လတ်တလောဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုများကြောင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် ခေတ္တလာရောက်နေထိုင်နေသူများနှင့် ရေဘေးသင့်ကျေးရွာ၊ ရပ်ကွက်များရှိ မိမိတို့၏နေအိမ်များတွင် နေထိုင်လျက်ရှိသည့် ပြည်သူများအတွက် အလှူရှင်များက စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အစားအသောက်များ လာရောက်လှူဒါန်းနေမှုများအား ဝမ်းမြောက်ဝမ်းသာစွာတွေ့ရှိရပါသည်။

၂။ သို့ရာတွင် ပတ်ဝန်းကျင်ရာသီဥတုအခြေအနေအရ အလှူရှင်များက ပြင်ဆင်ချက်ပြုတ်လာသော အစားအသောက်များကို ချက်ချင်းစားသုံးခြင်းမပြုဘဲ သိုလှောင်သိမ်းဆည်းထားစဉ် အစာအဆိပ်သင့်ဖြစ်ပွားစေသော ရောဂါပိုးများ ပေါက်ဖွားရှင်သန်စေမှုဖြစ်စေနိုင်ခြင်း၊ စားသုံးရန်မသင့်သည့်အခြေအနေများသို့ ရောက်ရှိစေနိုင်ခြင်းနှင့် အဆိုပါအစားအသောက်များကို စားသောက်မိပါက အော့အန်ခြင်း၊ ဝမ်းပျက်ဝမ်းလျှောဖြစ်ခြင်းစသည့် ကျန်းမာရေးဆိုင်ရာ နောက်ဆက်တွဲရောဂါများ ဖြစ်ပေါ်နေမှုများကြောင့် ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေးကိုထိခိုက်စေကြောင်း တွေ့ရှိရသည်။

၃။ သို့ပါ၍ အလှူရှင်များအနေဖြင့် အစားအသောက်များ လာရောက်လှူဒါန်းရာတွင် ပြင်ဆင်ချက်ပြုတ်ထားသော အစားအစာများဖြင့် လှူဒါန်းခြင်းမျိုးမပြုဘဲ စခန်းများတွင် နေထိုင်သူများအား ပူပူနွေးနွေးချက်ပြုတ်ကျွေးမွေးနိုင်ရန် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးခြောက်၊ ကြက်ဥ၊ ဘဲဥနှင့် ချက်ပြုတ်ရန် လတ်ဆတ်သော အသား၊ ငါး စသည်တို့ကို ပေးပို့လှူဒါန်းခြင်း၊ ပေးပို့လှူဒါန်းရာတွင် မြို့နယ်အလိုက် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးရှိ ကြီးကြပ်ရေးအဖွဲ့၊ စီမံခန့်ခွဲမှုအဖွဲ့များမှတစ်ဆင့်သာ ပေးပို့လှူဒါန်းခြင်းနှင့် ယာယီကယ်ဆယ်ရေးစခန်းများတွင် တာဝန်ယူဆောင်ရွက်နေကြသော စီမံခန့်ခွဲမှုအဖွဲ့နှင့် ကျန်းမာရေး ဝန်ထမ်းများက စခန်းများတွင် လှူဒါန်းကြသော အစားအသောက်များအား ကျန်းမာရေးနှင့်ညီညွတ်စေရန်နှင့် သန့်ရှင်းမှုရှိစေရန် ကြီးကြပ်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ပေးကြပါရန် တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ**

## ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၁၁၀၅၂ ကေထိ နှုတ်သိမ်းပြီးစီးပြီဖြစ်



**ရေဦး အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ၁၁၀၅၂ ကေထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက မြေပဲ ၁၁၀၅၂ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော မြေပဲစိုက်ခင်းများ နုတ်သိမ်းမှုကို ယခုနှစ် ဩဂုတ်လမှ စတင်၍နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၁၁၀၅၂ ကေထိ ပြီးစီးနေပြီး တစ်ဧကလျှင် ၄၂ ဒသမ ၅၄ တင်း ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ မြေပဲ ၁၁၃၂၉ ဧကလျာထားစိုက်ပျိုးခဲ့ရာ ၁၁၀၅၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မြေပဲစိုက်ခင်းတွေ လျာထားဧကအတိုင်း စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ အထွက်နှုန်းလဲ ကောင်းမွန်ကြပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် မြေပဲစိုက်ပျိုးရာ၌ တစ်ဧကလျှင် မျိုးတစ်တင်းခွဲစိုက်ပျိုးရပြီး မျိုးစရိတ်၊ အလုပ်သမားခ၊ မြေဩဇာ၊ ပိုးသတ်ဆေးဖိုးများ အပါအဝင် ငွေကျပ်နှစ်သိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ယခုနှစ် ရေဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၂၀၆)

## ကော့ကရိတ်မြို့နယ် နန်းကော်တေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေး

**ကော့ကရိတ် အောက်တိုဘာ ၂၃**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နန်းကော်တေးကျေးရွာ၌ သတ္တမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဆားဒေါက်ဖော့က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ကော့ကရိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နန်းကော်တေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း သတ္တမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို ရန်ပုံငွေကျပ်သိန်း ၅၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုသက်**

## ကြံခင်းမြို့နယ် ဆိပ်သာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းစစ်ဆေး

**ကြံခင်း အောက်တိုဘာ ၂၃**

ရောဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆိပ်သာကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့် တာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းအဖွဲ့ဝင်များနှင့်အတူ ဆိပ်သာကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ကြံခင်းမြို့နယ် ဆိပ်သာကျေးရွာ၌ အရှည်ပေ ၇၀၀၊ အကျယ် ၁၀ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်း၊ ကျေးရွာနေပြည်သူထည့်ဝင်ငွေကျပ် ခြောက်သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများ၏ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

## မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း သီးထပ်ရင်စပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း သီးထပ်ရင်စပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလှဲ့က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဩဂုတ်အတွင်းက သီးထပ်ရင်စပါး တင်းရေ ၅၃၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ တစ်လအတွင်း သီးထပ်ရင်စပါးအမျိုးအစား တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ထဲကို ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်းက သီးထပ်ရင်စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ မော်လမြိုင်ကျွန်းမြို့နယ်ကနေ စပါးအပါအဝင် လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ သီးထပ်ရင်လို့ခေါ်တဲ့ အမျိုးအစားက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူမှုများနေလို့တင်ပို့အားတက်လာတာဖြစ်ပါတယ်။ လက်ရှိပြည်တွင်း ဆန်စပါးဈေးကွက်မှာလဲ အဝယ်လိုက်နေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းဝင်းလှဲ့က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက တင်ပို့ရောင်းချခဲ့သည့် သီးထပ်ရင်စပါးအမျိုးအစား တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၈၉၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများအရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# မြောင်လှမြို့ဟောင်း

ဗိုလ်ရှိတ်(ရတနာပူရ)

**❖မြောင်လှမြို့ဟောင်းနေရာသည် အတော်အတန်မြင့်မားသော ကုန်းကြီးဖြစ်သည်။ မြို့ရိုးရာများကို ထင်ရှားစွာတွေ့ရ၏။ အချို့နေရာ၌ မြို့ရိုးမှာ ရှစ်ပေခန့်အမြင့်ထိရှိနေသည်။ မြို့ကွက်ပုံစံမှာ အလွန်ထူးခြားသောပုံစံမျိုးဖြစ်သည်။ ကျောက်ဆည်လွင်ပြင်ဒေသရှိ မြို့ဟောင်းများတွင် အခြားမည်သည့်မြို့ဟောင်းများနှင့်မျှမတူသော ပုံစံမျိုးဖြစ်သည်။ မြို့ရိုးမှာ အရှေ့အနောက်ရှည်လျား၍ တောင်မြောက် အနံတိုသော မြို့ပုံစံဖြစ်သည်။ အရှေ့ဘက်နှင့်အနောက်ဘက်မှာ အဖြောင့်မြို့ရိုးဖြစ်သည်။ တောင်ဘက်နှင့်မြောက်ဘက်မြို့ရိုးမှာ မြောက်ဘက်သို့ ခပ်ဝိုက်ဝိုက်ဖြစ်နေသည်။ ❖**

မြောင်လှမြို့ဟောင်းသည် မူလလယ်တွင်း ၁၁ ခရိုင်မှ ကိုးခရိုင်သို့ ပြောင်းလဲဖွဲ့စည်းရာတွင် ပါဝင်လာသောမြို့ဖြစ်သည်။ မြောင်လှမြို့အကြောင်းကို ရှာဖွေဖော်ထုတ် သုတေသနပြုလုပ်ခဲ့ခြင်းမရှိသောကြောင့် တိမ်မြုပ်နေသော မြို့ဟောင်းတစ်ခုဖြစ်သည်။ ရေးစာပေမှတ်တမ်းများတွင် မြောင်လှမြို့ဟု မကြာခဏတွေ့ရသော်လည်း မည်သည့်နေရာ၌ရှိမှန်း မသိခဲ့ကြပေ။ သုတေသီတို့သည် လယ်တွင်း ၁၁ ခရိုင်ဝင်မြို့များကိုသာ မကြာခဏရေးသားပြုစုဖော်ထုတ်ကြသော်လည်း ကိုးခရိုင်ဖွဲ့ရာတွင် ပါဝင်လာသော မြောင်လှမြို့ကို မေ့နေကြပေသည်။ မြောင်လှမြို့သည် ကျားကာရွာအနီး၌သာရှိသည်ဟု တစ်စွန်းတစ်စသာရေးသားခဲ့ကြသည်။ ထို့ကြောင့် တိမ်မြုပ်နေသော မြောင်လှမြို့ဟောင်းကို ရှာဖွေဖော်ထုတ်ရန် လယ်တွင်းဒေသသို့ ကွင်းဆင်းလေ့လာခဲ့သည်။ ဒေသခံများထံ တစ်နေရာဝင်၊ တစ်နေရာထွက်မေးရင်း မြောင်လှမြို့ကို ရှာဖွေတွေ့ရှိခဲ့သည်။ မြောင်လှမြို့ကို လေ့လာရာတွင် မြို့ပုံစံထူးခြားမှုများ၊ မြို့ရိုးအုတ်စီပုံထူးခြားမှုများကို တွေ့ရှိခဲ့ရသည်။

**တည်နေရာ**

မြောင်လှမြို့ဟောင်းသည် ကျောက်ဆည်မြို့နယ် ကျားကာကျေးရွာအုပ်စု ကျားကာရွာ၏ အနောက်မြောက်ဘက်တွင် ဒါန်းချောင်းတစ်ခုသာခြားလျက် တည်ရှိသည်။ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီ ၄၇ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၂၁ မိနစ်၌ တည်ရှိသည်။

မြောင်လှမြို့ဟောင်းကိုသွားမည်ဆိုလျှင် ရန်ကုန်–မန္တလေးလမ်းမကြီးဘေး၌ရှိသော ဟန်မြင့်မိုရ်ရွာမှ ရှောင်လမ်းအတိုင်း အရှေ့သို့သွားရသည်။ ဟန်မြင့်မိုရ်မှ ရှောင်လမ်းအတိုင်း လေးမိုင်ခန့်သွားလိုက်လျှင် ကျားကာကျေးရွာအုပ်စုဝင် ကုလရွာသို့ရောက်ရှိမည်ဖြစ်သည်။ ကုလရွာသို့ ရောက်သောအခါတွင် ကုလရွာမှ အနောက်ဘက်သို့ တစ်မိုင်ခန့်သွားလိုက်လျှင် ကျားကာရွာကို ရောက်ရှိမည်ဖြစ်သည်။ မြောင်လှမြို့မှာ ကျားကာရွာ၏ အနောက်မြောက်ဘက်တွင်ရှိသည်။ ၂၀၁၈ ခုနှစ်တွင် ကောက်ယူခဲ့သောစာရင်းအရ ကျားကာရွာတွင် အိမ်ခြေ ၁၉၀ ရှိပြီး လူဦးရေ ၈၀၀ ရှိသည်။

**မြို့အကျယ်အဝန်းနှင့်ပုံစံ**

မြောင်လှမြို့ဟောင်းနေရာသည် အတော်အတန်မြင့်မားသောကုန်းကြီးဖြစ်သည်။ မြို့ရိုးရာများကို ထင်ရှားစွာတွေ့ရ၏။ အချို့နေရာ၌ မြို့ရိုးမှာ ရှစ်ပေခန့်အမြင့်ထိရှိနေသည်။ မြို့ကွက်ပုံစံမှာ အလွန်ထူးခြားသောပုံစံမျိုးဖြစ်သည်။ ကျောက်ဆည်လွင်ပြင်ဒေသရှိ မြို့ဟောင်းများတွင် အခြားမည်သည့်မြို့ဟောင်းများနှင့်မျှ မတူသောပုံစံမျိုးဖြစ်သည်။ မြို့ရိုးမှာ အရှေ့အနောက်ရှည်လျား၍ တောင်မြောက်အနံတိုသော မြို့ပုံစံဖြစ်သည်။ အရှေ့ဘက်နှင့်အနောက်ဘက်မှာ အဖြောင့်မြို့ရိုးဖြစ်သည်။ တောင်ဘက်နှင့် မြောက်ဘက်မြို့ရိုးမှာ မြောက်ဘက်သို့ ခပ်ဝိုက်ဝိုက်ဖြစ်နေသည်။ မျက်စိထဲမြင်သာအောင် ဥပမာဆောင်ပြရလျှင် သီးမွှေးငှက်ပျောသီးကို ထိပ်နှစ်ဖက်ခားဖြင့်တိပြီး အကွေးကို မြောက်ဘက်တွင် မျက်နှာမူ၍ချထားသည့် ပုံစံမျိုးဖြစ်သည်။ မြို့ရိုးပတ်ပတ်လည် အလျားမှာ ၅၀၉၄ ပေခန့်ရှည်လျား၍ ၂၆ ဧကခန့်ကျယ်ဝန်းသည်။ မြို့ရိုးအတွင်း၌ စိုက်ခင်းများ၊ မွေးမြူရေးခြံများရှိသည်။

**အလယ်မြို့ကွက်နေရာ**

မြို့ရိုးကြီး၏အလယ်တွင် စတုရန်းပုံမြို့ကွက်နေရာရှိသည်။ ထိုမြို့ကွက်နေရာမှာ အခြားနေရာတို့ထက် အနည်းငယ်ပို၍ မြင့်နေသည်။ ထိုနေရာကို မြို့ရိုးကြီး၏ အနောက်ဘက်မှကြည့်လျှင် ပို၍ထင်ရှားစွာမြင်ရသည်။ မြောင်လှမြို့စားမင်း၏ အိမ်တော်ရာနေရာပေလောဟု တွေးတောရပေသည်။

**မြို့လယ်စေတီ**

မြို့ရိုး၏အလယ်တွင် စေတီတစ်ဆူရှိ၏။ အလယ်မြို့ကွက်မြို့ရိုး၏ ထိပ်အနီး၌ရှိသည်။ ဒေသခံတို့က မြို့လယ်ဘုရားဟုခေါ်ကြသည်။ ပြန်လည်ပြုပြင်ထားခြင်းမရှိသောကြောင့် မူလလက်ရာအတိုင်း တွေ့ရသည်။ စေတီသည် အရှေ့ဘက်၊ တောင်ဘက်နှင့် မြောက်ဘက်တို့တွင် မုခ်ပေါက်များပါရှိ၏။ လေးထောင့်အောက်ခံလိုဏ်ပေါ်တွင် လေးထောင့်ပစ္စယာခံကာ အထွတ်တင်ထားသည့်ပုံစံဖြစ်သည်။ ပစ္စယာနှစ်ဆင့်အထက်တွင် ပြိုကျနေသည်။ မုခ်ဦးနှင့်ပစ္စယာတို့တွင် လုပသောညောင်ရမ်းခေတ် ပန်းတော့လက်ရာများကို တွေ့ရသည်။ အထူးသဖြင့် ရေးမုခ်ဒုယင်မှ ပန်းတော့လက်ရာများသည် ညောင်ရမ်းခေတ် ဗိသုကာလက်ရာများကို လေ့လာလိုသူများအတွက် တန်ဖိုးမဖြတ်နိုင်သော အမွေအနှစ်များဖြစ်ပေသည်။စေတီတော်ကြီးမှအုတ်ချပ်များကို တိုင်းတာကြည့်ရာတွင် အလျား ၁၆ လက်မ၊ အနံ ရှစ်လက်မ၊ ထု နှစ်လက်မရှိ ညောင်ရမ်းခေတ်အုတ်များဖြစ်သည်။ ဤစေတီတော်အတွင်း၌ ၁၅ ရာစုကထိုးခဲ့သော ကျောက်စာအပိုင်းအစတစ်ခုကို တွေ့ရသည်။

**ထူးခြားသောမြို့ရိုးအုတ်စီမှု**

မြို့ရိုး၏ အနောက်မြောက်ဘက်တွင် တူးဖော်ထားသောနေရာများကိုတွေ့ရသည်။ လောလောလတ်လတ်တူးဖော်ထားသည့် အနေအထားဖြစ်သည်။ တူးဖော်ထားမှုကြောင့်ပေါ်နေသော မြို့ရိုး၏ ထုကိုတိုင်းတာကြည့်ရာတွင် ရှစ်ပေခန့်ရှိသည်။ ဤအတိုင်းအတာမှာ တူးဖော်ထားသည်ကိုတွေ့ရသည့်အတိုင်း တိုင်းတာထားခြင်းဖြစ်သောကြောင့် မူလမြို့ရိုးထုအကျယ်အဝန်းဟုမဆိုနိုင်ပေ။ မတူးရသေးသည့်ဘက်တွင် မြို့ရိုးကျန်ရှိနေနိုင်သည်။ ထူးခြားသည်မှာ မြို့ရိုးအုတ်စီထားပုံဖြစ်သည်။ အခြားမြို့ရိုးများကဲ့သို့ အုတ်စီရာတွင် အထက်အောက်အုတ်များဖြင့်စီကာ တည်ဆောက်ထားခြင်းမဟုတ်ဘဲ အုတ်တစ်လွှာနှင့်တစ်လွှာကြား၌ အာလူးကျောက်ဟု ဒေသခံတို့ခေါ်ကြသော ကျောက်ငယ်လေးများတစ်ထပ်စီထားခြင်းဖြစ်သည်။ အုတ်တစ်ထပ် ကျောက်တစ်ထပ်စီထားခြင်းဖြစ်သည်။ အဘယ်ကြောင့် ထိုသို့စီထားသည်ကို သုတေသနပညာရှင်များ ဖော်ထုတ်သင့်လှပါသည်။ မြို့ရိုးမှ အုတ်ထုများမှာလည်း မြို့လယ်စေတီအုတ်အရွယ်အစားနှင့်တူညီသည်။ မြို့ရိုးမှအနောက်ဘက်နှင့် မြောက်ဘက်တွင် မြေပေါ်သို့မြင့်တက်နေသော မြို့ရိုးကြီးကိုတွေ့ရသော်လည်း အရှေ့ဘက်နှင့် တောင်ဘက်တွင် မြေအောက်မြုပ်နေသော အုတ်ရိုးကိုသာတွေ့ရသည်။ ထိုသို့ သိသိသာသာ မြို့ရိုးမတွေ့ရခြင်းမှာ မြို့ရိုးအုတ်များကို ၁၃၀၅ ခုနှစ်ခန့်က တူးဖော်၍ ရောင်းဝယ်မှုပြုခဲ့ကြခြင်းကြောင့်ဖြစ်သည်ဟု အသက် ၉၀ အရွယ် ဒေသခံ အဘဦးအောင်ကြည်ကပြောပြသည်။ စာပါသော အုတ်များကိုလည်းတွေ့ခဲ့ရသည်ဟု အဘကပြောပြသည်။ မြို့ရိုးတူးဖော်ထားမှုမှာ ယခုအချိန်ထိပင် ပြုလုပ်နေသောကြောင့် သက်ဆိုင်ရာ ရှေးဟောင်းသုတေသနမှ တာဝန်ရှိသူများ အရေးတယူ ထိန်းသိမ်းသင့်သည်။

**ကျုံး**

ကျုံးမှာ သိသိသာသာတွေ့မြင်ရသည်။ အရှေ့ဘက်၊ အနောက်ဘက်၊ မြောက်ဘက်တို့တွင် ကျုံးရှိသော်လည်း တောင်ဘက်တွင် ကျုံးနေရာကိုမတွေ့ရပေ။ တောင်ဘက်တွင် ကျုံးမရှိခြင်းမှာ မြို့ရိုးတောင်ဘက်တွင် ရှေ့နောက်ကပ်လျက်စီးဆင်းနေသော ဒါန်းချောင်းကြီးက သဘာဝကျုံးသဖွယ် ကာရံထားပေးခြင်းကြောင့်ဟု ယူဆရပါသည်။ အနောက်မျက်နှာ၌ရှိသောကျုံးမှာ အခြားမျက်နှာရှိ ကျုံးများထက်ပို၍ နက်ရှိုင်းစွာကျန်ရှိနေသည်ကို တွေ့ရသည်။

**ကိုးခရိုင်ကိုအတည်ပြုခဲ့**

လယ်တွင်း ၁၁ ခရိုင်မှ လယ်တွင်းကိုးခရိုင်သို့ ပြောင်းလဲဖွဲ့စည်းခဲ့သောခေတ်ကို ဆရာတော် ရွှေကိုင်းသားက သက္ကရာဇ် ၉၉၉ခုနှစ် သာလွန်မင်းတရားကြီးလက်ထက်တွင် ဖြစ်ပေါ်လာဟန်တူသည်ဟု မိန့်ဆိုထားသည်။ မြို့ရွာနယ်ပယ်သမိုင်းကျမ်းတွင် သာလွန်မင်းလက်ထက် ညောင်ရမ်းခေတ်ကတည်းကပင် ကိုးခရိုင်ဟူ၍ သုံးနှုန်းထားသည်ကိုတွေ့ရသည်။ အချို့က ဘိုးတော်ဗဒုံမင်းလက်ထက်မှ ကိုးခရိုင်ဖွဲ့သည်ဟူ၍လည်းကောင်း၊ ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်တွင်စဖွဲ့သည်ဟူ၍လည်းကောင်း ယူဆကြသည်လည်းရှိပါသည်။ သို့သော်လည်း ယခုအခါ ကိုးခရိုင်ဖွဲ့ရာတွင်မှ ပါဝင်လာသော မြောင်လှမြို့ရိုးတွင် ညောင်ရမ်းခေတ်အုတ်များတွေ့ရသောကြောင့် ညောင်ရမ်းခေတ်တွင် ကိုးခရိုင်ဖွဲ့သည်ဟူသောအဆိုကို ထောက်ခံနေသည်။ အုတ်ကအတည်ပြုပေးသော သက်သေပင်ဖြစ်သည်။

**မြောင်လှမြို့ဦးကသိမ်တော်ကြီး**

မြောင်လှမြို့ရိုးအပြင်ဘက် အရှေ့တောင်ထောင့်ကပ်လျက်တွင် ရွှေသိမ်တော်မြတ်စွာဘုရားဟူ၍ ရှိပေသည်။ ရွှေသိမ်တော်မြတ်စွာဘုရားကို မည်သူတည်ကြောင်းမသိရပေ။ ကျားကာရွာမှ ဒေသခံများကိုမေးရာတွင် ပုဂံပြည်ရှင် အနော်ရထာမင်းကြီး တည်ခဲ့ကြောင်းပြောပါသည်။ ကျောက်စာများရှိသလားဟု ထပ်မံမေးရာတွင် ကျောက်စာမရှိကြောင်း၊ အစဉ်အဆက်ပါးစပ်ရာဇဝင်အနေဖြင့် မှတ်သားလာခဲ့ကြောင်းပြောပါသည်။ ဒေသခံများထံမေးမြန်းချက်အရ ရွှေသိမ်တော်မြတ်စွာဘုရားကို အနော်ရထာတည်ကြောင်း သာမန်အားဖြင့်သာမှတ်သားရပါသည်။

တစ်နေ့တွင် တံတားဦးခရိုင် တံတားဦးမြို့ တဲတော်ရာရပ်ရှိ ကျောက်စာတိုင်ကျောင်းအတွင်းမှ ကျောက်စာတစ်ချပ်ကို ဖတ်မိပါသည်။ ဆရာဦးညိမ်းမောင်၏ ရှေးဟောင်းမြန်မာကျောက်စာများ ငါးတွဲတွင်မပါသေးသော ကျောက်စာဖြစ်သည်။ ထိုကျောက်စာသည် သက္ကရာဇ် ၇၆၀ ပြည့်နှစ်ထိုး ပထမအင်းဝခေတ်ကျောက်စာဖြစ်သည်။ ထိုကျောက်စာကြောင်းရေ ၁၈ ၌ "သျှင်သည်ာတို့ အာတွံဝတ်ဖစ်စိဟု မြောင်လှမွေတွင် အနော်ရထာမင်စ်၏သိမ်တော် အရှေ့တောင်ထောင်နိုက်"ဟူ၍ သိမ်တော်မှာ အနော်ရထာမင်းစောတည်ကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် မြောင်လှမြို့ အရှေ့တောင်ထောင့်၌ရှိသော ရွှေသိမ်တော်ဘုရားသည် အနော်ရထာမင်းတည်ကြောင်း ကျောက်စာအထောက်အထားအရ သိရပေသည်။ ဤတွင်သတိပြုရန်မှာ ဒေသခံတို့၏ ပါးစပ်ရာဇဝင်စကားသည်အကြောင်းမဲ့မဟုတ်ကြောင်းပင်ဖြစ်သည်။ ဤကျောက်စာအထောက်အထားအရထပ်မံ၍ သိရသည်မှာ မြောင်လှမြို့သည် ကိုးခရိုင်ဖွဲ့ရာမှ မြို့အဖြစ်ပါဝင်လာသော်လည်း မြောင်လှရွာသည် ပထမအင်းဝခေတ်တွင် တည်ရှိနေပြီဖြစ်ကြောင်းပြောနိုင်ပါသည်။ ထို့ထက်ပို၍ဆိုရပါမူ အနော်ရထာမင်းသိမ်တော်တည်ရှိခြင်းကြောင့် ပုဂံခေတ်ကတည်းက တည်ရှိနေသောရွာဟု ဆိုနိုင်ပါသည်။

**ရှေးမှတ်တမ်းထဲက မြောင်လှ**

သက္ကရာဇ် ၉၉၉ ခု တပေါင်းလဆန်း ၁၂ ရက် အင်္ဂါနေ့ သာလွန်မင်းတရားကြီးလက်ထက်တွင် သွေးသောက်အစု အမှုထမ်းများကိုသိမ်း၍ မြောင်လှနယ်တွင် လုပ်မြေ၊ စားမြေနှင့်တကွ တိုင်းတာသတ်မှတ်၍ချပေးခဲ့သည်။ မြောင်လှနယ်ကို အရှေ့အနောက် ၅၈၉ တာ၊ တောင်မြောက် ၅၈၉ တာ တိုင်းတာသတ်မှတ်ပေးခဲ့သည်။ လယ်ပယ်ပေါင်း ၁၇၅ ပယ်ရှိသည်။ မြောင်လှနယ်လေးရပ်ကို မြေကြီးက ကြီးစိုးစီရင်အုပ်ချုပ်ရသည်။ ညောင်ရမ်းခေတ် သက္ကရာဇ် ၁၀၃၀ နှင့် ၁၀၄၀ အတွင်း ရွှေတိုက်တော်တွင် သွင်းထားသောစာရင်းတစ်ခုတွင်လည်း မြောင်လှမြို့သည် အနောက်ဘက်တိုက်စုကျေးရွာစာရင်းတွင် ပါဝင်ခဲ့သည်ကို တွေ့ရသည်။ ဇာတာတော်ပုံရာဇဝင်၊ နန်းစဉ်စာရင်းချုပ်တို့တွင် မြောင်လှမြို့သည် နှစ်ကျိပ်ပြုမြို့ဖြစ်ပြီး တာ ၄၅၀ ကျယ်ဝန်းကြောင်း တူညီစွာဖော်ပြထားသည်။ ထိုစာရင်းတို့၌ နှစ်ကျိပ်ပြုမြို့မှာ နှစ်မြို့သာပြဆိုထားပြီး နောက်တစ်မြို့မှာ မြင်ကွန်းမြို့ဖြစ်သည်။

**ကုန်းဘောင်ခေတ်မှတ်တမ်းများ**

သက္ကရာဇ် ၁၁၈၈ ခုနှစ်တွင် ဘကြီးတော်စစ်ကိုင်းမင်းထံ ဆက်သွင်းခဲ့သော မြို့စု၊ တိုက်စု၊ မြင်းစုကျေးရွာ အိမ်ခြေစာရင်းချုပ်တစ်ခုတွင် မြောင်လှမြို့ရှိ အသည်အိမ်စာရင်းနှင့် စုခြားအိမ်စာရင်းကိုတွေ့ရသည်။ စာရင်းတွင် မူလရှိရင်း အိမ်ခြေစာရင်း၊နောက်ထပ်ဖြည့်သည့် အိမ်ခြေစာရင်းနှင့် နှစ်စုပေါင်းအိမ်ခြေစာရင်းဟူ၍ တွေ့ရသည်။

| | အသည် | စုခြား | နှစ်စု |
|---|---|---|---|
| မူလရှိရင်း | ၃၅ | ၅၇ | ၉၂ |
| နောက်ဖြည့် | ၃ | ၄၀၇ | ၄၁၀ |
| နှစ်စုပေါင်းချုပ် | ၃၈ | ၄၆၄ | ၅၀၂ |

စသည်ဖြင့် တွေ့ရပါသည်။ ဤစာရင်းအရ ကုန်းဘောင်ခေတ် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက်၌ မြောင်လှမြို့တွင် အသည်စုခြား အိမ်ခြေပေါင်းမှာ ၅၀၂ အိမ်မျှရှိကြောင်း သိရသည်။

စာမျက်နှာ ၅ သို့➤

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ဧက ၄၁၅၀ထိ စိုက်ပျိုးပြီးစီး



**အင်းတော် အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ဧက ၄၁၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း အင်းတော်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်စုံ ၄၀၂၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၄၁၅၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ အင်းတော်မြို့နယ်မှာ ဟင်းသီးဟင်းရွက်စုံ ၄၀၂၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၁၅၀ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်တွေ အားလုံးကို GAP နည်းစနစ်နဲ့စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင် စိုက်ပျိုးဖို့ နည်းပညာတွေပေးနေပါတယ်"ဟု အင်းတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းခိုင်က ပြောပြသည်။

အင်းတော်မြို့နယ်တွင် ယခုနှစ် ဟင်းသီးဟင်းရွက်စိုက် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးရန်အတွက် နည်းပညာသင်တန်းပေးခြင်း၊ စိုက်ခင်းများမှ ထွက်ရှိလာသည့် ဟင်းသီးဟင်းရွက်များကို ကျန်းမာရေးနှင့် ညီညွတ်သည့် ဟင်းသီးဟင်းရွက်ဖြစ်စေရန် နည်းပညာများပေးခြင်းနှင့် တောင်သူများ ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးလာရန်အတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အင်းတော်မြို့နယ်တွင် နှစ်စဉ်ရာသီအလိုက် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးလျက်ရှိရာ စိုက်ပျိုးကြသော ဟင်းသီးဟင်းရွက်များ အောင်မြင်ဖြစ်ထွန်းစေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းစေရေး၊ သဘာဝမြေဩဇာ၊ သဘာဝ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲတတ်စေရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

## ရွက်ပုန်းသီးတို့အောင်ပွဲ

- ဂန္ဓဝင်သွဲ့ပျောင်း ငြိမ့်ငြိမ့်ညောင်း
ခေတ်ဟောင်းတေးမို့ ဆိုကြစို့။

- စည်းဝါးနရီ ကာရန်ညီ
ဘဝင်သိမ့်သိမ့် နားဝင်ငြိမ့်။

- ညင်သာနွဲ့နှောင်း ခြေလက်ခေါင်း
သွဲ့ပျောင်းလက်ာ ယဉ်ကျေးစွာ။

- ဝန်းဝိုင်းမုဒြာ ပန်တျာ
ကဗျာဆန်လှ သုခမ။

- ခြေလက်ခေါင်းခါး ကော့ကန်ကား
ကြေးစားသက်သက် မျက်စိရှက်။

- စည်းဝါး ဒုံးညီ သီချင်းသည်
ရေးသီကာရန် မြန်မာသံ။

- နရီကျန တီးမှုတ်ကြ
မြန်မာရိုးရာ တူရိယာ။
ရိုးပေါ်ရွက်ဖုံး တို့မသုံး
တီးလုံးလက်သံ ရိုးရာမှန်။

- နှစ်စဉ်ချီးမြှောက် စင်တော်ကောက်
အံ့လောက်ပွားစီး ရွက်ပုန်းသီး။ ။

(၂၅ကြိမ်မြောက် ငွေရတု မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို ဂုဏ်ပြုလျက်)

**ကျော်စောဟန်**

➤ **စာမျက်နှာ ၄ မှအဆက်**

ထို့ပြင် ဘကြီးတော်စစ်ကိုင်းမင်းလက်ထက် ကောက်ယူခဲ့သော အမှုထမ်းခွဲဝေရန်ထားသည့် စာရင်းတစ်ခုအရ မြောင်လှမြို့၌–

| အိမ်ရင်း | စစ်ရ | သေနတ် | လှံ |
|---|---|---|---|
| ၉၃ | ၁၅ | ၈ | ၇ |

စသည်ဖြင့်တွေ့ရှိရသည်။ ဤစာရင်းအရ မြောင်လှမြို့တွင် လိုအပ်ပါက စစ်မှုထမ်းရသောအရေအတွက် ၁၅ ဦးရှိကြောင်း သိရသည်။

**ဒေသအခေါ် မောင်လှမြို့**

ကျားကာရွာမှ ဒေသခံအများစုသည် မြောင်လှမြို့ကို မောင်လှမြို့ဟုခေါ်ကြသည်။ ဒေသခံတို့အယူအဆအရ မြို့စားမင်းမောင်နှမ နှစ်ယောက်တွင် မောင်ဖြစ်သူ၏ အမည်မောင်လှကိုအစွဲပြုပြီး မောင်လှမြို့ဟုခေါ်ဆိုကြောင်းသိရသည်။ ဒေသခံတို့၏အခေါ်သည်လည်းမှားသည်ဟုမဆိုသာချေ။ မြောင်လှကို "အရစ်"ဖျောက်ပြီး မောင်လှမြို့ဟုခေါ်ခြင်းဖြစ်ဟန်တူပါသည်။

မြောင်လှမြို့သည် လယ်တွင်းဒေသ၏ အဓိကကျလှသောမြို့တစ်မြို့တွင် ပါဝင်ခဲ့သည်။ ယခုအချိန်ထိ မြို့ရိုး၊ ကျုံးစသည်တို့ကို ထင်ရှားစွာ တွေ့နေရသည်။ သို့သော် ယဉ်ကျေးမှုအမွေအနှစ် နားမလည်သူတို့က မြို့ရိုးကို တူးဖော်ခြင်းများပြုလုပ်နေသောကြောင့် တာဝန်ရှိသူများက မြို့ရိုးရေရှည်တည်တံ့စေရန် ဂရုတစိုက်ထိန်းသိမ်းသင့်သည်။ သို့မှသာ ကိုးခရိုင်ဝင် မြောင်လှမြို့ဟူသော ယဉ်ကျေးမှုအမွေအနှစ်ကြီးတစ်ခုသည် ရေရှည်တည်တံ့မည်ဖြစ်ပါသည်။

**မြောင်လှမြို့စား ဦးခြိမ့်**

မောင်လှမြို့အကြောင်းပြောမည်ဆိုလျှင် မြောင်လှမြို့စား ဦးခြိမ့်အကြောင်းမပါလျှင် ပြည့်စုံမည်မဟုတ်ပေ။ မြောင်လှမြို့ကိုစားခဲ့ရသော မြို့စားများစွာရှိမည်ဖြစ်သော်လည်း ထိုမြို့စားများသည် ဦးခြိမ့်လောက်ထင်ရှားသည်မဟုတ်ပေ။ မြောင်လှမြို့စားများတွင် ဦးခြိမ့်တစ်ဦးတည်းသာထင်ရှားရခြင်းမှာ ဦးခြိမ့်ရေးသားပြုစုခဲ့သောစာပေများကြောင့်ဟုဆိုလျှင်မှားမည်မဟုတ်ပေ။ မြန်မာစာပေလောကတွင် ဦးခြိမ့်၏စာပေများထင်ရှားသကဲ့သို့ ဦးခြိမ့်စားခဲ့ရသော မြောင်လှမြို့မှာလည်း ကျွဲကူးရေပါဆိုသလို ထင်ရှားလာရခြင်းဖြစ်ပေသည်။

ဦးခြိမ့်သည် ရွှေဘိုစီရင်စု ခွန်တောင်းကြီးရွာဇာတိဖြစ်သည်။ ဦးခြိမ့်၏ မွေးဖွားသက္ကရာဇ်ကို တိတိကျကျမသိရသလို ဦးခြိမ့်ကွယ်လွန်ခဲ့သောနှစ်ကိုလည်း တိကျစွာမသိရပါ။ အရွယ်ရောက်စဉ်ကတည်းကပင် မင်းတုန်းမင်း၏ အိမ်တော်ပါအမှုထမ်းအဖြစ် အမှုထမ်းရသည်။ မင်းတုန်းမင်းထံ၌ နေမျိုးဇေယျသူဘွဲ့ဖြင့် လက်ဖက်ရည်တော်အရာ ခစားရသည်။ ထိုမှတစ်ဆင့်တက်၍ လွှတ်တော်စာရေးကြီးအရာသို့ ခန့်ထားပြီး ဗောင်းကတ္တီပါနီနှင့် ရွှေသားပန်ဆင်ခွင့်ရသည်။

ဦးခြိမ့်သည် မြောင်လှမြို့စားအရာကို မည်သည့်အချိန်ကရရှိခဲ့သည်ကို လေ့လာကြည့်ရာတွင် ဦးခြိမ့်ကိုယ်တိုင်ရေးခဲ့သော အတ္ထုပ္ပတ္တိစာတမ်း၌ ၁၂၃၅ ခုနှစ်တွင် ကင်းဝန်မင်းကြီးနှင့်အတူ ပြင်သစ်နိုင်ငံသွား၍ပြန်လာရာတွင် မြောင်လှမြို့ကို အစားသနားတော်မြတ်ခံရသည်ဟု ဖော်ပြထားသည်ကို တွေ့ရသည်။ ထို့ကြောင့် ဦးခြိမ့်သည် ၁၂၃၅ ခုနှစ်တွင် မြောင်လှမြို့စားအဖြစ် မင်းတုန်းမင်းက ခန့်အပ်ခဲ့ကြောင်း သိရပါသည်။

# နိုင်ငံတကာ သတင်းများ

## ယူဂန္ဒာ၌ လောင်စာဆီတင်ယာဉ်ပေါက်ကွဲမှုဖြစ်ပွား အနည်းဆုံး လူပေါင်း ၁၁ ဦး သေဆုံး

**ကမ်ပါလာ အောက်တိုဘာ ၂၃**

ယူဂန္ဒာနိုင်ငံ အဝေးပြေးလမ်းတစ်ခုပေါ်၌ အောက်တိုဘာ ၂၂ ရက်က လောင်စာဆီတင်ယာဉ်တစ်စီး ပေါက်ကွဲခဲ့ရာ အနည်းဆုံးလူပေါင်း ၁၁ ဦးသေဆုံးခဲ့ရကြောင်း ယူဂန္ဒာရဲတပ်ဖွဲ့က ထုတ်ဖော်ပြောကြားထားသည်။

အဆိုပါ လောင်စာဆီတင်ယာဉ်သည် မောင်းနှင်နေစဉ်တိမ်းမှောက်ခဲ့ပြီးနောက် ပေါက်ကွဲမှုဆက်လက် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ယူဂန္ဒာရဲတပ်ဖွဲ့၏အဆိုအရ သိရသည်။

သေဆုံးသူများမှာ လောင်စာဆီတင်ယာဉ် တိမ်းမှောက်ပြီးနောက် လောင်စာဆီများကဲ့ထုတ်ရန် ကြိုးပမ်းခဲ့သူဒေသခံများဖြစ်ကြကြောင်း သိရသည်။

လောင်စာဆီတင်ယာဉ် တိမ်းမှောက်ပေါက်ကွဲမှုကြောင့် သေဆုံးခဲ့ရသူများထဲတွင် ကလေးနှစ်ဦးလည်းပါဝင်ကြောင်း ယူဂန္ဒာရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အရှေ့အာဖရိက နိုင်ငံများ၌ လောင်စာဆီတင်ယာဉ် ပေါက်ကွဲမီးလောင်မှုများကြောင့် လူသေဆုံးမှုများ မကြာခဏဖြစ်ပွားတတ်သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကလည်း နိုင်ဂျီးရီးယားနိုင်ငံ၌ လောင်စာဆီတင်ယာဉ် တစ်စီး ပေါက်ကွဲ မီးလောင်မှုကြောင့် လူပေါင်း ၁၄၀ ကျော် သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : RT

Trs : KKO



## ဘရစ်အုပ်စုထိပ်သီးညီလာခံစတင်သည့် အောက်တိုဘာ ၂၂ ရက်တွင် ရုရှားသမ္မတပူတင်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့ သီးခြားတွေ့ဆုံခဲ့




**မော်စကို အောက်တိုဘာ ၂၃**

ဘရစ်အုပ်စုထိပ်သီးညီလာခံ စတင်ခဲ့သည့် အောက်တိုဘာ ၂၂ ရက်တွင် ရုရှားသမ္မတပူတင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့သည် သီးခြားတွေ့ဆုံဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

လက်ရှိအခြေအနေတွင် တစ်ကမ္ဘာလုံး ကမောက်ကမဖြစ်နေသော်လည်း တရုတ်နှင့် ရုရှားတို့ကြား မဟာဗျူဟာမိတ်ဖက်ဆက်ဆံရေးမှာ နိုင်ငံတကာတည်ငြိမ်မှုအတွက် အင်အားတစ်ခုဖြစ်ခဲ့ကြောင်း တရုတ်သမ္မတရှီကျင့်ဖျင်က ရုရှားသမ္မတပူတင်နှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ထို့ပြင် တရုတ်နှင့် ရုရှားချစ်ကြည်ရေးသည် နောင်မျိုးဆက်များထိ ဆက်လက်ခိုင်မြဲနေမည်ဟု မိမိယုံကြည်ကြောင်းလည်းတရုတ်သမ္မတက ပြောကြားခဲ့သည်။

အောက်တိုဘာ ၂၂ ရက် ဆွေးနွေးပွဲတွင်သမ္မတပူတင်နှင့် သမ္မတရှီကျင့်ဖျင်တို့အနေဖြင့် ယူကရိန်းစစ်ပွဲနှင့် အရှေ့အလယ်ပိုင်းဒေသစစ်ပွဲများအပါအဝင် နိုင်ငံတကာပြဿနာများကို ဆွေးနွေးခဲ့ကြကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

(၁၆)ကြိမ်မြောက် ဘရစ်အုပ်စုထိပ်သီးညီလာခံကို ရုရှားနိုင်ငံ ကာဇန်မြို့၌ အောက်တိုဘာ ၂၂ ရက်မှ ၂၄ ရက်ထိ ကျင်းပမည်ဖြစ်သည်။

ယင်းထိပ်သီးညီလာခံသို့ ဘရစ်အုပ်စုဝင်နိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၃၆ နိုင်ငံတို့မှ ကိုယ်စားလှယ်များတက်ရောက်လျက်ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO

## တီဟီရန်နှင့် ဘေရွတ်လေကြောင်းခရီးစဉ်များကို လုဖ်သန်ဆာလေကြောင်းလိုင်း ၂၀၂၅ ခုနှစ်ထိ ရပ်နားထားမည်

**ဘာလင် အောက်တိုဘာ ၂၃**

ဂျာမနီနိုင်ငံ အခြေစိုက် လုဖ်သန်ဆာ လေကြောင်းလိုင်းသည် အီရန်နိုင်ငံ တီဟီရန်မြို့နှင့် လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့များသို့ လေကြောင်းခရီးစဉ်ပြေးဆွဲမှုများကို ၂၀၂၅ ခုနှစ် နှစ်စပိုင်းထိ ရပ်နားထားမည် ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အီရန်နိုင်ငံ တီဟီရန်မြို့သို့ လေကြောင်းခရီးစဉ်များပြေးဆွဲမှုကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ထိရပ်နားထားမည်ဖြစ်ပြီး ဘေရွတ်လေကြောင်းခရီးစဉ်များကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်ထိ ရပ်ထားမည်ဖြစ်ကြောင်း လုဖ်သန်ဆာလေကြောင်းလိုင်းက သတင်းထုတ်ပြန်ထားသည်။

အရှေ့အလယ်ပိုင်းဒေသ၌ စစ်ရေးအခြေအနေများတင်းမာနေစဉ် တီဟီရန်နှင့် ဘေရွတ်လေကြောင်းခရီးစဉ်များကို လုဖ်သန်ဆာလေကြောင်းလိုင်းက ရပ်နားခဲ့ခြင်းဖြစ်သည်။

ဟစ်ဇ်ဘိုလာအဖွဲ့အား လေကြောင်းတိုက်ခိုက်မှုများပြုလုပ်နေမှုကိုတုံ့ပြန်သည့်အနေဖြင့် အီရန်နိုင်ငံက အစ္စရေးနိုင်ငံကို ဒုံးကျည်အစင်း ၁၈၀ ဖြင့် ပစ်ခတ်ခဲ့သည်။

အီရန်၏ အောက်တိုဘာ ၁ ရက် တိုက်ခိုက်မှုကို စစ်ရေးအရ လက်တုံ့ပြန်မည်ဖြစ်ကြောင်း အစ္စရေးတပ်မတော်က ကြေညာထားသည်။

ထို့ပြင် အစ္စရေးတပ်မတော်သည် လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအုပ်စုကို ဝေဟင်မြေပြင်စစ်ဆင်ရေးများဖြင့် အပြင်းအထန်တိုက်ခိုက်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ၂၀၂၂ ခုနှစ်နောက်ပိုင်း ယူကရိန်းနိုင်ငံ၏ လူဦးရေ ၁၀ သန်းထိ လျော့နည်း

**နယူးယောက် အောက်တိုဘာ ၂၃**

ရုရှားနိုင်ငံနှင့် စစ်မက်စတင်ဖြစ်ပွားခဲ့သည့် ၂၀၂၂ ခုနှစ်နောက်ပိုင်း ယူကရိန်းနိုင်ငံ၏ လူဦးရေမှာ ၁၀ သန်းထိ ပိုမိုလျော့နည်းသွားကြောင်း ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့က အောက်တိုဘာ ၂၂ ရက်တွင်ထုတ်ပြန်သည့်အစီရင်ခံစာ၌ ဖော်ပြထားသည်။

စစ်ဘေးရှောင်များ ပြည်ပထွက်ခွာမှု၊ သားဖွားစနစ်ပြိုလဲမှုနှင့် စစ်ကာလအတွင်း သေကျေပျက်စီးမှုများကြောင့် ယူကရိန်း၏ မူလစုစုပေါင်းလူဦးရေမှာ ၁၀ သန်းလျော့ပါးခဲ့ရခြင်းဖြစ်ကြောင်း ကုလသမဂ္ဂအစီရင်ခံစာ၌ သုံးသပ်ထားသည်။

မူလကပင် အခြေအနေဆိုးရွားနေသော ယူကရိန်းလူဦးရေပြဿနာမှာ ရုရှားနိုင်ငံနှင့်စစ်မက်ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ပို၍ဆိုးရွားလာခဲ့ရကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ယူကရိန်း၏ပြည်တွင်းကလေးမွေးဖွားမှုနှုန်းမှာအမျိုးသမီးတစ်ဦးလျှင် ကလေးတစ်ဦးခန့်နှုန်းသာရှိရာ ယူကရိန်းအနေဖြင့် ကမ္ဘာပေါ်၌ ကလေးမွေးဖွားမှုနှုန်း အနည်းဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ရကြောင်း ကုလသမဂ္ဂ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ယူကရိန်းလူဦးရေ ကျဆင်းလာမှု၏ အဓိကအကြောင်းရင်းမှာ ပြည်ပရောက် စစ်ပြေးဒုက္ခသည်များပြား ခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

ယူကရိန်းစစ်ရှောင်ဒုက္ခသည် ၆ ဒသမ ၇ သန်းမှာ ပြည်ပသို့ရောက်ရှိနေကြောင်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ အစီရင်ခံစာ၌ ဖော်ပြထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အိန္ဒိယ၌ ဆောက်လုပ်ဆဲအဆောက်အအုံပြိုကျမှုဖြစ်ပွား အနည်းဆုံး လူ ငါးဦးသေဆုံး၍ သုံးဦး ပိတ်မိနေ

**ဒေလီ အောက်တိုဘာ ၂၃**

အိန္ဒိယနိုင်ငံ တောင်ပိုင်း၌ ဆောက်လုပ်ဆဲ ခုနစ်ထပ်အဆောက်အအုံတစ်လုံး ပြိုကျခဲ့ရာ အနည်းဆုံး အလုပ်သမား ငါးဦးသေဆုံးခဲ့ရကြောင်း အိန္ဒိယတာဝန်ရှိသူများက ယနေ့တွင် ထုတ်ဖော်ပြောကြားထားသည်။

အဆောက်အအုံ ပြိုကျမှုဖြစ်ပွားခဲ့ပြီးနောက် အလုပ်သမား ၁၃ ဦးကို ကယ်တင်နိုင်ခဲ့သော်လည်း သုံးဦး ပိတ်မိနေဆဲဖြစ်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ရှာဖွေကယ်ဆယ်ရေး သမားများက ပိတ်မိနေသူ သုံးဦးကို ကယ်တင်ရန် ကြိုးပမ်းနေဆဲဖြစ်ကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။



ပြိုကျခဲ့သည့်ဆောက်လုပ်ဆဲအဆောက်အအုံသည် ကာနာတာကာပြည်နယ် ဘင်ဂါလူရူမြို့၌ တည်ရှိပြီး မိုးများသည်းထန်စွာရွာသွန်းနေချိန်တွင် ပြိုကျခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် အဆောက်အအုံပြိုကျရခြင်း အကြောင်းရင်းကို အိန္ဒိယတာဝန်ရှိသူများက စုံစမ်းစစ်ဆေးနေဆဲ ဖြစ်ကြောင်း သိရသည်။

မွန်လနှင့် စက်တင်ဘာလကြား မုတ်သုံရာသီကာလအတွင်း အိန္ဒိယနိုင်ငံ၌ အဆောက်အအုံပြိုကျမှုများ မကြာခဏဖြစ်ပွားတတ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## တရုတ်အမျိုးသားအာကာသအေဂျင်စီက မြေပြင်လေ့လာရေးရေဒါစနစ်ဂြိုဟ်တုသုံးစင်း လွှတ်တင်



**ပေကျင်း အောက်တိုဘာ ၂၃**

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် မြေပြင်လေ့လာရေးရေဒါစနစ် ဂြိုဟ်တုသုံးစင်းကို အောက်တိုဘာ ၂၁ ရက်က လွှတ်တင်ခဲ့ကြောင်း အောက်တိုဘာ ၂၂ ရက် သတင်းများအရ သိရသည်။

တီယန်ပင်း-၃ အမျိုးအစား မြေပြင်လေ့လာရေး ရေဒါစနစ် ဂြိုဟ်တုသုံးစင်းကို လောင်းမတ်ချ်-၆ ဒုံးပျံဖြင့် တရုတ်နိုင်ငံမြောက်ပိုင်း တိုင်ယွမ်အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၆ ဒုံးပျံသည် တီယန်ပင်း-၃ ဂြိုဟ်တုသုံးစင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားသည်။

တီယန်ပင်း-၃ ဂြိုဟ်တုမစ်ရှင်သည် လောင်းမတ်ချ်-၆ ဒုံးပျံများအတွက် ၁၄ ကြိမ်မြောက် အာကာသမစ်ရှင်ဖြစ်သည်။

ထို့ပြင် တီယန်ပင်း-၃ မစ်ရှင်သည်တရုတ်အမျိုးသားအာကာသ အေဂျင်စီအတွက် ယခုနှစ်၏ အကြိမ် ၅၀ မြောက် အာကာသ မစ်ရှင်လည်းဖြစ်သည်။

လက်ရှိအချိန်တွင် တရုတ်နိုင်ငံသည် ရှန်ကျိုး-၁၉ အာကာသ လူသယ်ယာဉ်ကို တီယန်ကောင်း အာကာသစခန်းသို့ ယခုလ ကုန်ပိုင်းတွင် လွှတ်တင်ရေး အတွက် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

## လမျက်နှာပြင်ပေါ်ရှိ အကြီးမားဆုံးနှင့် ရှေးအကျဆုံးဥက္ကာချိုင့်ဝှမ်းနယ်မြေ၏ သက်တမ်းကို သိပ္ပံပညာရှင်များက ဖော်ထုတ်တွက်ချက်ထား

**လန်ဒန် အောက်တိုဘာ ၂၃**

လမျက်နှာပြင်ပေါ်ရှိ အကြီးမားဆုံးနှင့် ရှေးအကျဆုံးဥက္ကာချိုင့်ဝှမ်းနယ်မြေ၏သက်တမ်းကို သိပ္ပံပညာရှင်များက ဖော်ထုတ်တွက်ချက်ထားကြောင်း အောက်တိုဘာ ၂၂ ရက်သတင်းများအရ သိရသည်။

လကမ္ဘာပေါ်ရှိ ရှေးအကျဆုံး ဥက္ကာချိုင့်ဝှမ်းမှာ ဆောက်ပိုးလ်အိုက်ကန် ဥက္ကာချိုင့်ဝှမ်းဖြစ်ပြီး လွန်ခဲ့သောနှစ်ပေါင်း ၄ ဒသမ ၃၂ ဘီလီယံနှင့် ၄ ဒသမ ၃၃ ဘီလီယံကြား ပေါ်ထွက်လာခဲ့ခြင်းဖြစ်ကြောင်း ဗြိတိန်နိုင်ငံ မန်ချက်စတာတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ဗြိတိန်သိပ္ပံပညာရှင်များသည် နေ့သင်ဝက်စ်အာဖရိက ၂၉၉၅ ဟူ၍ အမည်ပေးထားသော လကမ္ဘာမှပဲ့ထွက်လာသည့် ဥက္ကာခဲအပိုင်းအစတစ်ခုကို လေ့လာပြီးနောက် ဆောက်ပိုးလ်အိုက်ကန်နယ်မြေ၏သက်တမ်းကို တွက်ချက်ခဲ့ကြခြင်းဖြစ်သည်။

ရှေးယခင်က ဆောက်ပိုးလ်အိုက်ကန်ဥက္ကာချိုင့်ဝှမ်းနယ်မြေသည် လကမ္ဘာပေါ်သို့ ဥက္ကာခဲများ အပြင်းထန်ဆုံး ကျရောက်ချိန်ဖြစ်သော လွန်ခဲ့သည့် နှစ်ပေါင်း ၃ ဒသမ ၈ ဘီလီယံနှင့် ၄ ဒသမ ၂ ဘီလီယံကြား ပေါ်ထွက်ခဲ့သည်ဟု သိပ္ပံပညာရှင်များက ယုံကြည်ခဲ့ကြကြောင်း သိရသည်။



သို့ရာတွင် ဗြိတိန်သိပ္ပံပညာရှင်များ၏ တွက်ချက်မှုအရ ဆောက်ပိုးလ်အိုက်ကန် ဥက္ကာချိုင့်ဝှမ်းနယ်မြေ၏သက်တမ်းမှာ မူလတွေးထင်ခဲ့ကြသည်ထက် နှစ်ပေါင်း သန်း ၁၃၀ ပိုစောကြောင်း သိရသည်။

ဆောက်ပိုးလ်အိုက်ကန်ဥက္ကာချိုင့်ဝှမ်းနယ်မြေသည် လကမ္ဘာပေါ်တွင် အရွယ်အစားအကြီးမားဆုံးဖြစ်ပြီး အချင်း မိုင် ၁၂၅၀ ထိရှိကြောင်း သိရသည်။


Ref : Sputnik News

Trs : KKO

## ဘီးတဲလ်ဂျုစ်ကြယ်ကြီး၌ အခြံအရံကြယ်တစ်စင်းရှိနေနိုင်

**ဝါရှင်တန် အောက်တိုဘာ ၂၃**

ဘီးတဲလ်ဂျုစ်အမည်ရှိ ကြယ်ကြီး၌ အခြံအရံကြယ်တစ်စင်းရှိနေနိုင်ကြောင်း အမေရိကန် နက္ခတ္တရူပဗေဒပညာရှင်များက အောက်တိုဘာ ၂၂ ရက်တွင် ပြောကြားသည်။



ဘီးတဲလ်ဂျုစ်ကြယ်သည် ကမ္ဘာမြေ၏ ညကောင်းကင်အတွက် အလင်းအားအကောင်းဆုံးကြယ်တစ်စင်းဖြစ်ပြီး ကမ္ဘာမြေနှင့် အလင်းနှစ် ၆၄၂ နှစ်အကွာတွင် တည်ရှိသော ကြယ်ကြီးတစ်စင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် ဘီးတဲလ်ဂျုစ်ကြယ်၏ အလင်းအားမှာ ထူးဆန်းစွာ ကျဆင်းသွားတတ်ပြီး နောက်ပိုင်းတွင် အလင်းအားပြန်တက်လာတတ်ရာ သိပ္ပံပညာရှင်များ အထူးစိတ်ဝင်စားသောကိစ္စဖြစ်ခဲ့ရသည်။

အမေရိကန်သိပ္ပံပညာရှင်များ၏ ကွန်ပျူတာစံပြပုံစံဖန်တီးလေ့လာမှုများအရ ဘီးတဲလ်ဂျုစ်ကြယ်၏အလင်းအား ပုံမှန်မဟုတ်ဘဲ ပြောင်းလဲတတ်မှု၏ နောက်ခံအကြောင်းတရားမှာ အခြားအခြံအရံကြယ်တစ်စင်းရှိနေမှုဖြစ်နိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဘီးတဲလ်ဂျုစ်ကြယ်၏အလင်းအားသည် ၎င်းကို ဗဟိုပြုလှည့်ပတ်နေသော အခြံအရံကြယ်တစ်စင်းကြောင့် အချိန်မှန်အတက်အကျရှိနေရခြင်းဖြစ်နိုင်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# HEALTH

## ရှားပါးသည့်မျိုးဥအိမ်ကင်ဆာရောဂါအတွက် ဆေးနှစ်မျိုးပေါင်းကုထုံးသစ်တစ်မျိုးစမ်းသပ်နေ

**လန်ဒန် အောက်တိုဘာ ၂၃**

ရှားပါးသည့် မျိုးဥအိမ်ကင်ဆာရောဂါအတွက် ဆေးနှစ်မျိုးပေါင်းကုထုံးသစ်တစ်မျိုးကို ဗြိတိန်နိုင်ငံ ကင်ဆာသုတေသနအင်စတီကျုမှ သုတေသနပညာရှင်များက လက်တွေ့စမ်းသပ်မှုများ ပြုလုပ်နေကြောင်း အောက်တိုဘာ ၂၂ ရက် သတင်းများအရ သိရသည်။

လက်တွေ့စမ်းသပ်မှုများမှ ပေါ်ထွက်လာသည့် ရလဒ်များအရ အထက်ပါဆေးနှစ်မျိုးပေါင်းကုထုံးသစ်သည် မျိုးဥအိမ်ကင်ဆာဆဲလ်များ၏ အရွယ်အစားကို လျှော့ချပေးနိုင်ကြောင်း သိရသည်။

ဗြိတိန်သုတေသန ပညာရှင်များသည် Avutometinibနှင့် Defactinib အမည်ရှိ ဆေးနှစ်မျိုးပေါင်းစပ်ထားသော ကုထုံးဖြင့် Low grade serous ovarian cancer ခေါ် မျိုးဥအိမ်ကင်ဆာရောဂါတစ်မျိုး ခံစားနေရသည့် အမျိုးသမီးများကို လက်တွေ့ကုသခဲ့ကြသည်။

Low grade serous ovarian cancer မျိုးဥအိမ်ကင်ဆာသည် ဓာတုကုထုံးများကို တုံ့ပြန်မှုမရှိသည့် ရှားပါးမျိုးဥအိမ်ကင်ဆာရောဂါပုံစံဖြစ်သည်။

သို့ရာတွင် Avutometinib နှင့် Defactinib ဆေးနှစ်မျိုးပေါင်းကုထုံးဖြင့် ကုသမှုခံယူထားသူလူနာအမျိုးသမီးများအနက် ၃၁ ရာခိုင်နှုန်းတို့တွင် ကင်ဆာဆဲလ်များကြီးထွားမှုရပ်တန့်သွားခြင်း၊ အရွယ်အစားကျုံ့ဝင်သွားခြင်းများ ရှိလာကြောင်း ဗြိတိန်သုတေသနပညာရှင်များက ပြောကြားသည်။

Ref : Russia Today

Trs : KKO

## အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများကြောင့် အူမကြီးရောင်ရမ်းမှုရောဂါဟောင်းပြန်ပေါ်လာနိုင်

**ဂျေရုဆလင် အောက်တိုဘာ ၂၃**

အလွန်အကျွံပြုပြင်စီရင်ထားသည့် အစားအစာများကြောင့် Crohn's disease ခေါ် အူမကြီးရောင်ရမ်းမှုရောဂါဟောင်း ပြန်ပေါ်လာနိုင်ကြောင်း သုတေသနပညာရှင်များက အောက်တိုဘာ ၂၂ ရက်တွင် ပြောကြားသည်။

ကျန်းမာရေးနှင့်မညီညွတ်သည့် အစားအသောက်များသည် Crohn's disease အူမကြီးရောင်ရမ်းမှုရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားမှုနှင့် ဆက်စပ်နေကြောင်း ယခင်ကပင် သိထားခဲ့ကြပြီးဖြစ်သည်။

သို့ရာတွင် အစ္စရေးသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ အလွန်အကျွံပြုပြင်စီရင်ထားသည့်အစားအစာများကြောင့် အထက်ပါ အူမကြီးရောင်ရမ်းမှုရောဂါဖြစ်ခဲ့ဖူးသူများတွင် ရောဂါတစ်ကျော့ပြန် ပေါ်လာနိုင်ခြေ ပုံမှန်ထက် သုံးဆထိမြင့်တက်လာနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အလွန်အကျွံပြုပြင်စီရင်ထားသည့်အစားအသောက်များကြောင့် အူမကြီးရောင်ရမ်းမှုပြဿနာကို ဆေးဝါးဖြင့် ထိန်းချုပ်ထားချိန်မှာပင် ရောဂါတစ်ကျော့ပြန်ပေါ်နိုင်ခြေ မြင့်မားနေတတ်သည်ကို တွေ့ရကြောင်း အစ္စရေးသုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

အစ္စရေးသုတေသနပညာရှင်များသည် Crohn's disease ရောဂါလူနာ ဦးရေ ၁၀၀ တို့ကို တစ်နှစ်ကြာ စောင့်ကြည့်လေ့လာခဲ့ပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO





# နိုင်ငံတကာ အားကစားသတင်းများ

## ၁၉၈၂ ခုနှစ်နောက်ပိုင်း ဥရောပပြိုင်ပွဲတွင် အေဗီလာအသင်း ပထမဆုံးအကြိမ် ရာနှုန်းပြည့်နိုင်ပွဲရရှိ



**လန်ဒန် အောက်တိုဘာ ၂၃**

အေဗီလာ အသင်းသည် ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ်ကစားခဲ့သည့် ဘိုလော့ဂ်နာအသင်းနှင့် အိမ်ကွင်းပွဲစဉ်တွင် နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီးနောက် အုပ်စုသုံးပွဲစလုံး နိုင်ပွဲရခဲ့သောကြောင့် ၁၉၈၂ ခုနှစ်နောက်ပိုင်း ဥရောပပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ရာနှုန်းပြည့် နိုင်ပွဲရခဲ့ကြောင်း သိရသည်။

အေဗီလာအသင်းသည် ချန်ပီယံလိဂ်ဟု အမည်မပြောင်းလဲခင်က ဥရောပဖလားအဖြစ် ပါဝင်ကစားခဲ့ပြီး ၁၉၈၂ ခုနှစ်တွင် ရာနှုန်းပြည့်နိုင်ပွဲရယူ၍ ဆုဖလားရရှိခဲ့သော်လည်း ၁၉၈၃ ခုနှစ် ဥရောပပြိုင်ပွဲတွင် ပါဝင်ကစားခဲ့ပြီးနောက် ချန်ပီယံလိဂ်ဝင်ခွင့် မရရှိတော့ဘဲ ယခုနှစ်မှ ပထမဆုံးပြန်လည်ကစားခွင့်ရရှိခဲ့ရာ အုပ်စုပွဲစဉ် သုံးပွဲစလုံး နိုင်ပွဲရခဲ့သဖြင့် ရာနှုန်းပြည့်နိုင်ပွဲဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

အေဗီလာအသင်းသည် အုပ်စုအဖွင့်ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းကို အိမ်ကွင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ဒုတိယပွဲတွင် ယန်းဘွိုင်းအသင်းကို သုံးဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ ယခုပွဲစဉ်တွင် ဘိုလော့ဂ်နာအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း ပေးဂိုးမရှိ နိုင်ပွဲရခဲ့သောကြောင့် နှစ်ပေါင်း ၄၀ ကျော်အကြာမှ ရာနှုန်းပြည့် နိုင်ပွဲပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

လက်ရှိ ချန်ပီယံလိဂ်အမှတ်ပေးဇယားတွင် အေဗီလာအသင်းက ရမှတ်ကိုးမှတ်ဖြင့် အဆင့်(၁)၊ မိုနာကိုအသင်းက ခုနစ်မှတ်ဖြင့် အဆင့်(၂)၊ စပို့တင်းအသင်းက ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အဆင့်(၃)၊ အာဆင်နယ်အသင်းက ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အဆင့်(၄)၊ ဒေါ့မွန်အသင်းက ရမှတ်ခြောက်မှတ်ဖြင့် အဆင့်(၅)၊ ဘရက်စ်အသင်းက ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အဆင့်(၆)၊ ဘင်ဖီကာအသင်းက ရမှတ်တူ ဂိုးကွာခြားချက်ဖြင့်အဆင့်(၇)၊လေဗာကူဆင်အသင်းက ရမှတ်တူ ဂိုးကွာခြားချက်ဖြင့် အဆင့်(၈) တွင် ရပ်တည်နေကြောင်း သိရသည်။

**Ref : Daily Mail**
**Trs : ML**

## Toray Pan Pacific Open ပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ ဖာနန်ဒက်ဇ် တက်ရောက်

**အိုဆာကာ အောက်တိုဘာ ၂၃**

ဂျပန်နိုင်ငံ အိုဆာကာမြို့တွင် ကျင်းပနေသည့် Toray Pan Pacific Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်တွင် ကနေဒါ တင်းနစ်မယ် ဖာနန်ဒက်ဇ်က ပြင်သစ်တင်းနစ်မယ် ဂရာချီဗာနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဖာနန်ဒက်ဇ်က (၆-၀၊ ၃-၆၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ် အဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

ဖာနန်ဒက်ဇ်သည် မိုလ်စွဲရန် ရေပန်းစားနေသည့် ကစားသမား စာရင်းဝင်တစ်ဦးဖြစ်သလို ပထမအဆင့်တွင်လည်း နာမည်ကြီး တင်းနစ်မယ် ဆက်နိုဗစ်ကို အနိုင်ရရှိကာ ဒုတိယအဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

အသက် ၂၂ နှစ်အရွယ် ဖာနန်ဒက်ဇ်သည် ပထမပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ဂရာချီဗာက ပြတ်သားသည့် ရလဒ်ဖြင့် ပြန်လည်အနိုင်ရခဲ့ပြီး အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်အား ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ tie-break အဆင့်ထိ ကစားခဲ့ရပြီးမှ ဖာနန်ဒက်ဇ်က အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဖာနန်ဒက်ဇ်က "နှစ်ပွဲဆက်တိုက် ရလဒ်ကောင်းနဲ့အနိုင်ရခဲ့လို့ ဝမ်းသာဂုဏ်ယူပါတယ်။ ပထမအဆင့်မှာတုန်းကတော့ အထနှေးနေခဲ့လို့ ရှုံးနိမ့်ခဲ့ပြီး ဖိအားများခဲ့တယ်။ ဒါပေမဲ့လဲ အကောင်းဆုံး ပြန်လာနိုင်ခဲ့ပြီးတော့ ဒုတိယအဆင့်ကို တက်ရောက်ခွင့်ရခဲ့တယ်။ ဒုတိယအဆင့်မှာတော့ ပထမပွဲငယ်မှာ တော်တော်လေးကောင်းအောင် ကစားနိုင်ခဲ့တယ်။ ပြိုင်ဘက်ကို လုံးဝအခွင့်အရေးမပေးဘဲ ကစားနိုင်ခဲ့တယ်။ ဒါပေမဲ့လဲ ဒုတိယပွဲငယ်မှာတော့ အမှားအယွင်းတွေရှိခဲ့တဲ့အတွက်ကြောင့် ရှုံးနိမ့်ခဲ့ရတယ်။ တတိယပွဲငယ်မှာ အမှားတွေအမြန်ဆုံးပြင်ဆင်နိုင်ခဲ့တဲ့အတွက် ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်ခွင့်ရခဲ့တာဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်းသိရသည်။

**Ref : RT**
**Trs : AZL**



## ခံစစ်ကစားသမား ကာလာဖီအိုရီ လီဗာပူးနှင့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း အာဆင်နယ်ထုတ်ပြန်

**လန်ဒန် အောက်တိုဘာ ၂၃**

အာဆင်နယ် အသင်းက ရှက်တာဒိုးနက်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ခံစစ်ကစားသမား ကာလာဖီအိုရီ ဒဏ်ရာရရှိခဲ့သောကြောင့် အောက်တိုဘာ ၂၇ ရက်တွင်ကစားရမည့် လီဗာပူးအသင်းနှင့် အမှတ်ပေးပွဲစဉ်တွင် ပါဝင်နိုင်မည်မဟုတ်ကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ပြန်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် အာဆင်နယ်အသင်းသည် ပထမပိုင်း ပွဲကစားချိန် ၂၉ မိနစ်အရောက်တွင် တိုက်စစ်မှူး မာတင်နယ်လီ၏ ကန်သွင်းချက်မှ ရှက်တာဒိုးနက်ဂိုးသမား ဒီမိုင်ဒရိုက ကိုယ့်ဂိုးကိုယ်သွင်းယူခဲ့သဖြင့် ဦးဆောင်ဂိုးရရှိခဲ့ပြီး ဒုတိယပိုင်းတွင် လူစားလဲမှုများပြုလုပ်ကာ ဦးဆောင်ဂိုးများရရှိရန် ကြိုးပမ်းခဲ့သော်လည်း ပွဲကစားချိန် ၇၇ မိနစ်အရောက်တွင် ခံစစ်ကစားသမား ကာလာဖီအိုရီသည် ဒူးဒဏ်ရာရရှိခဲ့မှုကြောင့် အသင်းဖော်ကစားသမား လီဝစ်စကယ်လီနှင့် လူစားလဲထွက်ခွာခဲ့ရသည်။

အာဆင်နယ် အသင်းသည် ဘုန်းမောက်အသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် ရှုံးခဲ့သည့်ပွဲစဉ်က တိုက်စစ်မှူး ဆာကာနှင့် အိုဒီဂတ်တို့ကို လက်လွှတ်ခဲ့ရသည့်အပြင် အဆိုပါပွဲစဉ်တွင် ခံစစ်ကစားသမား ဆာလီဘာ အနီကတ်ပြစ်ဒဏ်ကြောင့် ကစားသမား ၁၀ ယောက်ဖြင့် ကစားခဲ့ရပြီးနောက် ယခုအခါ ခံစစ်ကစားသမား ကာလာဖီအိုရီ ဒဏ်ရာထပ်မံရရှိခဲ့သဖြင့် လာမည့် လီဗာပူးအသင်းနှင့်ပွဲစဉ်တွင် ဒဏ်ရာရကစားသမား များပြားနေမှုကို စိုးရိမ်လျက်ရှိသည်။

ကာလာဖီအိုရီသည် ပြိုင်ဘက်ကစားသမားနှင့် ထိခိုက်မှုအပြီးတွင် ကွင်းအတွင်း လဲကျသွားသောကြောင့် လိုအပ်သည့် ကုသမှုများပြုလုပ်ခဲ့ရကာ လူစားလဲမှုပြုလုပ်ခဲ့ရသဖြင့် ဒူးဒဏ်ရာအခြေအနေမှာ လီဗာပူးအသင်းနှင့်ပွဲစဉ်ကိုပါဝင်နိုင်မည်မဟုတ်ဘဲမည်သည့်ကာလထိ အနားယူရမည်ကို မသိရသေးဟု နည်းပြအာတီတာက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Sky Sports**
**Trs : ML**

## နိုင်ငံတကာခြေစမ်းပွဲစဉ်တွင် မြန်မာအမျိုးသမီးအသင်းက ဟောင်ကောင်အမျိုးသမီးအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိ


**ရန်ကုန် အောက်တိုဘာ ၂၃**

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) အသိအမှတ်ပြု နိုင်ငံတကာခြေစမ်းပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် မြန်မာအမျိုးသမီးအသင်းနှင့် ဟောင်ကောင်အမျိုးသမီးအသင်းတို့ ကစားခဲ့ရာ မြန်မာအမျိုးသမီး အသင်းက လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီး အသင်းက မြမြင့်မိုရ်၊ ယုယုနိုင်၊ ဖြူဖြူဝင်း၊ ဝင်းသိင်္ဂီထွန်း၊ စန်းသော်သော်၊ ခင်မိုမိုထွန်း၊ ခင်မာလာထွန်း၊ ရှုပါခိုင်၊ ယွန်းဝတီလှိုင်၊ မျိုးမြမြငြိမ်း၊ ရွှေရည်ထွန်း အစရှိသည့်ကစားသမားအစုံအလင်ဖြင့် ပွဲထွက်လာခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက အပြန်အလှန်ဖိအားပေးမှုများ ရှိခဲ့ပြီး ပွဲချိန် ၁၀ မိနစ်တွင် Lai Mae Halasan Tsang က ဟောင်ကောင်အမျိုးသမီး အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် ၃၉ မိနစ်တွင် အသင်းခေါင်းဆောင် ခင်မာလာထွန်းက မြန်မာအမျိုးသမီးအသင်းအတွက် ချေပဂိုး သွင်းယူနိုင်ခဲ့သောကြောင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မြန်မာအမျိုးသမီးအသင်းက ပိုမိုဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၅၂ မိနစ်တွင် စန်းသော်သော်ကလည်းကောင်း၊ ပွဲချိန် ၇၈ မိနစ်တွင် ရွှေရည်ထွန်းကလည်းကောင်း၊ ပွဲချိန် ၉၁ မိနစ်တွင် ဝင်းသိင်္ဂီထွန်းကလည်းကောင်း မြန်မာအမျိုးသမီး အသင်းအတွက် ဦးဆောင်ဂိုးများ အသီးသီး သွင်းယူပေးနိုင်ခဲ့သောကြောင့် ပွဲပြီးဆုံးချိန်တွင် မြန်မာအမျိုးသမီးအသင်းက ဟောင်ကောင်အမျိုးသမီးအသင်းကို လေးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။



**STA**

### အားကစားသတင်းအတိုအထွာများ

- ❑ အာဆင်နယ်အသင်းက ဒဏ်ရာမကြာခဏရရှိနေသည့် တောင်ပံကစားသမား ဆာကာ၏နေရာတွင် ဘရန့်ဖို့ဒ်အသင်းတွင် ခြေစွမ်းပြနေသည့် တိုက်စစ်မှူး မီအူမိုနှင့် အစားထိုးရန် ပစ်မှတ်ထားနေကြောင်း သိရသည်။
- ❑ နည်းပြအလွန်ဆိုအနေဖြင့် လေဗာကူဆင်အသင်းမှ ထွက်ခွာပါက ရီးရဲလ်မက်ဒရစ်အသင်းနှင့် မန်စီးတီးအသင်းတို့က ခေါ်ယူရန် အပြိုင်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း သိရသည်။
- ❑ ဒေါ့မွန်အသင်းကိုအနိုင်ရခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဒဏ်ရာရရှိခဲ့သည့် ဂိုးသမား ကော့တွိုက်နှင့် တိုက်စစ်မှူး ရိုဒရီဂိုတို့အနေဖြင့် ဘာစီလိုနာအသင်းနှင့်ပွဲစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။
- ❑ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီတွင် နည်းပြတန်ဟတ်၏နေရာ၌ အစားထိုးတာဝန်ယူရန် နည်းပြ အင်ဇာဂီ မန်ယူအသင်းနှင့် သဘောတူခဲ့ကြောင်း သိရသည်။

**ML**

# နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲတွင် မြဝတီအက်ဖ်စီအသင်း၊ ဒဂုံစတားအသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲရရှိ



ရန်ကုန် အောက်တိုဘာ ၂၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၀)ပွဲစဉ်များကို ယနေ့ညနေပိုင်းက ရန်ကုန်မြို့တွင်ကျင်းပခဲ့ရာ မြဝတီအက်ဖ်စီအသင်း၊ ဒဂုံစတားအသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

နေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၂၀) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ စလင်းအားကစားကွင်း၌ ရတနာပုံအက်ဖ်စီအသင်းနှင့် မြဝတီအက်ဖ်စီအသင်းတို့ ကစားခဲ့ရာ မြဝတီအက်ဖ်စီအသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး မြဝတီအက်ဖ်စီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၂၁ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ကျော်လင်းစိုး၊ ပွဲချိန် ၄၇ မိနစ်တွင် သော်ဇဏ္ဍာစျာန်တို့က သွင်းယူပေးခဲ့ပြီး ရတနာပုံအက်ဖ်စီအသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၁၆ မိနစ်တွင် ခွန်မြင့်ဆွေက သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီက ပဒုမ္မာအားကစားကွင်းတွင် ဒဂုံပွေါ့အသင်းနှင့် ISPE အသင်းတို့ ကစားခဲ့ရာ ISPE အသင်းက လေးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် မိနစ် ၄၀ တွင် ကောင်းခန့်ကျော်၊ ပွဲချိန် မိနစ် ၅၀ နှင့် မိနစ် ၉၀ တို့တွင် မာတီးနိုး၊ ပွဲချိန် မိနစ် ၆၀ တွင် မင်းကိုခန့်တို့က သွင်းယူပေးနိုင်ခဲ့သည်။

ဆက်လက်ပြီး ညနေ ၃ နာရီက တက္ကသိုလ် အားကစားကွင်းတွင် ဒဂုံစတားအသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ဒဂုံစတားအသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဒဂုံစတားအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၅၃ မိနစ်တွင် မင်းခန့်ကျော်နှင့် ပွဲချိန် ၇၆ မိနစ်တွင် စောအာကာလှူးတို့က သွင်းယူပေးခဲ့ပြီး ဟံသာဝတီယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၇၉ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ကောင်းမြတ်အောင်က သွင်းယူပေးနိုင်ခဲ့ကြောင်း သိရသည်။

STA

# Maybank Championship ပြိုင်ပွဲ၌ ဂျင်ယန်းကို ပါဝင်ယှဉ်ပြိုင်မည်

ကွာလာလမ်ပူ အောက်တိုဘာ ၂၃

ကမ္ဘာ့အဆင့်(၁) နေရာတွင် ကာလရှည် ရပ်တည်ခဲ့ဖူးသည့် တောင်ကိုရီးယား ဂေါက်သီးရိုက်မယ် ဂျင်ယန်းကိုက မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ကျင်းပသွားမည့် Maybank Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဂျင်ယန်းကိုသည် ပခုံးဒဏ်ရာကြောင့် အနားယူနေရသူဖြစ်ပြီး ဒဏ်ရာမှ ပြန်လည်သက်သာလာခဲ့ပြီးနောက် LPGA Tour တွင် ပါဝင်ယှဉ်ပြိုင်သွားရန် ဆုံးဖြတ်ခဲ့ခြင်းလည်းဖြစ်သည်။

ဂျင်ယန်းကိုသည် လက်ရှိ ကမ္ဘာ့အဆင့်(၆) နေရာတွင်ရပ်တည်နေပြီး လက်ကျန် LPGA Tour ပြိုင်ပွဲများတွင် ချန်ပီယံဆုဖလားများအား ဆွတ်ခူးနိုင်ခဲ့ပါက ကမ္ဘာ့အဆင့်(၃)အတွင်း ပြန်လည်ဝင်ရောက်နိုင်မည်လည်းဖြစ်သည်။

ဂျင်ယန်းကို ပြိုင်ပွဲဝင်မည်ဖြစ်ကြောင်း အသိပေးလာခဲ့ကြောင်းကို Maybank Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးကော်မတီကလည်း အတည်ပြုထုတ်ပြန်ခဲ့သည်။

Maybank Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးကော်မတီမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက "ဂျင်ယန်းကိုဟာ May-bank Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ ပါဝင်ယှဉ်ပြိုင်သွားမယ်လို့ အသိပေးလာပါတယ်။ ဂျင်ယန်းကိုအနေနဲ့ ပခုံးဒဏ်ရာပြဿနာကြောင့် နှစ်လလောက် အနားယူခဲ့ရပြီး ဒဏ်ရာကနေ ပြန်လည် သက်သာလာပြီးတော့ ပထမဆုံးအကြိမ် ပြိုင်ပွဲဝင်တာဖြစ်ပါတယ်။ ဂျင်ယန်းကို ဒဏ်ရာကနေ ပြန်လည်သက်သာလာခဲ့ပြီး နောက်ပိုင်း ပထမဆုံးသော ဝင်ရောက်ယှဉ်ပြိုင်တဲ့ ပြိုင်ပွဲက Maybank Championship ဂေါက်သီးရိုက်ပြိုင်ပွဲ ဖြစ်ခဲ့တဲ့အတွက် ဝမ်းသာဂုဏ်ယူပါတယ်။ ဂျင်ယန်းကိုက ဆယ်စုနှစ်တစ်စုအတွင်း အမျိုးသမီးဂေါက်သီးရိုက် လောကမှာ အကောင်းဆုံး ကစားသမားစာရင်းဝင် တစ်ယောက်ဖြစ်သလို အားပေးသူ ပရိသတ်များတဲ့ ကစားသမား တစ်ယောက်လဲဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL



# IBO လိုက်ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံအား စိန်ခေါ်ထိုးသတ်ခွင့်ပြုရန် အာဒမ်အာဇဗ်မ် တောင်းဆို

လန်ဒန် အောက်တိုဘာ ၂၃

European လိုက်ဝယ်သာဝိတ်တန်းချန်ပီယံ အင်္ဂလန်လက်ဝှေ့သမား အာဒမ်အာဇဗ်မ်က IBO လိုက်ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံအား စိန်ခေါ်ထိုးသတ်ခွင့်ပြုရန် IBO ထံသို့ တောင်းဆိုလိုက်ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အာဒမ်အာဇဗ်မ်သည် Euro-pean လိုက်ဝယ်သာဝိတ်တန်း ချန်ပီယံခါးပတ်ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် ဆွတ်ခူးခဲ့ပြီးနောက် ယခုနှစ် အောက်တိုဘာ ၁၉ ရက်တွင် လက်ရှိချန်ပီယံဆုကို အောင်မြင်စွာ ကာကွယ်ထိုးသတ်နိုင်ခဲ့သည်။

၎င်းအနေဖြင့် ကမ္ဘာ့ချန်ပီယံကိုစိန်ခေါ်ထိုးသတ်ရန် လုံလောက်သောစွမ်းဆောင်ရည် ပြသခဲ့ပြီးဖြစ်သည့်အတွက် IBO အနေဖြင့် ၎င်းအား ကမ္ဘာ့ချန်ပီယံဖြစ်သူ ကာဇက်စတန် လက်ဝှေ့သမား တူရာရှ်ဖ်နှင့် ထိုးသတ်ခွင့်ပြုသင့်ကြောင်း အာဒမ်အာဇဗ်မ်က ပြောကြားခဲ့သည်။

အာဒမ်အာဇဗ်မ်သည် အသက် ၂၂ နှစ်အရွယ်သာ ရှိသေးသော်လည်း စိန်ခေါ်ပွဲ ၁၂ ပွဲထိထိုးသတ်ထားပြီးဖြစ်သလို ရှုံးပွဲမရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

အာဒမ်အာဇဗ်မ်က "လိုက်ဝယ်သာဝိတ်တန်းမှာ ကျွန်တော့်အနေနဲ့ အောင်မြင်မှုရရှိထားပြီးဖြစ်တယ်။ အသက် ၂၂ နှစ်အရွယ်မှာ စိန်ခေါ်ပွဲပေါင်း ၁၂ ပွဲအထိ ထိုးသတ်ထားတဲ့ လူငယ်တစ်ယောက်ကို ကမ္ဘာ့ချန်ပီယံအတွက် အခွင့်အရေးပေးသင့်ပြီလို့ ထင်ပါတယ်။ ကျွန်တော့်အနေနဲ့ လုံလောက်တဲ့စွမ်းဆောင်ရည်တွေလဲ ပြသထားပြီးဖြစ်တဲ့အတွက်ကြောင့် IBO အနေနဲ့ လက်ရှိ လိုက်ဝယ်သာဝိတ်တန်း ကမ္ဘာ့ချန်ပီယံနဲ့ အမြန်ဆုံးထိုးသတ်ခွင့်ပြုသင့်ပါပြီ။ ကမ္ဘာ့ချန်ပီယံတစ်ယောက် ဖြစ်ခွင့်ရဖို့ဆိုတာ ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားတိုင်းရဲ့ အိပ်မက်ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့အိပ်မက်ကို အမြန်ဆုံးအကောင်အထည်ဖော်ခွင့် ရချင်တယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ ပွဲစဉ်(၆)ပွဲစဉ်များ ဆက်လက်ကျင်းပ

မန္တလေး အောက်တိုဘာ ၂၃

မန္တလေးတိုင်းဒေသကြီး ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိသည့် AYA Bank Mandalar Futsal League 2024 ပြိုင်ပွဲ ပွဲစဉ်(၆) ပွဲစဉ်များကို ယနေ့နံနက် ၈ နာရီမှစတင်ပြီး မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းရှိ ဘက်စုံသုံးအားကစားရုံ၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

Mandalar Futsal League 2024 ပြိုင်ပွဲ ပွဲစဉ်(၆) ပွဲစဉ်များအဖြစ် နံနက် ၈ နာရီတွင် TG United အသင်းနှင့် KH အသင်းတို့ကစားခဲ့ရာTG United အသင်းက ရှစ်ဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၉ နာရီ ၄၅ မိနစ်တွင် AKS အသင်းနှင့် Arr Man အသင်းတို့ကစားခဲ့ရာ AKS အသင်းက ငါးဂိုး နှစ်ဂိုးဖြင့်လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် Pyae Sone အသင်းနှင့်MNN အသင်းတို့ကစားခဲ့ရာ Pyae Sone အသင်းက ၁၁ ဂိုး သုံးဂိုးဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

ဆက်လက်ပြီး မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် Mogyo အသင်းနှင့် 135 Family အသင်းတို့ကစားခဲ့ရာ 135 Family အသင်းက ကိုးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ညနေ ၃ နာရီတွင် BTB အသင်းနှင့် Black Wolves အသင်းတို့ကစားခဲ့ရာ Black Wolves အသင်းက ခြောက်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြကြောင်း သိရသည်။

STA

# တိုက်စစ်မှူး ဗင်နီစီးယက်စ် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပထမဆုံး ဟက်ထရစ်ဂိုးသွင်းယူ



မက်ဒရစ် အောက်တိုဘာ ၂၃

ချန်ပီယံလိဂ်ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ရီးရဲလ်မက်ဒရစ်အသင်းနှင့် ဒေါ့မွန်အသင်းတို့ ကစားခဲ့ရာ တိုက်စစ်မှူး ဗင်နီစီးယက်စ်က အသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူ၍ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပထမဆုံး ဟက်ထရစ်ဂိုးရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရီးရဲလ်မက်ဒရစ်အသင်းက ဒေါ့မွန်အသင်းကို ငါးဂိုး နှစ်ဂိုးဖြင့် အနိုင်ရခဲ့သော်လည်း ပထမပိုင်းပွဲကစားချိန် မိနစ် ၃၀ နှင့် ၃၄ မိနစ်တို့တွင် ဒေါ့မွန်အသင်းက ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် ကစားအားမြှင့်တင်လာသည့် ရီးရဲလ်မက်ဒရစ်က ပွဲချိန် မိနစ် ၆၀ တွင် ရူဒီဂါ၊ ပွဲချိန် ၆၂ မိနစ်၊ ၈၆ မိနစ်၊ မိနစ် ၉၀ တို့တွင် ဗင်နီစီးယက်စ်နှင့် ပွဲချိန် ၈၃ မိနစ်တွင် ဗက်ကွက်ဇ်တို့၏ သွင်းဂိုးများဖြင့် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

တိုက်စစ်မှူး ဗင်နီစီးယက်စ်သည် ပြီးခဲ့သည့် ဘောလုံးရာသီက စပိန်စူပါဖလားအဖြစ် ကစားခဲ့သည့် ဘာစီလိုနာအသင်းနှင့်ပွဲစဉ်တွင် အသင်းအတွက် ပထမဆုံး ဟက်ထရစ်ဂိုး သွင်းယူနိုင်ခဲ့ပြီးနောက် ဟက်ထရစ်ဂိုးမရရှိတော့ဘဲ ယခုချန်ပီယံလိဂ်ပြိုင်ပွဲတွင် ဒေါ့မွန်အသင်းကို ဟက်ထရစ်သွင်းယူခဲ့သောကြောင့် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပထမဆုံး ဟက်ထရစ်ဂိုးရရှိခဲ့ပြီး ကစားသမားဘဝတွင် ဒုတိယအကြိမ် ဟက်ထရစ်သွင်းယူနိုင်ခဲ့ကြောင်း သိရသည်။

Ref : ESPN

Trs : ML

# လူသားများ၏အကျိုးအမှန်တကယ်သယ်ပိုးနိုင်သောအဖွဲ့စည်းကြီး ဖြစ်စေလို

မောင်သောင်းဝင်း(တမန်ဟောင်း)

နှစ်စဉ် အောက်တိုဘာ ၂၄ ရက်နေ့သည် ကမ္ဘာ့ကုလသမဂ္ဂနေ့(The United Nations Day)ပင်ဖြစ်သည်။ ၁၉၄၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်နေ့ကတည်းက စတင်ကျင်းပလာခဲ့ရာ ၂၀၂၄ ခုနှစ် အောက်တိုဘာ ၂၄ ရက်နေ့တွင် ၇၉ နှစ်ပြည့်မြောက်မည်ဖြစ်သည်။ ကုလသမဂ္ဂအဖွဲ့ကြီးသည် လွန်ခဲ့သော ၇၉ နှစ်တာကာလအတွင်း ဤကမ္ဘာမြေကြီး ငြိမ်းချမ်းရေးနှင့် ကမ္ဘာ့လူသားများအကျိုးအတွက် မြားမြောင်လှသောတာဝန်များကို မမောမပန်းထမ်းဆောင်ခဲ့ပြီးဖြစ်သည်။ ယခုပစ္စုပ္ပန်အချိန်တွင်လည်း ထမ်းဆောင်လျက်ရှိသလို အနာဂတ်တွင်လည်း လက်တွေ့ကျကျ ဆက်လက်ထမ်းဆောင်သွားနိုင်မည်ဟု ယုံကြည်မိသည်။

**စတင်ဖွဲ့စည်း**

ကမ္ဘာ့နိုင်ငံများကြား အငြင်းပွားမှုများ၊ ပဋိပက္ခများ၊ ကျူးကျော်ရန်စမှုများ၊ နိုင်ထက်စီးနင်းပြုမှုများ၊ ဥပဒေမဲ့လုပ်ရပ်များစသည့် မြားမြောင်သောနယ်ပယ်များကို ညှိနှိုင်းဆွေးနွေးတိုင်ပင်အဖြေရှာပြီး တည်ငြိမ်အေးချမ်းမှုကို ဟန်ချက်ညီညီထိန်းညှိနိုင်ရန်အတွက် နိုင်ငံပေါင်းစုံပါဝင်သောအဖွဲ့အစည်းကြီးတစ်ခုကို ၁၉၄၅ ခုနှစ် အောက်တိုဘာ ၂၄ ရက်နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့ကြီးကား အခြားမဟုတ်ချေ။ ကျွန်ုပ်တို့အားလုံးသိရှိထားပြီးဖြစ်သည့် ကမ္ဘာသူ၊ ကမ္ဘာသားများ၏အကျိုးကို ဖော်ဆောင်ပေးနေသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး(The United Nations –UN)ပင်ဖြစ်သည်။

ထိုရည်မှန်းချက်များအပြင် ဒုတိယကမ္ဘာစစ်ပြီးကာလတွင် အလားတူပဋိပက္ခကို တားဆီးနိုင်စေရန်၊ အစိုးရများကြား နိုင်ငံရေးနှင့် စီးပွားရေးအပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန်နှင့် သက်ဝင်လှုပ်ရှားမှုမရှိတော့သည့် နိုင်ငံပေါင်းချုပ်အသင်းကြီး၏နေရာတွင် အစားထားရန်ဆိုသည့်ကောင်းမွန်သောရည်မှန်းချက်များဖြင့်လည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ စတင်ဖွဲ့စည်းစဉ်က အဖွဲ့ဝင် ၅၁ နိုင်ငံသာရှိသော်လည်း လက်ရှိအချိန်တွင် ၁၉၃ နိုင်ငံထိ တိုးတက်လာပြီဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ် ဧပြီ ၁၉ ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်လာခဲ့သည်။

**အဓိကကျသောအစိတ်အပိုင်းများ**

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးတွင် ပါဝင်သည့် အဓိကကျသောအစိတ်အပိုင်းကြီးများမှာ အထွေထွေညီလာခံ၊ လုံခြုံရေးကောင်စီ၊ စီးပွားရေးနှင့်လူမှုရေးကောင်စီ၊ နယ်မြေစောင့်ရှောက်ရေးကောင်စီ (၁၉၉၄ ခုနှစ်တွင် လုပ်ငန်းလည်ပတ်ခြင်းမရှိတော့ပေ)၊ နိုင်ငံတကာတရားရုံးနှင့် UN အတွင်းရေးမှူးချုပ်ရုံးတို့ဖြစ်သည်။ ၎င်းအဖွဲ့အစည်းများကို UN စတင်ဖွဲ့စည်းစဉ်ကတည်းကပင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

UN ရှိအစိတ်အပိုင်းများသည် မတူညီသောမစ်ရှင်များကို ထမ်းဆောင်လျက်ရှိသည်။ UN တွင် အထင်ရှားဆုံးပုဂ္ဂိုလ်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်သည်။ လက်ရှိအတွင်းရေးမှူးချုပ်သည် ပေါ်တူဂီနိုင်ငံသား အန်တိုနီရိုဂူတာရက်စ်ဖြစ်ပြီး ၂၀၁၇ ခုနှစ်ဇန်နဝါရီ ၁ ရက်နေ့မှစတင်ကာ တာဝန်စတင်ထမ်းဆောင်လျက်ရှိသည်။ ထူးခြားချက်အနေဖြင့်UN သည် ၂၀၀၁ ခုနှစ်တွင် နိုဘယ်ငြိမ်းချမ်းရေးဆု (Nobel Peace Prize) ရရှိခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အသင်းကြီး၏ဝန်ထမ်းတချို့နှင့် လက်အောက်ခံအဖွဲ့အစည်းများသည်လည်း နိုဘယ်ငြိမ်းချမ်းရေးဆုများရရှိထားကြသည်။

**စတင်လည်ပတ်**

၁၉၄၅ ခုနှစ် ဧပြီလမှ ဇွန်လထိ ကွန်ဖရင့်တစ်ရပ်ကျင်းပ ၍ ကုလသမဂ္ဂပဋိညာဉ်ကို စတင်ပြုစုခဲ့သည်။




အဆိုပါ ပဋိညာဉ်သည် ၁၉၄၅ ခုနှစ် အောက်တိုဘာ ၂၄ ရက် တွင် စတင်အာဏာသက်ရောက်လာပြီး ကုလသမဂ္ဂ လုပ်ငန်းများ စတင်လည်ပတ်နိုင်ခဲ့သည်။ အသင်းကြီး စတင်ဖွဲ့စည်းပြီးနောက် အစောပိုင်းကာလများတွင် အမေရိကန်နှင့် ဆိုဗီယက်ပြည်ထောင်စုတို့အပြင် ၎င်းတို့၏မဟာမိတ်များကြား စစ်အေးတိုက်ပွဲများကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် သိမ်မွေ့ နက်နဲရှုပ်ထွေးခဲ့ရသည်။

၁၉၆၀ ပြည့်လွှန်နှစ်များတွင် ကိုလိုနီဝါဒ ဆိတ်သုဉ်းပြီးနောက် အသင်းကြီးတွင် အဖွဲ့ဝင်နိုင်ငံများ သိသိသာသာမြင့်တက်လာခဲ့သည်။ ၁၉၇၀ ပြည့်လွှန်နှစ်များ၌ အဖွဲ့အစည်းကြီး၏ ရန်ပုံငွေများကို လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများတွင် သုံးစွဲသည်ထက် ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းများ၌ ပိုမိုသုံးစွဲခဲ့သည်။ ထူးခြားချက်အနေဖြင့် စစ်အေးကာလပြီးနောက် ကမ္ဘာတစ်ဝန်းတွင် အဓိကကျသောစစ်ရေးနှင့် ငြိမ်းချမ်းရေးထိန်းသိမ်းမှုမစ်ရှင်များ ထမ်းဆောင်ခဲ့ရာ အောင်မြင်မှုများစွာရရှိခဲ့သည်။

**ငြိမ်းချမ်းမှုထိန်းသိမ်း**

UN ၏ ထူးခြားသောအခြားတာဝန်တစ်ရပ်သည် ကမ္ဘာ့ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းမှုမစ်ရှင်ဖြစ်သည်။ ငြိမ်းချမ်းမှုထိန်းသိမ်းရေးတပ်ဖွဲ့တွင် စစ်သား၊ ရဲတပ်ဖွဲ့တို့ပြင် အရပ်သားများလည်း ပါဝင်ကြသည်။ လက်ရှိအချိန်တွင် UN သည် တပ်ဖွဲ့ဝင်တစ်သိန်းကျော်ဖြင့် ငြိမ်းချမ်းမှုထိန်းသိမ်းရေးစစ်ဆင်ရေး ၁၆ ခုကို စေလွှတ်တပ်ဖြန့်တာဝန်ပေးထားသည်။ တပ်ဖွဲ့ဝင်များသည် ငြိမ်းချမ်းမှုနှင့်လုံခြုံမှုထိန်းသိမ်းရေးတာဝန်များအပြင် နိုင်ငံရေးလုပ်ငန်းစဉ်၊ ပြုပြင်ပြောင်းလဲမှုဖော်ဆောင်သော တရားစီရင်ရေးစနစ်များ၊ တရားဥပဒေစိုးမိုးရေးနှင့် ရဲတပ်ဖွဲ့ဝင်များကို လေ့ကျင့်သင်ကြားပေးမှု၊ လက်နက်ကိုင်တပ်ဖွဲ့ဝင်ဟောင်းများကို လက်နက်ဖြုတ်သိမ်းခြင်း၊ လူ့အဖွဲ့အစည်းနှင့် ပြန်လည်ပေါင်းစည်းပေးခြင်း၊ အိမ်ခြေရာမဲ့နှင့် ဒုက္ခသည်များကို နေရပ်ပြန်နိုင်ရေးစသည့် တာဝန်များကို ပံ့ပိုးကူညီပေးရသည်။

**ရာသီဥတုပြောင်းလဲမှုလျှော့ချရေး**

လက်ရှိအချိန်တွင် ရာသီဥတုပြောင်းလဲမှုသည် ကမ္ဘာတစ်ဝန်းရှိနိုင်ငံအားလုံးကို ဆိုးကျိုးသက်ရောက်လျက်ရှိသည်။ ပြည်သူများသည် ရာသီဥတုပြောင်းလဲမှုဒဏ်ကို ဆိုးဆိုးရွားရွားခံစားနေရပြီဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင်များ မြင့်တက်လာခြင်း၊ အစွန်းရောက်ရာသီဥတုများဖြစ်ပေါ်လာခြင်းတို့ပြင် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည်လည်း ရာသီဥတုပြောင်းလဲမှုကို ပိုမိုဖြစ်ပေါ်စေသည်။ အချိန်မီအရေးယူဆောင်ရွက်မှုမရှိလျှင် ကမ္ဘာ့အပူချိန်သည် ၂၁ ရာစုတွင် သုံးဒီဂရီဆဲလ်စီးယပ်ထိ မြင့်တက်လာမည်ဖြစ်သည်။ တချို့သောဒေသများသည် ထို့ထက်ပင် အပူချိန်မြင့်မားလာနိုင်သည်။

ရာသီဥတုပြောင်းလဲလာမှုကို ကိုင်တွယ်ဖြေရှင်းရန် ကမ္ဘာ့နိုင်ငံများသည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် Paris Agreement ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။ သဘောတူညီချက်အရ ကမ္ဘာ့နိုင်ငံများသည် အပူချိန်ထုတ်လွှတ်မှုကို လျှော့ချသွားမည်ဖြစ်သည်။ ထိုသဘောတူညီချက်အကောင်အထည်ဖော်နိုင်မှုသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ထောင်စုနှစ်ရည်မှန်းချက်များ အောင်မြင်မှုတစ်စိတ်တစ်ဒေသပင်ဖြစ်သည်။

**စဉ်ဆက်မပြတ်တိုးတက်ရေးမျှော်မှန်း**

UN ၏ ၂၀၃၀ ပြည့်နှစ်မျှော်မှန်းချက်သည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သောကမ္ဘာကြီးအဖြစ် ပြုပြင်ပြောင်းလဲတည်ဆောက်သွားရန်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများသည် ဆင်းရဲမွဲတေမှုအဆုံးသတ်ရေး၊ ကမ္ဘာကြီးကို ကာကွယ်စောင့်ရှောက်ရေးနှင့် လူသားတိုင်း သာယာဝပြောမှု ခိုင်မာသေချာစေရေးအတွက် ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၅ ရက်တွင် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။ လုပ်ငန်းစဉ်တိုင်းတွင် လာမည့် ၁၅ နှစ်အတွင်း အောင်မြင်မှုရရှိအောင် ဆောင်ရွက်မည့်သီးသန့်ရည်မှန်းချက်များပါရှိသည်။ ထိုရည်မှန်းချက်များ အောင်မြင်ရန်အတွက် အဆွေစာရှုသူများအပါအဝင် အစိုးရများ၊ ပုဂ္ဂလိကကဏ္ဍနှင့် လူမှုအဖွဲ့အစည်းများရှိ လူတစ်ဦးချင်းစီသည် ကျရာအခန်းကဏ္ဍကို ကျေပွန်စွာ ပါဝင်ဆောင်ရွက်သွားရန် လိုအပ်ပေသည်။

**ဒုက္ခသည်အရေးအဖြေရှာ**

၂၁ ရာစုတွင် ကမ္ဘာ့နိုင်ငံများခေါင်းခဲနေရသော ပြဿနာသည် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအရေးဖြစ်သည်။ UN သည် ကမ္ဘာတစ်ဝန်းတွင် နေ့စဉ် များပြားလာသောဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများအရေးကို ကိုင်တွယ်ဖြေရှင်းနိုင်ရန် ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ဒုက္ခသည်များနှင့် ရွှေ့ပြောင်းနေထိုင်သူများဆိုင်ရာ ထိပ်သီးညီလာခံကို ကျင်းပခဲ့သည်။ ဒုက္ခသည်များအရေးကို လူသားချင်းစာနာထောက်ထားသော ချဉ်းကပ်မှုမျိုးဖြင့် ကိုင်တွယ်ဖြေရှင်းနိုင်စေရန် ကမ္ဘာ့နိုင်ငံများကို စည်းရုံးကျင်းပခဲ့ခြင်းဖြစ်သည်။

**စစ်ပွဲများရပ်တန့်နိုင်ရေး**

၂၀၂၂ ခုနှစ်ဖေဖော်ဝါရီ ၂၄ ရက်တွင် စတင်ဖြစ်ပွားခဲ့သောယူကရိန်းစစ်ပွဲနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂ၌ မဲခွဲဆုံးဖြတ်မှုများပြုလုပ်ခဲ့ရာ မအောင်မမြင်ဖြစ်ခဲ့သည်။ ထိုအချိန်မှစ၍ ကမ္ဘာတစ်ဝန်းစွမ်းအင်နှင့် ကုန်ဈေးနှုန်းများ တက်လာခဲ့တော့သည်။ ထို့ပြင် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် စတင်ဖြစ်ပွားခဲ့သော အရှေ့အလယ်ပိုင်းစစ်ပွဲအရေးတွင်လည်း ကုလသမဂ္ဂအဖွဲ့ကြီးအနေဖြင့် ထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်ခဲ့ခြင်းမရှိပေ။ အကျိုးဆက်အနေဖြင့် ကလေးငယ်များအပါအဝင် ပြည်သူ ၄၂၀၀၀ ကျော်သေဆုံးခဲ့ရပြီးဖြစ်သည်။ လက်ရှိအချိန်တွင်လည်း အစ္စရေးသည် လက်ဘနွန်ကို ထိုးစစ်ဆင်နွှဲလျက်ရှိသဖြင့် ပြည်သူများ ထိခိုက်သေကျေမှုများပြားလျက်ရှိသည်။ ကုလသမဂ္ဂအနေဖြင့် အမေရိကန်နှင့် အစ္စရေးတို့ကို နားချနိုင်စွမ်းမရှိပေ။ အီရန်ကလည်း လက်တုံ့ပြန်သွားမည်ဟု ကြွေးကြော်လျက်ရှိသဖြင့် တတိယကမ္ဘာစစ်ကြီးဖြစ်လာမည်ကို စိုးရိမ်ပူပန်နေကြရပြီဖြစ်သည်။ လက်ရှိအချိန်တွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကြား အုပ်စုကွဲမှု ဖြစ်လာလျက်ရှိသည်။ ကမ္ဘာ့နိုင်ငံရေးအခင်းအကျင်းသည်လည်း ရုတ်ခြည်းပြောင်းလဲဖြစ်ပေါ်လာလျက်ရှိရာ ကုလသမဂ္ဂတွင် အမေရိကန်တို့၏ လွှမ်းမိုးမှု တဖြည်းဖြည်းမှေးမှိန်လာနေပြီဖြစ်သည်။

**လူသားများ၏အကျိုး အမှန်တကယ် သယ်ပိုးနိုင်သောအဖွဲ့အစည်းကြီး ဖြစ်စေလို**

UN အဖွဲ့ကြီး၏ ရန်ပုံငွေကို အဖွဲ့ဝင်နိုင်ငံများထံမှ အချိုးကျထည့်ဝင်ငွေနှင့် ပံ့ပိုးလှူဒါန်းငွေများဖြင့် ထူထောင်ထားခြင်းဖြစ်သည်။ စတင်ဖွဲ့စည်းချိန်မှစ၍ လက်ရှိအချိန်ထိ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များ၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကမ္ဘာလုံးဆိုင်ရာပဋိပက္ခများလျှော့ချရေးတို့အပါအဝင် များစွာသောတာဝန်များကို မမောမပန်းကျေပွန်စွာထမ်းဆောင်လျက်ရှိသည်ကို စာရေးသူတို့အားလုံး အသိအမှတ်ပြုရမည်ဖြစ်သည်။

UN အဖွဲ့ကြီး၏ လုပ်ငန်းတာဝန်များ စဉ်ဆက်မပြတ် ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးသည် အဖွဲ့ဝင်နိုင်ငံအားလုံးရှိ အစိုးရများနှင့် ပြည်သူများ၏ ပါဝင်ဆောင်ရွက်မှုအပေါ်တွင် များစွာတည်မှီလျက်ရှိသည်။ ထို့ကြောင့် စစ်မက်ချုပ်ငြိမ်းရေးနှင့် ကမ္ဘာကြီးသာယာဝပြောရေး၊ အထူးသဖြင့် ကလေးငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများအတွက် ကောင်းမွန်သောရည်မှန်းချက်များဖြင့် ဖွဲ့စည်းတည်ထောင်ထားသော UN အဖွဲ့ကြီး ကမ္ဘာတည်သရွေ့ တည်တံ့နိုင်ရန်သည် စာရေးသူတို့လူသားအားလုံး၏ တာဝန်ပင်ဖြစ်သည်။

ဆိုရလျှင် UN အဖွဲ့ကြီးသည် စတင်ဖွဲ့စည်းစဉ်မှစ၍ လက်ရှိအချိန်ထိ နှစ်ပေါင်း ၇၉ နှစ် ကြာအောင် တတ်နိုင်သမျှ တာဝန်များကို ကျေပွန်စွာထမ်းဆောင်လျက်ရှိသည်။ နိုင်ငံတကာငြိမ်းချမ်းမှုနှင့် လုံခြုံမှုထိန်းသိမ်းခြင်း၊ လူ့အခွင့်အရေးမြှင့်တင်ခြင်း၊ လူမှုရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတောင့်တင်းခိုင်မာအောင်ဆောင်ရွက်ခြင်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် လက်နက်ကိုင်ပဋိပက္ခများတွင် လူသားချင်း စာနာထောက်ထားသော အကူအညီများ ပေးအပ်ရေး ဆိုသော UN အဖွဲ့ကြီး၏ဦးတည်ချက်များ စဉ်ဆက်မပြတ်အကောင်အထည်ဖော်နိုင်ရေးသည် အသက်တမျှ အရေးပါလျက်ရှိသည်။ ထို့ကြောင့် ဆိုခဲ့ပါရည်မှန်းချက်များကို ရုပ်လုံးဖော်နိုင်မည့် လူသားများ၏အကျိုး အမှန်တကယ် သယ်ပိုးနိုင်သော အဖွဲ့အစည်းကြီးဖြစ်လာစေရန် နိုင်ငံ့ခေါင်းဆောင်များ၊ အစိုးရအဖွဲ့အကြီးအကဲများ၏ စစ်မှန်သောစိတ်ဆန္ဒများလိုအပ်သလို ကမ္ဘာသူ၊ ကမ္ဘာသားတစ်ဦးတစ်ယောက်ချင်းစီ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများစွာလည်း လိုအပ်လျက်ရှိကြောင်း တိုက်တွန်းအကြံပြုသွားလိုပါသည်။

**ကိုးကား**

–United Nations Day 2024 | United Nations University (unu.edu)

# ယောက်ျားတွေကို စိတ်ကုန်တယ် ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးပွဲပြုလုပ်



**ရန်ကုန် အောက်တိုဘာ ၂၃**

Aim Treasure Film Production က ရိုက်ကူးထုတ်လုပ်မည့် ယောက်ျားတွေကို စိတ်ကုန်တယ် ရုပ်ရှင်ဇာတ်ကား ကန်တော့ပွဲပေးပွဲကို အောက်တိုဘာ ၂၂ ရက်က ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ ရွှေနားပန်စေတီတော်၌ ပြုလုပ်ခဲ့ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် နော်ဖော‌အယ်ထားက ပြောပြ၍ သိရသည်။

ယောက်ျားတွေကိုစိတ်ကုန်တယ် ရုပ်ရှင်ဇာတ်ကား၏ဝတ္ထုဇာတ်လမ်းကို ညာလက်တော်က ရေးသားပြီး ရာဇဝင်ကိုက ဇာတ်ညွှန်းရေးသားကာ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က Aim Treasure Film Production အတွက် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်ကားနာမည်လေးက ဆန်းတဲ့နာမည်လေး ဖြစ်တယ်။ ယောက်ျားတွေကို စိတ်ကုန်တယ် ပြောလိုက်တာနဲ့ မိန်းကလေးတော်တော်များများ ခံစားချက်တွေဖွင့်ဟလာမယ် ထင်ပါတယ်။ နော်ဖောကတော့ ဒီဇာတ်ကားမှာ သတင်းမီဒီယာလုပ်ငန်းလုပ်တဲ့သူ တစ်ယောက်နေရာက မြင်တွေ့ရမှာပါ။ ဘယ်လိုပုံစံဖြစ်မယ်ဆိုတာတော့ ရုံတင်ရင် တွေ့ရမှာပါ။ ဒီဇာတ်ကားလေးက ဟာသလေးတွေရော ရှိမန့်လေးလဲပါမယ်"ဟု သရုပ်ဆောင် နော်ဖော‌အယ်ထားက ပြောပြသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေတိုး၊ ချောရတနာ၊ နော်ဖော‌အယ်ထား၊ မိုးပြည့်ပြည့်မောင်၊ မိတ်ကပ် လင်းလင်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# ပြည်တွင်းဝင်ငွေအကောင်းဆုံးဇာတ်ကားများစာရင်း၌ Barbie ဇာတ်ကားကို Deadpool ကျော်ဖြတ်

**နယူးယောက် အောက်တိုဘာ ၂၃**

မာဗယ်စတူဒီယို၏ Deadpool and Wolverine ဇာတ်ကားသည် ယခုသီတင်းပတ်တွင် ဝါနာဘရားသား၏ Barbie ဇာတ်ကားကို ကျော်ဖြတ်၍ သမိုင်းတစ်လျှောက် ပြည်တွင်းဝင်ငွေ အကောင်းဆုံး ဇာတ်ကားများစာရင်း၏ အဆင့် ၁၂ နေရာကို ရယူနိုင်ခဲ့ကြောင်း အောက်တိုဘာ ၂၂ ရက် သတင်းများအရ သိရသည်။

ပြီးခဲ့သည့်သီတင်းပတ်ကုန်တွင် Deadpool ဇာတ်ကား၏ ပြည်တွင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၆၃၆ ဒသမ ၃ သန်းထိရှိလာခဲ့ပြီး ဝါနာဘရားသားကုမ္ပဏီ၏ Barbie ဇာတ်ကားသည် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၆၃၆ ဒသမ ၂ သန်းထိ ရရှိခဲ့သည်။

သို့ဖြစ်ရာ Deadpool ဇာတ်ကားသည် ပြည်တွင်းဝင်ငွေစုစုပေါင်းအရ ဒါရိုက်တာ ဂရီတာဂျားဝစ် ရိုက်ကူးခဲ့သော Barbie ဇာတ်ကားကိုကျော်ဖြတ်၍ သမိုင်းတစ်လျှောက် ပြည်တွင်းဝင်ငွေ အကောင်းဆုံး ဇာတ်ကားများစာရင်း၏ အဆင့် ၁၂ နေရာကို ရယူနိုင်ခဲ့သည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ရှောင်လီဗိုင်းက တာဝန်ယူရိုက်ကူးပေးထားပြီး မင်းသား ရိုင်ယန်ရေးနီးနှင့် ဟက်ဂျက်ဗင်းတို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KKO




# မရဏဝှက်တဲ့အမုန်းကျိန်စာ ဇာတ်လမ်းတွဲကို နိုဝင်ဘာလအတွင်း Hey Play Application နှင့် HEY Play YouTube မှ ထုတ်လွှင့်ပြသမည်




**ရန်ကုန် အောက်တိုဘာ ၂၃**

ရွှေလင်းယုန် ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် မရဏဝှက်တဲ့ အမုန်းကျိန်စာ ဇာတ်လမ်းတွဲကို နိုဝင်ဘာလတွင် Hey Play Application နှင့် HEY Play YouTube မှ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သရုပ်ဆောင် တိုင်ရွှန်က ပြောပြ၍ သိရသည်။

မရဏဝှက်တဲ့ အမုန်းကျိန်စာ ဇာတ်လမ်းတွဲကို ရဲရင့်သစ္စာ၏ ဝတ္ထုဇာတ်လမ်းကို ယွန်းသခင်က ဇာတ်လမ်း၊ ဇာတ်ညွှန်း ရေးသားထားပြီး ဒါရိုက်တာ ရဲရင့်သစ္စာက ရွှေလင်းယုန် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်လမ်းကတော့ ရတနာပုံခေတ်ကစပြီးတော့ ဇာတ်အိမ်တည်ထားတဲ့ ဇာတ်လမ်းကောင်းတစ်ပုဒ်ပါ။ ရတနာပုံခေတ်မှာ အလိုရမ္မက်ကြီးတဲ့မင်းသားတစ်ပါးက မင်းသမီးတစ်ပါးအပေါ် လှည့်ဖြားခဲ့တဲ့၊ ခေတ်အဆက်ဆက် သွေးစွန်းခဲ့တဲ့ ကျိန်စာသင့်နေတဲ့ ဘယက်အကြောင်းပေါ့။ ဒီဘယက်ရရှိတဲ့ ခေတ်အဆက်ဆက်ကလူတွေဟာ အလိုရမ္မက်ကြီးရင် ကြမ္မာဆိုးတွေနဲ့ကြုံရတယ်ဆိုတဲ့ ဘယက်ရဲ့အကြောင်း ဖြစ်ပါတယ်"ဟု သရုပ်ဆောင် တိုင်ရွှန်က ပြောပြသည်။

အဆိုပါ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင် တိုင်ရွှန်၊ ဇင်မျိုး၊ ကျော်ထွဋ်ခေါင်၊ ဒေါင်းဝေ၊ မင်းဇော်၊ ဟန်ဆက်လူ၊ ဦးကျောင်ဝှက်၊ ဦးဝင်းမြိုင်၊ မောင်မောင်မျိုးသန့်၊ ဖီးဖီးမရာနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# Paramount ၏ Smile-2 ဇာတ်ကား ကမ္ဘာတစ်ဝန်းဝင်ငွေ ကန်ဒေါ်လာ ၄၆ သန်းရရှိထား

**နယူးယောက် အောက်တိုဘာ ၂၃**

Paramount ရုပ်ရှင်ကုမ္ပဏီ၏ Smile–2 ထိတ်လန့်သည်းဖို ဇာတ်ကားသည် စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်တွင် ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ ၄၆ သန်းထိရရှိထားကြောင်း အောက်တိုဘာ ၂၂ ရက် သတင်းများအရ သိရသည်။

Paramount ကုမ္ပဏီသည် Smile–2 ကို အောက်တိုဘာ ၈ ရက်တွင် အမေရိကန်ဈေးကွက်နှင့် နိုင်ငံတကာရုပ်ရှင်ဈေးကွက်တို့၌စတင်ရုံတင်ပြသခဲ့ရာ စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ချိန် အောက်တိုဘာ ၂၀ ရက်တွင် Smile–2၏ ပြည်တွင်းဈေးကွက်ဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၂၃ သန်းထိရှိခဲ့ပြီး နိုင်ငံတကာဈေးကွက်ဝင်ငွေမှာလည်း ဒေါ်လာ ၂၃ သန်းထိရှိခဲ့သည်။

Smile–2 ဇာတ်ကားသည် Smile(2022)၏ နောက်ဆက်တွဲ ဇာတ်ကားသစ်ဖြစ်သည့် Smile–2 ကို ဒါရိုက်တာ ပတ်ကားဖင်းက ရိုက်ကူးပေးထားပြီး အဆိုပါဇာတ်ကားတွင် မင်းသမီး နာအိုမီစကော့၊ မင်းသား ကီလီဝဲနာနှင့် လူးကတ်ဂက်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# မက္ကဆီကိုနိုင်ငံတွင်ကျင်းပမည့် Miss Universe 2024 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် သက်စံအန်ဒါဆန် သွားရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် အောက်တိုဘာ ၂၃**

မက္ကဆီကိုနိုင်ငံတွင် ကျင်းပမည့် Miss Universe 2024 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြု အလှမယ် သက်စံအန်ဒါဆန် သွားရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း Miss Universe 2024 အလှမယ် သက်စံအန်ဒါဆန်က ပြောပြ၍ သိရသည်။

Miss Universe 2024 ပြိုင်ပွဲကို မက္ကဆီကိုနိုင်ငံ မက္ကဆီကိုမြို့တွင် နိုဝင်ဘာ ၁၆ ရက်မှ စတင်ကာ ကျင်းပမည်ဖြစ်ပြီး နိုင်ငံပေါင်း ၄၀ ကျော်မှ နိုင်ငံကိုယ်စားပြုအလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

"ဒီဇိုင်နာ ကိုငြိမ်းကိုက Vintage 1980 Look ဗမာဝတ်စုံလေးနဲ့ ဖက်ရှင်ဒီဇိုင်းလေးကို လုပ်ဆောင်ပေးတာပါ။ ဒီဝတ်စုံကို ကိုယ်တိုင်လဲသဘောကျတယ်။ ကျွန်မ Performance ရော Catwalk ပိုင်းပါ အကောင်းဆုံးချပြချင်ပါတယ်။ ကျွန်မအနေနဲ့ မြန်မာအကတွေကိုလဲ သင်ထားပါတယ်။ မြန်မာနိုင်ငံကို ကိုယ်စားပြုတာဖြစ်လို့ International မှာ အကောင်းဆုံးချပြသွားမှာပါ"ဟု Miss Universe 2024 အလှမယ် သက်စံအန်ဒါဆန်က ပြောပြသည်။

အဆိုပါပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် သက်စံအန်ဒါဆန်သည် မြန်မာအကနှင့် ရိုးရာယဉ်ကျေးမှုအပေါ် မြတ်နိုးတန်ဖိုးထားမှုကိုအခြေခံသည့် မြန်မာ့ရိုးရာသဘင်ပညာ၊ လက်မှုပညာ၊ ရိုးရာယဉ်ကျေးမှုတို့ကို Contemporary Style နှင့် ပေါင်းစပ်ထုတ်ဖော်ပြသသည့် Art Project တစ်ခုအနေဖြင့် Memories of Mhone Shwe Yee ကို ဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

အလှမယ် သက်စံအန်ဒါဆန်သည် ၁၉၈၀ ပြည့်နှစ်ခန့် မြန်မာအမျိုးသမီးများ ဝတ်စားဆင်ယင်ပုံအတိုင်း ဝတ်ဆင်ကာ အောက်တိုဘာ ၂၂ ရက်က မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားပြီဖြစ်ကြောင်း သိရသည်။ ASH

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing addresses prize-presentation ceremony of silver jubilee commemorative 25th Myanmar Traditional Cultural Performing Arts Competitions




Senior General Min Aung Hlaing and wife Daw Kyu Kyu Hla watch a performance at the prize-presentation ceremony of silver jubilee commemorative 25th Myanmar Traditional Cultural Performing Arts Competitions.

**Nay Pyi Taw October 23**

The prize-presentation ceremony of the silver jubilee commemorative 25th Myanmar Traditional Cultural Performing Arts Competitions was held at MICC 2 here this morning, addressed by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present were Daw Kyu Kyu Hla, wife of the Senior General, Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the Joint SAC Secretary and wife, SAC members and wives, union level officials, union ministers, the Nay Pyi Taw Council chair, senior military officers from Office of Commander-in-Chief, the Nay Pyi Taw command commander, deputy ministers, members of the steering committee, work committee and subcommittees to hold the competitions, region /state chief ministers, judges, managers, coaches, supporting teams, prize-winner national races contestants, traditional dance troupes from regions and states and officials.



Senior General Min Aung Hlaing addresses the prize-presentation ceremony of silver jubilee commemorative 25th Myanmar Traditional Cultural Performing Arts Competitions.

In his address, the Senior General expressed pleasure and honor as the Competitions was successfully held on a grand-scale with full essence, and with the active participation of 180 judges and 2584 contestants from all over the country under the State's leadership.

The Senior General said although the Competitions lasted for just a week, it promoted the national essence and sense. It is a prestige for every Myanmar as the Competitions has clearly showcased the highly civilized values of Myanmar performing arts, Myanmar customs and traditions and basic principles of the views of Myanmar society with the power of art within a short period.

All along the course of history, Myanmar people never regarded cultural art just as an entertainment; they seriously treasured and preserved it as a national heritage that could directly support social progress.

Marionette and drama contests of the Competitions could revitalize the majestic and priceless value and essence of marionette and drama. It is a satisfactory result of the Competitions, especially, the scene of young artists enthusiastically playing and singing the songs composed by great composers of the ancient times has enhanced the nationalistic fervour.



Senior General Min Aung Hlaing presents honorary award to an ethnic traditional troupe.



Daw Kyu Kyu Hla presents honorary award to a cultural troupe.

*See Page 14*

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends ceremony to present certificates of honour, dinner commemorating Silver Jubilee 25th Anniversary Traditional Cultural Performing Arts Competition


Senior General Min Aung Hlaing presents certificate of honour.


Senior General Min Aung Hlaing presents certificate of honour.


Senior General Min Aung Hlaing presents certificate of honour.

**Nay Pyi Taw October 23**

A ceremony to present certificates of honour and dinner commemorating the Silver Jubilee 25th Anniversary Traditional Cultural Performing Arts Competition were held at the Myanmar International Convention Centre- 2 in Nay Pyi Taw this evening and Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended the ceremony and dinner.

First, the Senior General and wife and guests were welcomed with traditional cultural music and dances by members of traditional cultural troupes of ethnic national races.

Present at the ceremony were Daw Kyu Kyu Hla, the wife of the Senior General, Vice Chairman of the SAC Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, the secretary and wife and the joint secretary and wife of the SAC, members of the SAC and their wives, union level officials, union ministers and their wives, the chairman of Nay Pyi Taw Council, senior officers from the Office of the Commander-in-Chief of Defence Services, the commander of Nay Pyi Taw Command, deputy ministers, members of the steering committee, work committees and sub-committees for organizing the competition, expert judges, managers, instructors and responsible officials and contestants from regions and states.


Senior General Min Aung Hlaing presents certificate of honour.


Senior General Min Aung Hlaing presents certificate of honour.

The Senior General delivered an address, saying the purpose of the ceremony is to honour veteran artistes and members of judges from the central, regional and states committees by the SAC. With an emphasis on organizing the competitions in their full forms and essence, nationalistic meaningfulness and implementation of their objectives, the competitions are annually organized without breaking with tradition. On behalf of the State, I would like to solemnly express my gratitude to veteran artistes for their invaluable artistic assistance in the competitions.

Our national culture is required to be strong in every aspect. Only then, will we be able to adapt to some aspects of foreign cultures, which are compatible with the race, religion and culture of Myanmar, to enrich the aspects of our own national culture. In times like these, it is essential to constantly nurture and uplift the strength of the arts to maintain and protect national cultural values for the entire population, including the younger generation. If we study the history of Myanmar's art, we can see that today's prominent veteran artists have become the custodians of a precious Myanmar cultural heritage due to the legacies handed down by the great artists who emerged throughout various eras.

Thus, veteran artists are encouraged to continue cultivating and strengthening the artistic treasures that have been inherited from the traditions and good practices of the masters of the past, making them even more valuable. This effort aims to pass on the artistic heritage to the future generations of young artists.


The commemorative dinner in progress.

From the current Silver Jubilee competition to future Gold and Diamond Jubilee competitions, the Myanmar traditional cultural performing arts competitions should be handed down to future generations to continue serving the interests of the country and its people.

Afterward, the Senior General awarded honorary certificates to Chairperson Daw Thin Thin Myat on behalf of the evaluation committee for singing, Chairman U Aung Tin Win on behalf of the evaluation committee for dancing, Chairman U Maung Maung Let on behalf of the evaluation committee for composing and

*See Page 14*

# China-aided road upgrading project in Niue handed over



An aerial drone photo taken on Oct. 21, 2024 shows the China-aided roundabout road in Niue.

**Alofi October 23**

The China-aided roundabout road upgrading project in Niue undertaken by the China Railway First Group Co., Ltd. has been handed over to the South Pacific island country.

Attending the handover ceremony on Monday were more than 70 people including Niue Prime Minister Dalton Tagelagi, Minister of Finance and Infrastructure Crossley Tatui, Chinese Ambassador to New Zealand, the Cook Islands and Niue Wang Xiaolong, Niue government officials and representatives.

In his speech, Tagelagi expressed his gratitude to the project's all workers. He hoped that Niue and China would further strengthen cooperation and exchanges for a constant development of bilateral ties, jointly promoting prosperity and stability for both countries and the region.

Niue's finance and infrastructure minister Tatui praised the newly built highway as "flat, safe, reliable and convenient", which he said "allows for swift response to national and every day events."

On behalf of the Chinese government, Ambassador Wang congratulated both sides on the completion of the highway project and the smooth handover.

Xinhua

*From Page 12*

The government is supporting the Competition step by step annually under systematic programs to further enhance its quality and standard. Hence, the power and value of Myanmar cultural arts is now in the hearts of the entire nation including the new generation, and the national strength has been promoted to the most possible degree.

National culture, national spirit and value system are the basic forces that are vitally important for the independent development of a region. The people must be aware of the alien cultural penetration through national outlook.

Hence, continued efforts must be made for further flourishing of Myanmar ways, styles, culture and arts of the cultural and art field, one of the arenas to ward off cultural penetration. In all seriousness, all the veteran and new generation artists are urged to apply the power of arts for the country to steer straightly on the path to promote national interest in the future.

I would urge all the relevant officials and artists to strive for further flourishing of Myanmar culture, art and national characteristics to enable the Union of Myanmar to stand tall in the international community as long as the world lasts, to join hands with the power of arts while preserving and valuing the genuine Myanmar culture that has flourished since many years ago for ever activating and thriving of the national dignity, nationalistic fervour of Myanmar people,  to instill the fine historical traditions, ancestral pride, high level of culture and civilized attributes of Myanmar in the hearts of new generation and to cement national strength through the power of art for the people to ward off cultural penetration.

The Senior General presented honorary awards to ethnic traditional dance troupes from Kachin, Kayah, Kayin, Chin, Mon, Rakhine and Shan states whereas the wife of the Senior General gave honorary awards to folk cultural troupes from Sagaing, Taninthayi, Bago, Magway, Mandalay, Yangon and Ayeyawady regions, respectively.

The Rakhine ethnic traditional music band played the song with the title of "Rakhine music in variety of instruments".

SAC Vice-Chairman Deputy Prime Minister Vice-Senior General Soe Win presented honorary prizes to ethnic traditional cultural troupes from states and his wife Daw Than Than Nwe, medals and certificates of honour to first, second and third prize winners in the Maha Gita (classic song) female amateur (first grade) contest.

SAC Joint Secretary General Ye Win Oo gave medals and certificates of honour to first, second and third prize winners in the Maha Gita song male amateur (first grade) and amateur (second grade) contests and council members, winners in the Maha Gita song male higher education level and basic education level (aged 15-20) and (aged 10-15) contests.

The wife of the Joint Secretary and wives of the SAC members handed medals and certificates of honour to the winners in the Maha Gita female amateur (second grade), higher education and basic education level (aged 15-20) and (aged 10-15) female contests.

Council members awarded winners in the old/modern song amateur (first and second grades), higher education, basic education (aged 15-20) and (aged 10-15) male contests and wives of the council members, winners in the female contests.

The council members and their wives gave medals and certificates of honour to winners in the amateur (second grade) and higher education female and male prestige and integrity uplifting song contests.

Ma Thoon Wady Htut representing Mandalay Region who won the gold medal in the old/modern song basic education (aged 10-15) contest sang the song "Flourishing of Myanmar music".

Council members and their wives presented medals and certificates of honour to the winners in the dancing female and male amateur (first and second grades), higher education and basic education (aged 15-20) and (aged 10-15) contests.

Maung Hein Lin Marn Thway from Ayeyawady Region who was the youngest contestant in the basic education (aged 10-15) dancing contest performed dances.

Union-level dignitaries, Union ministers, the Nay Pyi Taw Council Chairman and senior Tatmadaw officers from the Office of the Commander-in-Chief also awarded winners in the dancing, song-composing and music contests respectively.

After the awarding ceremony, Ma Eaindray Myint Mo from Yangon Region in the basic education (aged 15-20) song-composing contest sang the song "Lasting strength of youth" and Maung Hein Htet Paing from Bago Region who won the gold medal in the music contest (Donmin) in the basic education (aged 15-20) contest performed the song "Shwe Min Gan".

The wife of the Senior General presented medals and certificates of honour to first, second and third prize winning troups in the marionette troupe contest and the outstanding puppeteers, song performers, supporting music and script writer respectively.

The Senior General presented medals and certificates of honour to the first, second and third prize winning troupes in the Maha Zanaka drama contest and outstanding performers, duet dancer, script-writer, director and supporting music respectively.

Later, the Senior General and his wife cordially greeted the attendees. 100

*From Page 13*

Chairman U Aung Kane on behalf of the evaluation committee for playing instruments, Sithu Daw Htar, who served as a judge from the first time up to the 25th time in the Myanmar traditional cultural performing arts competitions, Deputy Permanent Secretary of the Ministry of Religious Affairs and Culture U Hlaing Win Maung, who is the head of the traditional ethnic musical orchestra of the Union, U Tin Ohn,  the eldest participant in the enthusiast (first level) category in the singing contest, Maung Hein Lin Marn Thway, the youngest participant in the basic education level (ages 10 to 15) in the dancing contest, U Pho Chit, Chairman of the Myanmar Thabin Association (Central), who supported the grand dramatic competition, and managers and masters of ceremonies from regions and states.

Afterward, Sithu Daw Htar gave a thank-you speech.

The Senior General and wife had a honorary dinner together with the competition participants, and guests.

Before and during the dinner, performances were presented by artists from the Fine Arts Department under the Ministry of Religious Affairs and Culture, the Myanmar Radio and Television under the Ministry of Information, and the Myawady Music Band under the supervision of the Directorate of Public Relations and Psychological Warfare, who entertained with songs, musical performances, and dances.

At the conclusion of the dinner, the Senior General presented floral tributes to the performing artists and warmly greeted them.

100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities,  is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ထိုင်းနိုင်ငံက တာတိုပစ်၊ ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်ဝယ်ယူရေး ဂျာမနီ Diehl Defence ကုမ္ပဏီနှင့်လက်မှတ်ရေးထိုး



ထိုင်းနိုင်ငံသည် IRIS-T တာတိုပစ်၊ ဝေဟင်မှဝေဟင်ပစ်ဒုံးကျည်များ ဝယ်ယူရေး ဂျာမနီနိုင်ငံ Diehl Defence ကုမ္ပဏီနှင့် စာချုပ်တစ်ရပ်လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက အောက်တိုဘာ ၁၆ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါစာချုပ်သည် ဂျာမနီနှင့် ထိုင်းနိုင်ငံကြား Diehl Defence ကုမ္ပဏီထုတ် IRIS-T ဒုံးကျည်များကို တော်ဝင်ထိုင်းလေတပ်လေယာဉ်များတွင် တပ်ဆင်အသုံးပြုမှုနှင့်ပတ်သက်၍ ရေရှည်ပူးပေါင်းဆောင်ရွက်မှုတွင် အောင်မြင်သော ခြေလှမ်းသစ်တစ်ရပ်ကို ဖော်ညွှန်းပြသလျက်ရှိသည်။

လက်ရှိတွင် တော်ဝင်ထိုင်းလေတပ်သည် IRIS-T ဒုံးကျည်များတပ်ဆင်အသုံးပြုထားသည့် Gripen၊ F-16 နှင့် F-5 တိုက်လေယာဉ်များ ပိုင်ဆိုင်ထားသည်။ ယခုလအစောပိုင်းတွင် ဂျာမနီနိုင်ငံ၌ လက်မှတ်ရေးထိုးခဲ့ကြသည့် စာချုပ်သစ်မှာ တော်ဝင်ထိုင်းလေတပ်၏ တိုက်လေယာဉ်အုပ်တစ်ခုလုံးတွင် IRIS-T ဒုံးကျည်များဖြင့် အဆင့်မြှင့်တင်ရန် ရည်ရွယ်ထားခြင်းလည်းဖြစ်သည်။ စာချုပ်အရ လေယာဉ်အုပ်များတွင် ပေါင်းစည်းအသုံးပြုနိုင်ရေး၊ နည်းပညာဆိုင်ရာထောက်ပံ့မှုနှင့် တိုက်ရိုက်ပစ်ခတ်စဉ်များအတွက် အကူအညီပေးအပ်နိုင်ရေးတို့ ပါဝင်မည်ဖြစ်သည်။

ဤသဘောတူညီမှုကို လက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းအားဖြင့် တော်ဝင်ထိုင်းလေတပ်သည် လက်ရှိတိုက်လေယာဉ်အုပ်များတွင် လက်နက်စနစ်သစ်များတပ်ဆင်အသုံးပြုနိုင်ခြင်းကို ထုတ်ဖော်ပြသလိုက်ခြင်းဖြစ်ပြီး မကြာသေးမီက F-5 TH တိုက်လေယာဉ်တွင် IRIS-T ဒုံးကျည်များ အောင်မြင်စွာ ပေါင်းစပ်အသုံးပြုနိုင်ခဲ့ပြီလည်းဖြစ်သည်။ Diehl Defence ကုမ္ပဏီအတွက် ယခုသဘောတူညီချက်သည် တော်ဝင်ထိုင်းလေတပ် (RTAF)နှင့် ပူးပေါင်းဆောင်ရွက်မှုကို အားကောင်းလာစေရန်နှင့် IRIS-T ကို တိုက်လေယာဉ်အမျိုးမျိုးတွင် တိုးချဲ့တပ်ဆင်အသုံးပြုလာနိုင်မှုအတွက် သမိုင်းမှတ်တိုင်သစ်တစ်ခုလည်းဖြစ်သည်။ ပဉ္စမမျိုးဆက်ဒုံးကျည်အမျိုးအစားဖြစ်သည့် IRIS-T ဒုံးကျည်ကို Eurofighter Typhoon၊ Gripen၊ F-16၊ EF-18၊ F-5 နှင့် Tornado တိုက်လေယာဉ်များတွင်သယ်ဆောင်၍ အောင်မြင်စွာပေါင်းစည်း အသုံးပြုနိုင်ခဲ့ပြီဖြစ်သည်။ လက်ရှိတွင် IRIS-T ဒုံးကျည်ကို တောင်ကိုရီးယားနိုင်ငံ Korea Aerospace Industries(KAI)ကုမ္ပဏီထုတ် KF-21 တိုက်လေယာဉ်နှင့် ပေါင်းစည်းအသုံးပြုနိုင်ရန် ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

IRIS-Tသည် ပုံရိပ်ဖော်ကြည်လင်ပြတ်သားကောင်းမွန်သော အနီအောက်ရောင်ခြည်အာရုံခံကိရိယာ တပ်ဆင်ထားသည့်အတွက် ရန်သူ့အီလက်ထရွန်နစ် Jamming ပြုလုပ်နေသည့်ကြားမှပင် ပစ်မှတ်များကို တိကျမှုမြင့်မားစွာဖြင့် ထောက်လှမ်း၊ ခြေရာခံထိန်းကျောင်းနိုင်စွမ်း ပိုင်ဆိုင်ထားသည်။ အများဆုံးအကွာအဝေး ၂၅ ကီလိုမီတာ၊ အလျင်နှုန်း Mach 3 ဖြင့် လားရာထောင့်အမျိုးမျိုးမှ ဝင်ရောက်လာနိုင်သည့် လေကြောင်းပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းရှိမည်ဖြစ်သည်။ Rear Hemisphere ဟုခေါ်သည့် လေယာဉ်၏နောက်ဘက်ခြမ်းမှ ဝင်ရောက်လာနိုင်သော ရန်သူ့ပစ်မှတ်များကိုပင် တိုက်ခိုက်နိုင်စွမ်းရှိသည့်အတွက် အဆင့်မြင့် တန်ပြန်လုပ်ဆောင်မှုများ၊ လှုပ်ရှားစစ်ကစားနိုင်မှုတို့ဖြင့် တိုက်ပွဲဝင်ထိရောက်မှုမြင့်မားကောင်းမွန်သည်။

IRIS-T ဒုံးကျည်၏ အဓိကဝိသေသလက္ခဏာရပ်မှာ Thrust Vectoring နှင့် Aerodynamic Control ထိန်းကျောင်းလုပ်ဆောင်မှုစနစ်နှစ်ရပ်ကို ပေါင်းစပ်အသုံးပြုထားသည့်အတွက် လှုပ်ရှားစစ်ကစား ပျံသန်းနိုင်စွမ်းပင်ဖြစ်သည်။ အဆိုပါဝိသေသသည် အနေအထားအမျိုးမျိုးမှပစ်မှတ်များကို တိုက်ပွဲဝင်နိုင်စွမ်းရှိစေမည်ဖြစ်သည်။ အနီအောက်ရောင်ခြည်အာရုံခံကိရိယာ၌ ပစ်မှတ်ထောက်လှမ်း၊ ခြေရာခံထိန်းကျောင်းရာတွင် ပိုမိုကောင်းမွန်စေရန်ရည်ရွယ်၍ ပုံရိပ်ဖော်နည်းပညာတစ်ခု အသုံးပြုပေးထားသည်။ ပစ်မှတ်ကို ရှာဖွေထောက်လှမ်း၊ ခွဲခြားစိစစ်ဖော်ထုတ်ခြင်းကို လေယာဉ်တွင် တပ်ဆင်ထားသည့် ရေဒါ သို့မဟုတ် လေသူရဲဦးထုပ်မှတစ်ဆင့် လုပ်ဆောင်နိုင်စွမ်းရှိသည့်အတွက် မတူညီသောစစ်ဆင်ရေးအခြေအနေများအောက်တွင် အဆင်ပြေချောမွေ့စွာ တိုက်ပွဲဝင်လုပ်ဆောင်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**Diehl Defence Signs IRIS-T Short Range Air-to-Air Missile Support Contract with Thailand** ကို ဘာသာပြန်ဆိုထားပါသည်။

## တရုတ်နိုင်ငံက Type 055 Xianyang ဖျက်သင်္ဘောတစ်စီး ဗာနေတူနိုင်ငံသို့ ပထမဆုံးအကြိမ်စေလွှတ်တပ်ဖြန့်

တရုတ်ပြည်သူ့ လွတ်မြောက်ရေးတပ်မတော် ရေတပ်၏ Type 055 Xianyang ဖျက်သင်္ဘောသည် ဗာနေတူနိုင်ငံ Vila ဆိပ်ကမ်းသို့ရောက်ရှိခဲ့ပြီး တောင်ပစိဖိတ်ဒေသသို့ ပထမဆုံးအကြိမ် စေလွှတ်တပ်ဖြန့်ခဲ့ကြောင်း နယူးစ်ဝိခ် သတင်းဌာနက အောက်တိုဘာ ၂၁ ရက်တွင် ရေးသားတင်ပြထားသည်။

သင်္ဘောကိုယ်ထည်နံပါတ် 108 ဟု ရေးထိုးထားသောType 055 Xianyang ဖျက်သင်္ဘောသည် လေကြောင်းရန်ကာကွယ်ရေး၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး၊ မြေပြင်ပစ်မှတ်များအပါအဝင် စစ်ဆင်ရေးပေါင်းများစွာအတွက် ဒီဇိုင်းထုတ်ထားသည့် တရုတ်နိုင်ငံ၏ အင်အားအကြီးဆုံး ရေကြောင်းစွမ်းအားများထဲမှ တစ်ခုအပါအဝင်ဖြစ်သည်။ ယခုကဲ့သို့ စေလွှတ်တပ်ဖြန့်မှုသည် အာရှ-ပစိဖိတ်ရေပိုင်နက်အတွင်းတင်းမာမှုများ ဆက်လက်ဖြစ်ပေါ်နေချိန်တွင် ၎င်း၏ သမားရိုးကျနယ်မြေဧရိယာများကို ကျော်လွန်၍ ပါဝါဖြန့်ကြက်ထားနိုင်စွမ်းကို မီးမောင်းထိုးပြလျက်ရှိပြီး ပစိဖိတ်ဒေသတွင် တရုတ်နိုင်ငံ၏ရေတပ်အင်အားတိုးချဲ့မှုကိုအချက်ပြသလိုက်ခြင်းလည်းဖြစ်သည်။

ခေတ်မီရေဒါနှင့် ဒုံးကျည်စနစ်များ တပ်ဆင်ထားသည့် Type 055 ဖျက်သင်္ဘောများသည် အချက်အချာဧရိယာ လေကြောင်းရန်ကာကွယ်ရေးကို ပံ့ပိုးပေးနိုင်ကာ သီးခြားစစ်ဆင်ရေးများတွင် သာမက တရုတ်ရေတပ်၏ လေယာဉ်တင်သင်္ဘောများအတွက်ပါ အစောင့်အကြပ်များအဖြစ် လိုက်ပါတာဝန်ထမ်းဆောင်နိုင်စေမည့် အရေးပါသောရေကြောင်းစွမ်းအားစုတစ်ရပ်ဖြစ်လာခဲ့သည်။ ဤတပ်ဖြန့်မှုသည် တရုတ်နိုင်ငံ၏ ပင်လယ်ရေပိုင်နက်အကျိုးစီးပွားကို လုံခြုံစေရန်နှင့် ဗာနေတူကဲ့သို့သော ပစိဖိတ်ကျွန်းနိုင်ငံများနှင့် ဆက်ဆံရေးခိုင်မာစေရန် တရုတ်နိုင်ငံ၏ ပိုမိုကျယ်ပြန့်စွာအကောင်အထည်ဖော်လုပ်ဆောင်နေသည့် မဟာဗျူဟာတစ်စိတ်တစ်ပိုင်းအဖြစ် ရှုမြင်နိုင်သည်။



သံတမန်ဆက်ဆံရေးကို ၁၉၈၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီးကတည်းက တရုတ်နိုင်ငံနှင့် ဗာနေတူနိုင်ငံတို့၏ နှစ်နိုင်ငံ ဆက်ဆံရေးသည် သိသိသာသာ နက်ရှိုင်းလာခဲ့သည်။ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ အခြေခံအဆောက်အအုံဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနှင့် သံတမန်ရေးအရ လိုက်လျောညီထွေဖြစ်မှုတို့ဖြင့် တရုတ်နိုင်ငံသည် Belt and Road Initiative(BRI)တွင် ဗာနေတူနိုင်ငံ၏ တိုးတက်ဖွံ့ဖြိုးရေး၌ အဓိကမိတ်ဖက်နိုင်ငံဖြစ်လာခဲ့သည်။ ထို့ပြင် ဗာနေတူနိုင်ငံသည် တရုတ်နိုင်ငံ၏ မူဝါဒကို တစိုက်မတ်မတ်ထောက်ခံခဲ့ပြီး နိုင်ငံ၏ ကဏ္ဍအသီးသီးတွင် တရုတ်နိုင်ငံ၏ရင်းနှီးမြှုပ်နှံလုပ်ကိုင်မှုများမှ အကျိုးအမြတ်များ ရရှိလာခဲ့သည်။ တရုတ်နိုင်ငံနှင့် ဗာနေတူနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်မှုသည် ကဏ္ဍများစွာတွင် အပြုသဘောဆောင်နေသော်လည်း တောင်ပစိဖိတ်ဒေသတွင် တရုတ်နိုင်ငံ၏ ဩဇာကြီးထွားလာမှုကို ဩစတြေးလျနိုင်ငံကဲ့သို့သော အနောက်နိုင်ငံများထံမှ စိုးရိမ်မှုများလည်း တိုးပွားလာစေခဲ့သည်။ ဗာနေတူနိုင်ငံတွင် တရုတ်စစ်ဘက် တပ်ဖြန့်ချထားနိုင်မှု အလားအလာနှင့်ပတ်သက်၍ ထင်ကြေးပေးမှုများပျံ့နှံ့နေသော်လည်း ဗာနေတူနှင့် တရုတ်နှစ်နိုင်ငံစလုံးက ထိုကဲ့သို့ ပြောဆိုချက်များကို ငြင်းဆိုထားကြပြီးဖြစ်ကြောင်း သိရသည်။

**China Type 055 destroyer Xianyang makes first-ever South Pacific deployment to Vanuatu** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရှေ့ဖုံးမှအဆက်

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရ၏ဦးဆောင်မှုနှင့်အတူ မြန်မာနိုင်ငံတစ်ဝန်းတွင်ရှိကြသည့် အကဲဖြတ်အနုပညာရှင်ကြီး ဦးရေ ၁၈၀၊ ပြိုင်ပွဲဝင်အနုပညာရှင် ၂၅၈၄ ဦးတို့က တက်တက်ကြွကြွပါဝင်ယှဉ်ပြိုင်ဆင်နွှဲခဲ့ကြသည့် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးကို အနှစ်သာရရှိရှိဖြင့် ခမ်းနားသိုက်မြိုက် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သဖြင့် များစွာဂုဏ်ယူဝမ်းမြောက်မိကြောင်း။

ယခုကျင်းပပြီးစီးခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရခိုင်ပြည်နယ် တိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ တနင်္သာရီတိုင်းဒေသကြီးမှ ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကချင်ပြည်နယ် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၏ဇနီး ဒေါ်သန်းသန်းနွယ် မဟာဂီတအဆိုပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲဝါသနာရှင်(ပထမတန်း)အဆင့်၌ ပထမဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

ပြိုင်ပွဲကြီးသည် ပြိုင်ပွဲကာလရက်သတ္တပတ်မျှသာ ကြာမြင့်ခဲ့သော်လည်း ပြိုင်ပွဲကြီးမှနေ၍ အမျိုးသားရေးအနှစ်သာရနှင့် အဓိပ္ပာယ်များစွာကို ဖော်ဆောင်နိုင်ခဲ့ကြောင်း၊ တိုတောင်းလှသည့်ကာလအတွင်း၌ မြန်မာ့အနုသုခုမ၏ ယဉ်ကျေးသိမ်မွေ့သည့် ပညာအဆီအနှစ်များ၊ မြန်မာ့ဓလေ့စရိုက်ထုံးတမ်းစဉ်လာများနှင့် မြန်မာ့လူမှုအဖွဲ့အစည်း၏ တွေးခေါ်မြော်မြင်မှု အခြေခံသဘောတရားများကို မြန်မာ့အနုပညာစွမ်းအားများဖြင့် ပီပီပြင်ပြင်ဖော်ညွှန်းပြသနိုင်ခဲ့ခြင်းသည် မြန်မာလူမျိုးတိုင်းအတွက် ဂုဏ်ယူဝင့်ကြွားဖွယ်ရာဖြစ်ကြောင်း။

မိမိတို့ မြန်မာလူမျိုးများသည် သမိုင်းအဆက်ဆက်တွင် ယဉ်ကျေးမှုအနုပညာရပ်များကို ဖျော်ဖြေရေးသက်သက်အဖြစ်သာ ရှုမြင်ခံစားခဲ့ကြခြင်းမဟုတ်ဘဲ လူမှုဖွံ့ဖြိုးမှုကို တိုက်ရိုက်အထောက်အကူပြုနိုင်သည့် အမျိုးသားရေး အမွေအနှစ်များအဖြစ် အလေးထားပြီး အမြတ်တနိုးထိန်းသိမ်းစောင့်ရှောက် ပြုစုပျိုးထောင်လာခဲ့ကြခြင်းဖြစ်ကြောင်း။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ရုပ်သေးသဘင်နှင့် ဇာတ်တော်ကြီး ယှဉ်ပြိုင်တင်ဆက်မှုများသည် အစဉ်အလာကြီးမားပြီး ခမ်းနားထည်ဝါခဲ့သည့် မြန်မာ့ရုပ်သေးသဘင်နှင့် ဇာတ်သဘင်တို့၏တန်ဖိုးနှင့် အနှစ်သာရပေါ်လွင်အောင် ကြိုးစားဖော်ထုတ်ယှဉ်ပြိုင်တင်ဆက်နိုင်ခဲ့ကြသည်ကို အားရကျေနပ်ဖွယ်တွေ့မြင်ရကြောင်း။

အထူးသဖြင့် ရှေးခေတ်ဂီတစာဆိုကြီးများ သီကုံးစပ်ဆိုခဲ့သည့်တေးဂီတနှင့်သီချင်းများကို မျိုးဆက်သစ်လူငယ်များက စိတ်အားထက်သန်စွာ သီဆိုတီးမှုတ်နေကြသည်ကို တွေ့မြင်ကြားသိရခြင်းသည် အမျိုးသားရေးအားမာန်တက်ကြွစေသည့် မြင်ကွင်းများပင်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို နှစ်စဉ်မပျက် တစ်ဆင့်ပြီးတစ်ဆင့် အရည်အသွေးနှင့် အဆင့်အတန်းပိုမိုတိုးတက်မြင့်မားလာအောင် စနစ်တကျစီမံအားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့်လည်း ယခုအခါ မြန်မာ့ယဉ်ကျေးမှုအနုပညာရပ်များ၏ စွမ်းရည်နှင့်တန်ဖိုးကို မျိုးဆက်သစ် လူငယ်များအပါအဝင် တစ်မျိုးသားလုံး၏ရင်ထဲ၌စွဲထင်ကိန်းအောင်းလာစေခဲ့ပြီး အမျိုးသားရေးကိုယ်ခံစွမ်းအားများကို တတ်နိုင်သည့်ဘက်က မြှင့်တင်ပေးနိုင်ခဲ့ပြီဟု ဆိုနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားယဉ်ကျေးမှု (National Culture)၊ အမျိုးသားရေးစိတ်ဓာတ် (National Spirit)နှင့် တန်ဖိုးထားမှုစနစ် (Value System)များသည် ဒေသတစ်ခု၏ အချုပ်အနှောင်မဲ့တိုးတက်မှု (Independent Development)အတွက် လွန်စွာအရေးပါသည့် အခြေခံအကြောင်းတရားများပင်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်ပမှ ယဉ်ကျေးမှုများ ထိုးဖောက် ဝင်ရောက်လာနေမှုများကို အမျိုးသားရေးအမြင်ဖြင့် ရှုမြင်ကြရမည်ဖြစ်ပြီး အန္တရာယ်ရှိသည်ကို သတိထားကြရမည်ဖြစ်ကြောင်း။

ထို့ကြောင့် အဆိုပါအန္တရာယ်များကို ထိထိရောက်ရောက် ခုခံတွန်းလှန်နိုင်မည့် မျက်နှာစာတစ်ခုဖြစ်သည့် ယဉ်ကျေးမှုနှင့် အနုပညာနယ်ပယ်မှ မြန်မာ့မှု၊ မြန်မာ့ဟန်၊ မြန်မာ့ယဉ်ကျေးမှု အနုပညာရပ်များကို ဆက်လက်ပြီး ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ မိမိနိုင်ငံ၊ မိမိလူမျိုး၏ အနာဂတ်ကို အမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းနိုင်မှု လမ်းကြောင်းမှန်ပေါ်တည့်မတ်မြဲမြံခိုင်မာစွာ ရပ်တည်နိုင်စေရေး





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ရခိုင်တိုင်းရင်းသားရိုးရာ တေးဂီတအဖွဲ့က "တူရိယာစုံစွ ရခိုင်ဂီတ"တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။

အတွက် အနုပညာစွမ်းပကားဖြင့် ဆက်လက်ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားကြပါဟု အနုပညာရှင်ကြီးများနှင့်အတူ မျိုးဆက်သစ်အနုပညာရှင်များအားလုံးကိုအလေးထားတိုက်တွန်းမှာကြားလိုကြောင်း။

သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အနုပညာရှင်များအားလုံးကို မှာကြားလိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် ဝင့်ဝင့်ထည်ထည်နှင့် ကမ္ဘာတည်သရွေ့တည်တံ့ခိုင်မြဲစေရန်အတွက် မြန်မာလူမျိုးတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာနှင့် ကိုယ်ပိုင်အမျိုးသားရေးစရိုက် လက္ခဏာများကို ဆက်လက် ရှင်သန်ထွန်းကားနေအောင် စွမ်းဆောင်ပေးကြရန်၊ နှစ်ပေါင်းထောင်ချီပြီး ခမ်းနားထည်ဝါစွာ ဖွံ့ဖြိုးစည်ပင်ခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ်ကို မြတ်နိုးထိန်းသိမ်းရင်း မြန်မာတို့၏အမျိုးဂုဏ်၊ ဇာတိဂုဏ်အစဉ်ထာဝရနိုးကြား ရှင်သန်နေစေရန် အနုပညာစွမ်းပကားဖြင့် ပူးပေါင်းပါဝင်ပေးကြရန်၊ တိုင်းတစ်ပါးယဉ်ကျေးမှု ထိုးဖောက်ဝင်ရောက်မှုအန္တရာယ်ကို တားဆီးကာကွယ်နိုင်စေရန် မြန်မာလူမျိုးတို့၏ သမိုင်းအစဉ်အလာကြီးမားမှု၊ မျိုးရိုးဂုဏ်ရှိန်ထည်ဝါမှု၊ ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားမှုနှင့် ယဉ်ကျေးသိမ်မွေ့သည့် မြန်မာ့ဂုဏ်ရည်များကို မျိုးဆက်သစ်လူငယ်များအတွင်း စိမ့်ဝင်ပျံ့နှံ့နေပြီး အမျိုးသားရေးကိုယ်ခံစွမ်းအားများ မြင့်မားလာအောင် အနုပညာစွမ်းပကားဖြင့် ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကရင်ပြည်နယ်တိုင်းရင်းသားရိုးရာအကအဖွဲ့အား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမဆုရရှိသည့်အဖွဲ့အား ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

**မိမိနိုင်ငံ၊ မိမိလူမျိုး၏အနာဂတ်ကို အမျိုးသားရေးအကျိုးစီးပွားဖြစ်ထွန်းနိုင်မှု လမ်းကြောင်းမှန်ပေါ်တည့်မတ်မြဲမြံခိုင်မာစွာ ရပ်တည်နိုင်စေရေးအတွက် အနုပညာစွမ်းပကားဖြင့် ဆက်လက်ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားကြပါဟု အနုပညာရှင်ကြီးများနှင့်အတူ မျိုးဆက်သစ်အနုပညာရှင်များအားလုံးကို အလေးထားတိုက်တွန်းမှာကြားလို. . .**

ထို့နောက် ဆုများပေးအပ်ချီးမြှင့်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာအကအဖွဲ့များကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ကျေးလက်ရိုးရာယဉ်ကျေးမှုအဖွဲ့များကိုလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရခိုင်တိုင်းရင်းသားရိုးရာ တေးဂီတအဖွဲ့က **"တူရိယာစုံစွ ရခိုင်ဂီတ"** တေးသီချင်းဖြင့် တီးခတ်ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်း အစီအစဉ်ကိုကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များကို ဂုဏ်ပြုဆုများကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၏ ဇနီး ဒေါ်သန်းသန်းနွယ်က မဟာဂီတအဆိုပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲတွင် ဝါသနာရှင်(ပထမတန်း)အဆင့်၌ **စာမျက်နှာ ၁၈ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး မဟာဂီတအဆိုပြိုင်ပွဲ အမျိုးသားပြိုင်ပွဲ ဝါသနာရှင်အဆင့်၌ ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၏ဇနီး မဟာဂီတအဆိုပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲဝါသနာရှင်အဆင့်(ဒုတိယတန်း)၌ ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

စာမျက်နှာ ၁၇ မှ အဆက်

ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦးက မဟာဂီတအဆိုပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် ဝါသနာရှင်(ပထမတန်း)အဆင့်နှင့် ဝါသနာရှင်(ဒုတိယတန်း)အဆင့်တို့၌ ပထမဆု၊ ဒုတိယဆုနှင့် တတိယဆုရရှိသူများကိုလည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များက မဟာဂီတအဆိုပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)ပြိုင်ပွဲများတွင် ဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူး၏ဇနီးနှင့် ကောင်စီဝင်များ၏ဇနီးများက မဟာဂီတအဆိုပြိုင်ပွဲ(အမျိုးသမီး)ပြိုင်ပွဲတွင် ဝါသနာရှင်(ဒုတိယတန်း)အဆင့်၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ် အတွင်း) ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ကောင်စီဝင်များက ခေတ်ဟောင်း၊ ကာလပေါ် အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာရှင်အဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲများတွင် ဆုရရှိကြသူများကိုလည်းကောင်း၊ ကောင်စီဝင်များ၏ ဇနီးများက ခေတ်ဟောင်း၊ ကာလပေါ် အဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာရှင်အဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲများတွင် ဆုရရှိကြသူများကိုလည်းကောင်း ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ကောင်စီဝင်များနှင့် ကောင်စီဝင်များ၏ဇနီးများက အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)နှင့် အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲနှင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း)နှင့် အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

၎င်းနောက် ခေတ်ဟောင်း၊ကာလပေါ် အဆိုပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသမီးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု မသွန်းဝတီထွဋ်က **"မြန်မာ့ဂီတလှပဝေဆာ"**သီချင်းဖြင့်သီဆိုဖျော်ဖြေတင်ဆက်သည်။

ထို့နောက် ကောင်စီဝင်များနှင့် ကောင်စီဝင်များ၏ဇနီးများက အကပြိုင်ပွဲ အမျိုးသား၊အမျိုးသမီးပြိုင်ပွဲ၌ ဝါသနာရှင်အဆင့်(ပထမတန်း)၊ ဝါသနာရှင်အဆင့်(ဒုတိယတန်း)၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် အကပြိုင်ပွဲ အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)ပြိုင်ပွဲ၌ အသက်အငယ်ဆုံးပါဝင်ယှဉ်ပြိုင်သူ ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြု မောင်ဟိန်းလင်းမာန်သွေးက ကပြဖျော်ဖြေသည်။

ဆက်လက်၍ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက အက၊ အရေးနှင့် အတီးပြိုင်ပွဲတို့တွင် ဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထိုသို့ ဂုဏ်ပြုဆုများပေးအပ်စဉ် အရေးပြိုင်ပွဲတွင် ဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်အပြီး၌ အရေးပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း) ရွှေတံဆိပ်ဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီးမှ မအိန္ဒြေမြင့်မိုရ်က **"လူငယ်အားမာန် အမြဲရှင်သန်"** တေးသီချင်းဖြင့်လည်းကောင်း၊ အတီးပြိုင်ပွဲတွင် ဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ

စာမျက်နှာ ၁၉ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး မဟာဂီတအဆိုပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် အဆင့်မြင့်ပညာအဆင့်၌ ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း မဟာဂီတအဆိုပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ် အတွင်း)၌ ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမောင်မောင်အေး မဟာဂီတအဆိုပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် အခြေခံပညာအဆင့်(အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ခေတ်ဟောင်း၊ ကာလပေါ်အဆိုပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် ဝါသနာရှင်အဆင့်(ပထမတန်း)၌ ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးညီစော ခေတ်ဟောင်း၊ ကာလပေါ်အဆိုပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် ဝါသနာရှင်အဆင့်(ဒုတိယတန်း)၌ ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ခေတ်ဟောင်း၊ ကာလပေါ်အဆိုပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် အဆင့်မြင့်ပညာအဆင့်၌ ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ခေတ်ဟောင်း၊ ကာလပေါ်အဆိုပြိုင်ပွဲ အမျိုးသမီးပြိုင်ပွဲတွင် အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ခေတ်ဟောင်း၊ကာလပေါ်အဆိုပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)၌ ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်ခေတ်ဟောင်း၊ ကာလပေါ်အဆိုပြိုင်ပွဲ အမျိုးသားပြိုင်ပွဲတွင် အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)၌ ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းအဆိုပြိုင်ပွဲ ဝါသနာရှင်အဆင့်(ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရွေ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းအဆိုပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ခွန်စံလွင် အကပြိုင်ပွဲ အမျိုးသား ဝါသနာရှင်အဆင့်(ပထမတန်း)တွင် ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်း အကပြိုင်ပွဲ အမျိုးသား ဝါသနာရှင်အဆင့်(ဒုတိယတန်း)တွင် ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးရန်ကျော် အကပြိုင်ပွဲ အမျိုးသား အခြေခံပညာအဆင့်(အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)တွင် ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ စောင်းအတီးပြိုင်ပွဲ အမျိုးသားဝါသနာရှင်အဆင့်(ပထမတန်း)၌ ဆုရရှိသူတစ်ဦးကို ဂုဏ်ပြုဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

**စာမျက်နှာ ၁၈ မှအဆက်**

ချီးမြှင့်ပေးအပ်အပြီး၌ အတီး(ဒုံမင်း)ပြိုင်ပွဲ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း)တွင် ရွှေတံဆိပ်ဆုရရှိသည့် ပဲခူးတိုင်းဒေသကြီးမှ မောင်ဟိန်းထက်ပိုင်က **“ရွှေမင်းဂံ”**သီချင်းဖြင့်လည်းကောင်း သီဆိုတီးခတ် ဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးက ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် အဖွဲ့များနှင့် ကြိုးဆွဲအဖွဲ့ထူးချွန်ဆု၊ ဆိုင်ပြောအဖွဲ့ထူးချွန်ဆု၊ ပွဲ့ပိုးဆိုင်းအဖွဲ့ထူးချွန်ဆုနှင့် ဇာတ်ညွှန်းထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာဇနကဇာတ်တော်ကြီး ပြိုင်ပွဲတွင် ပူးတွဲ ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့် အဖွဲ့များနှင့် ဇာတ်သရုပ်ဆောင်ထူးချွန်ဆုရရှိသူများ၊ နှစ်ပါးသွားထူးချွန်ဆုနှင့် ဇာတ်ညွှန်းထူးချွန်ဆု၊ ဒါရိုက်တာထူးချွန်ဆုနှင့် ပွဲ့ပိုးဆိုင်းအဖွဲ့ထူးချွန်ဆုရရှိသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့်ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆုချီးမြှင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

---

**နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်**

**နေပြည်တော် အောက်တိုဘာ ၂၃**

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့်ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မကွေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဇလ)

# (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ဂုဏ်ပြုအမှာစကားပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၃**

(၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်သည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများအား တိုင်းရင်းသားရိုးရာအကအဖွဲ့များက ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ကြိုဆိုကြသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ကောင်စီအတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့်ဆပ်ကော်မတီတို့မှ ကော်မတီဝင်များ၊ အကဲဖြတ်ပညာရှင်ကြီးများ၊ အုပ်ချုပ်သူများ၊နည်းပြများနှင့်တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ တက်ရောက်ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်တင်ဝင်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲတွင် ပထမအကြိမ်မှ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်အထိ အကဲဖြတ်ပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် စည်သူဒေါ်ထားအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အကပြိုင်ပွဲ၌ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အသက်အငယ်ဆုံးပြိုင်ပွဲဝင် မောင်ဟိန်းလင်းမာန်သွေးအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ချီးမြှင့်စဉ်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာ၌ ယခုကျင်းပပြုလုပ်သည့် အခမ်းအနားသည် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲကြီးအောင်မြင်စွာပြီးစီးရေးအတွက် မိမိတို့၏ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ မေတ္တာ၊ စေတနာအပြည့်အဝဖြင့် ပါဝင်ကူညီပံ့ပိုး ပေးခဲ့ကြသည့် ဝါရင့်သမ္မာရင့် အနုပညာရှင်ကြီးများ၊ ဗဟို၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အကဲဖြတ်အဖွဲ့ဝင် အနုပညာရှင်များအားလုံးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဂုဏ်ပြုကျင်းပသည့် အခမ်းအနားပင်ဖြစ်ကြောင်း။

ယခုပြိုင်ပွဲကြီးများကို နှစ်စဉ် အစဉ်အလာမပျက် အသွင်သဏ္ဌာန်သာမက အနှစ်သာရပါ ပိုမိုပြည့်စုံပြီး အမျိုးသားရေးအဓိပ္ပာယ်ပြည့်ဝစွာ ကျင်းပနိုင်စေရေးနှင့် ပြိုင်ပွဲကြီး၏ ရည်ရွယ်ချက်များ တိုးတက်အကောင်အထည်ပေါ်လာစေရေး အလေးထားကျင်းပပေးလျက်ရှိကြောင်း၊ ပြိုင်ပွဲကြီးများတွင် ပညာရှင်ကြီးများအားလုံးက တန်ဖိုးမဖြတ်နိုင်သည့် ပညာရပ်ဆိုင်ရာများကို ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြသည့်အတွက် ကျေးဇူးတင်ဂုဏ်ပြုပါကြောင်းကို နိုင်ငံတော်၏ ကိုယ်စား အလေးအနက်ထား ပြောကြားလိုကြောင်း။

စာမျက်နှာ ၂၂ သို့





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများက အနုပညာရှင်များ၏ တေးသံသာများဖြင့် သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးစဉ်။

**စာမျက်နှာ ၂၀ မှအဆက်**

မိမိတို့ အမျိုးသားယဉ်ကျေးမှုသည် အဘက်ဘက်က ခိုင်မာတောင့်တင်းနေရန် လိုအပ်ကြောင်း၊ သို့မှသာ တိုင်းတစ်ပါး ယဉ်ကျေးမှုများထဲမှ မြန်မာတို့၏ အမျိုးဘာသာသာသနာ ယဉ်ကျေးမှုများနှင့် လိုက်လျောညီထွေဖြစ်သည့်အချက်များကိုယူပြီး မိမိလူမျိုးတို့နှင့် ကိုက်ညီသည့် အမျိုးသားယဉ်ကျေးမှု အသွင်သဏ္ဌာန်များကို ပြုပြင်ပြောင်းလဲနိုင်ကြမည်ဖြစ်ကြောင်း။

ယခုကဲ့သို့ အချိန်အခါမျိုးတွင် မျိုးဆက်သစ်လူငယ်များအပါအဝင် ပြည်သူတစ်ရပ်လုံးအတွက် အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု ကိုယ်ခံစွမ်းအားများ မြင့်မားရှင်သန်နေစေရေးအတွက် အနုပညာစွမ်းအားနှင့် အမြဲတမ်း စေ့ဆော်မြှင့်တင်ပေးရန် အထူးလိုအပ်လျက်ရှိကြောင်း။

မြန်မာ့အနုပညာသမိုင်းကို လေ့လာကြည့်မည်ဆိုပါက ခေတ်အဆက်ဆက် ပေါ်ထွန်းလာခဲ့သည့် အနုပညာရှင်ကြီးများ၏ထိန်းသိမ်းဆင့်ပွားအမွေပေးခဲ့သည့် ကျေးဇူးတရားများကြောင့် ယနေ့သက်ရှိထင်ရှားရှိနေကြသည့် ဝါရင့်သမ္ဘာရင့်အနုပညာရှင်ကြီးများသည် အဖိုးထိုက်တန်သည့် မြန်မာ့ယဉ်ကျေးမှုအနုပညာဘဏ္ဍာတိုက်ကြီးကို ပိုင်ဆိုင်ထိန်းသိမ်းထားသူများအဖြစ် ရပ်တည်နေနိုင်ခြင်းဖြစ်ကြောင်း။

ထို့ကြောင့် ဝါရင့်သမ္ဘာရင့် အနုပညာရှင်ကြီးများကလည်း ခေတ်အဆက်ဆက်တွင် ပေါ်ထွန်းခဲ့ကြသည့် ဆရာသခင်အနုပညာရှင်ကြီးများ၏အစဉ်အလာကောင်း၊ အလေ့အကျင့်ကောင်းများကဲ့သို့ အမွေခံထိန်းသိမ်းထားသည့် အနုပညာဘဏ္ဍာတိုက်ကြီးများကို ပိုမိုခိုင်ခံ့ဝင့်ကြွားတန်ဖိုးကြီးမားလာစေအောင် ပြုစုပျိုးထောင်ပေးရင်း နောင်လာနောက်သား မျိုးဆက်သစ်အနုပညာရှင်များအတွက် အနုပညာအမွေလက်ဆင့်ကမ်းပေးကြပါရန် တိုက်တွန်းမေတ္တာရပ်ခံလိုပါကြောင်း။

ယခု ငွေရတုပြိုင်ပွဲမှသည် နောင်လာမည့် ရွှေရတု၊ စိန်ရတု ရတုအဆက်ဆက်တိုင် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးပေါင်းများစွာအတွက် ယဉ်ကျေးမှုအနုပညာအမွေများကို လက်ဆင့်ကမ်းပေးဝေပြီး နိုင်ငံနှင့်လူမျိုး၏အကျိုးကို ထမ်းရွက်နိုင်ကြပါစေဟု ဆုတောင်းမေတ္တာပို့သတိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဒေါ်သင်းသင်းမြတ်၊ အကအကဲဖြတ်လုပ်ငန်းအဖွဲ့ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်တင်ဝင်း၊ အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ ကိုယ်စား ဥက္ကဋ္ဌ ဦးအောင်ကိန်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်တွင် ပထမအကြိမ်မှ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ်အထိ အကဲဖြတ်ပညာရှင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် စည်သူဒေါ်ထား၊ ပြည်ထောင်စုတိုင်းရင်းသားများ၏ရိုးရာသံစုံတီးဝိုင်းဂီတမှူး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှိုင်ဝင်းမောင်၊ အဆိုပြိုင်ပွဲ၌ ဝါသနာရှင်(ပထမတန်း)အဆင့်တွင် အသက်အကြီးဆုံးပြိုင်ပွဲဝင် ဦးတင်အုန်း၊ အကပြိုင်ပွဲ၌ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အသက်အငယ်ဆုံးပြိုင်ပွဲဝင် မောင်ဟိန်းလင်းမာန်သွေး၊ ဇာတ်တော်ကြီးပြိုင်ပွဲအတွက် ကူညီပံ့ပိုးသူ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးဖိုးချစ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူများနှင့် အခမ်းအနားမှူးများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အကဲဖြတ်ပညာရှင် စည်သူဒေါ်ထားက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့သည် အခမ်းအနားတက်ရောက်လာကြသူများ၊ ပြိုင်ပွဲဝင်များနှင့်အတူ ဂုဏ်ပြုညစာကို အတူတကွသုံးဆောင်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များ၊ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အနုပညာရှင်များနှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များက တေးသံသာများဖြင့် သီဆို၊ တီးမှုတ်၊ ကပြဖျော်ဖြေကြသည်။

ဂုဏ်ပြုညစာစားပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များကို ဂုဏ်ပြုပန်းခြင်းပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ဂုဏ်ပြုပန်းခြင်းပေးအပ်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ သီဆိုဖျော်ဖြေခဲ့ကြသည့် အနုပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

# ဒုတိယအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းဖွင့်ပွဲအခမ်းအနားကျင်းပ၊ နှစ်နိုင်ငံရေတပ်မှ အရာရှိ၊ စစ်သည်များ ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်၊ ရုရှားရေတပ် Russian Pacific Fleet မှ စစ်ရေယာဉ် လေးစီး ပြန်လည်ထွက်ခွာ



ဒုတိယအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း ဖွင့်ပွဲ အခမ်းအနား ကျင်းပစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၃**

ဒုတိယအကြိမ် မြန်မာ-ရုရှား ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ ရက် နေ့လယ်ပိုင်းတွင် ရေတပ်လေ့ကျင့်ရေးဌာနချုပ် သီရိမဟာဇေယျကျော်ထင် ခန်းမ၌ကျင်းပပြုလုပ်ခဲ့ရာ တပ်မတော်(ရေ)နှင့် ရုရှားရေတပ်မှ အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြသည်။ ဖွင့်ပွဲအခမ်းအနားအပြီးတွင် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ ဒုတိယအကြိမ် မြန်မာ-ရုရှား နှစ်နိုင်ငံ ရေကြောင်းလုံခြုံရေးဆိုင်ရာ လေ့ကျင့်ခန်း ဆောင်ရွက်ရန်နှင့် ချစ်ကြည်ရေးခရီး လည်ပတ်ရန်ရောက်ရှိနေသော ရုရှားရေတပ် Russian Pacific Fleet မှ စစ်ရေယာဉ်လေးစီးတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းမှ ပြန်လည်ထွက်ခွာရာ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါစစ်ရေယာဉ်များ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာလည်ပတ်ခြင်း၊ နှစ်နိုင်ငံချစ်ကြည်ရေးအားကစားပြိုင်ပွဲများပြုလုပ်ခြင်း၊ နှစ်နိုင်ငံစစ်ရေယာဉ်များသို့ အပြန်အလှန်လေ့လာခြင်း၊ ဂုဏ်ပြုညစာစားပွဲများအပြန်အလှန်ကျင်းပခြင်းနှင့် ဆိပ်ကမ်းအခြေပြုလေ့ကျင့်ခန်းများဆောင်ရွက်ခဲ့ကြပြီး တပ်မတော်(ရေ)မှစစ်ရေယာဉ်များနှင့်အတူ ရေကြောင်းလုံခြုံရေးဆိုင်ရာလေ့ကျင့်ခန်းများ ပူးပေါင်းဆောင်ရွက်ရန်အတွက် လေ့ကျင့်ခန်းဧရိယာသို့ ဆက်လက်ထွက်ခွာသွားကြကြောင်း သတင်းရရှိသည်။ (၅၀၁)



ရုရှားရေတပ် Russian Pacific Fleet မှ စစ်ရေယာဉ် လေးစီးအား တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားစစ်သံမှူးနှင့် တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြစဉ်။

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး အဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

- (က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
  - (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  - (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၁
- (ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
  - (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၂
- (ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
  - (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇
- (ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
  - (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈
- (င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
  - (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉
- (စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
  - (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀
- (ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
  - (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၁
- (ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
  - (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂
- (ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
  - (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃
- (ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
  - (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄
- (ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
  - (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၅
- (ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
  - (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
  - (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) သာသနာ့ဝန်ထမ်းများ။
- (ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
- (ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

- (က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
- (ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
- (ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
- (ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

  **မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
- (င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
- (စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
- (ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
- (ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ဘုတလင်မြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူဦးရေ ၅၀ ခန့်ကို ဓားစာခံအဖြစ် ဖမ်းဆီးထားပြီး ပြည်သူ ၂၂ ဦးခန့်အား သတ်ဖြတ်ခဲ့ကြောင်း သတင်းတုသတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေ

**နေပြည်တော် အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြည်သူဦးရေ ၅၀ ခန့်ကို ဓားစာခံအဖြစ် ဖမ်းဆီးထားပြီး ပြည်သူ ၂၂ ဦးခန့်ကို သတ်ဖြတ်ခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းတုသတင်းမှားများကို ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသား ဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်ပြီး သက်ဆိုင်ရာလုံခြုံရေးတာဝန်ရှိသူများထံ ဆက်သွယ်မေးမြန်းပြောကြားချက်အရ စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့အတွင်း သောင်းကျန်းသူများစိမ့်ဝင်မှုမရှိစေရေးနှင့် အဖျက်အမှောင့်လုပ်ငန်းများ မလုပ်ဆောင်နိုင်စေရေး လိုအပ်သော နယ်မြေလုံခြုံရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်လျက်ရှိပြီး ဒေသခံပြည်သူများကို ဖမ်းဆီးခေါ်ဆောင် သတ်ဖြတ်ခြင်းမရှိကြောင်း၊ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများသည် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များကို ထောက်ခံအားပေးမှုမရှိသည့် ဘုတလင်မြို့နယ် စီပါကျေးရွာမှ အပြစ်မဲ့ပြည်သူ ခြောက်ဦးကို ရက်စက်စွာသတ်ဖြတ်ခဲ့သည့် ဖြစ်စဉ်ကို အောက်တိုဘာ ၂၁ ရက်တွင် နိုင်ငံပိုင်သတင်းမီဒီယာများက သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်အားပေးတရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင်လွဲမှားစေရန်နှင့် အကြမ်းဖက်သမားများ၏ ဥပဒေမဲ့ လူမဆန်သည့် ရက်စက်စွာသတ်ဖြတ်ခြင်း၊ အဖျက်အမှောင့်လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် အများပြည်သူစိုးရိမ်ထိတ်လန့်လာစေပြီး ဒေသတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်အတွက်လှုံ့ဆော်ဝါဒဖြန့်သည့် သတင်းမှားများဖြင့် လုပ်ကြံရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်း၊ခြိမ်းခြောက်ခြင်းများကိုလူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကိုအကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရသိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း အောက်တိုဘာ ၂၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Thet Wai Phyo"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက်နေ သက်ဖူးဝေ(ခ)သက်ဝေဖြိုးကို နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ဝေဘာဂီနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကိုဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၅၀၁)

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်သဖြင့် ကြိုတင်သတိပြုနိုင်ရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

# ဒီပါဝလီနေ့ဖြစ်သည့်အတွက် အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂၃**

၁၃၈၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ ရက်(၂၀၂၄ ခုနှစ် နိုဝင်ဘာ ၁ ရက်) သောကြာနေ့သည် **"ဒီပါဝလီ"**နေ့ဖြစ်သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ရုံးများ၏ပိတ်ရက်နှင့် လွှဲပြောင်းနိုင်သည့်စာချုပ်စာတမ်းများ အက်ဥပဒေပုဒ်မ ၂၅ အရ အများပြည်သူတို့၏ အလုပ်ပိတ်ရက်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာအမှတ် ၁၇၅/၂၀၂၄ ဖြင့် ကြေညာထားသည်။ **(သတင်းစဉ်)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်သည့်ရက် ထပ်မံတိုးမြှင့်ခြင်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ဒီဇင်ဘာ ၉ ရက်တွင် ကျရောက်မည့်အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ်**"အဂတိပယ်ခွာပြည်သာယာ"**ခေါင်းစဉ်ဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာအသိပညာပေးပိုစတာ၊ ဗီဒီယိုနှင့် ဆောင်းပါးများကို ပြိုင်ပွဲဝင်နိုင်ကြောင်း ဖိတ်ခေါ်ခဲ့ပြီး ပြိုင်ပွဲဝင်လျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်ကို အောက်တိုဘာ ၃၀ ရက်ဟု သတ်မှတ်ခဲ့ပါသည်။ ယခုအခါလျှောက်လွှာတင်သွင်းရမည့် နောက်ဆုံးရက်ကို နိုဝင်ဘာ ၁၀ ရက်ထိ ထပ်မံတိုးမြှင့်ထားကြောင်း အသိပေးကြေညာအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**


**☆ ကျောဖုံးမှအဆက်**

အောက်တိုဘာ ၂၅ ရက် နံနက်အစောပိုင်းတွင် အိန္ဒိယနိုင်ငံ ဩရိသပြည်နယ်မြောက်ပိုင်းနှင့် အနောက် ဘင်္ဂလားပြည်နယ်ကမ်းခြေတို့ကို ပူရီမြို့နှင့် ဆာဂါကျွန်းတို့အကြား ဒမ်မရာမြို့အနီးမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း "ဒါနာ" ၏အရှိန်ကြောင့် ယနေ့ညမှ အောက်တိုဘာ ၂၄ ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှနေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်သည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ မှ ၅၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၁ ပေမှ ၁၅ ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**



# ဂျပန်နိုင်ငံ မီယာဇာကီစီရင်စုတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြေပြိုမှုကြောင့် လူနှစ်ဦးပျောက်ဆုံးနေ



**တိုကျို အောက်တိုဘာ ၂၃**

ဂျပန်နိုင်ငံ မီယာဇာကီစီရင်စုတွင် အောက်တိုဘာ ၂၂ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုနှင့် မြေပြိုမှုကြောင့် လူနှစ်ဦး ပျောက်ဆုံးလျက်ရှိသည်ဟု ရဲတပ်ဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ဂျပန်နိုင်ငံ ကျူးရှူးကျွန်းပေါ်ရှိ မီယာဇာကီစီရင်စုတွင် အောက်တိုဘာ ၂၂ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းခြင်းများ ဖြစ်ပေါ်လျက်ရှိရာ နီချင်းနန်မြစ်အတွင်း ကားတစ်စီးမျောပါခဲ့ပြီး အဆိုပါကားကို ရဲတပ်ဖွဲ့ကရှာဖွေတွေ့ရှိခဲ့သော်လည်း ကားထဲရှိ အမျိုးသားတစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း၊ နီဘီအိုကာမြို့တွင်လည်း မြေပြိုမှုကြောင့် အမျိုးသမီးတစ်ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

"ရေကြီးရေလျှံမှုနဲ့ မြေပြိုမှုကြောင့် အမျိုးသားတစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက် ပျောက်ဆုံးမှုဖြစ်ပွားခဲ့ပြီး ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို ဆောင်ရွက်နေပါတယ်။ မိုးဆက်လက်ရွာသွန်းနေတာကြောင့် ပြည်သူတွေအနေနဲ့ မလိုအပ်ဘဲအပြင်မထွက်ဖို့နဲ့ ကြိုတင်ပြင်ဆင်မှုတွေဆောင်ရွက်ထားဖို့ တိုက်တွန်းလိုပါတယ်"ဟု မီယာဇာကီစီရင်စု ရဲတပ်ဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

ဂျပန်ပင်လယ်ပြင်တွင် ဖြစ်ပေါ်လျက်ရှိသော လေဖိအားနည်းရပ်ဝန်းတစ်ခုကြောင့် နိုင်ငံအနောက်ပိုင်းဒေသများတွင် ပြင်းထန်သော ရာသီဥတုအခြေအနေများဖြစ်ပွားနိုင်သည်ဟု ဂျပန်မိုးလေဝသဌာနက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : AZH

# အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်တွင် တောမီးအန္တရာယ်သတိပေးချက်ထုတ်ပြန်

**ဝါရှင်တန် အောက်တိုဘာ ၂၃**

အမေရိကန်နိုင်ငံ မီချီဂန်ပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးအန္တရာယ်သတိပေးချက်ထုတ်ပြန်ထားကြောင်း မီချီဂန်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

တောမီးလောင်ကျွမ်းမှုသည် အောက်တိုဘာ ၂၀ ရက်ကစတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး ရာသီဥတုအခြေအနေအရ ထိန်းချုပ်ရခက်သည့်အတွက် တောမီးအန္တရာယ်ကို အရေးပေါ်အခြေအနေ သတ်မှတ်ထားခြင်းဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုသည် မီချီဂန်ပြည်နယ် ဘာရာဂါကောင်တီအနီးတွင် လောင်ကျွမ်းမှုဖြစ်ပွားနေခြင်းဖြစ်ပြီး တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် မီချီဂန်မီးသတ်တပ်ဖွဲ့က ကြိုးစားပေးနေကြောင်း မီချီဂန်အာဏာပိုင် အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ဒီနှစ်အတွင်း မီချီဂန်ပြည်နယ်မှာ ပူပြင်းခြောက်သွေ့တဲ့ ရာသီဥတုနဲ့ ရင်ဆိုင်ခဲ့ရတဲ့ ကာလရှည်ကြာခဲ့ပါတယ်။ ရာသီဥတုအခြေအနေကြောင့် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး ဘာရာဂါကောင်တီအနီးမှာ လောင်ကျွမ်းနေတဲ့ တောမီးလောင်ကျွမ်းမှုဟာ ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပါတယ်။ လူနေအိမ်တွေဆီကို ကူးစက်လောင်ကျွမ်းနိုင်တဲ့အတွက် တောမီးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားပါတယ်"ဟု မီချီဂန်ပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူ ဂျက်ဖ်ဗက်ရှာက ပြောကြားခဲ့သည်။

မီချီဂန်ပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေဧက ၂၅၀ ကျော်ထိ လောင်ကျွမ်းပျက်စီးခဲ့ပြီး တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်လေ့မရှိသည့် ဧရိယာတွင် တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မီချီဂန်ပြည်နယ်တွင် ယခုနှစ်အတွင်း ပူပြင်းခြောက်သွေ့သော ရာသီဥတုဖြင့် ရင်ဆိုင်ခဲ့ရသည့်အတွက် တော မီးလောင်ကျွမ်းမှုအကြိမ်ရေများပြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : Sai Sat



# တရုတ်နိုင်ငံတွင် ယခုနှစ် ဇန်နဝါရီလမှ ဇွန်လထိ သဘာဝဘေးကြောင့် အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံဖိုး ပျက်စီးဆုံးရှုံး

**ပေကျင်း အောက်တိုဘာ ၂၃**

တရုတ်နိုင်ငံတွင် ယခုနှစ်အတွင်း သဘာဝဘေးအန္တရာယ်များဖြင့် ဆိုးရွားစွာရင်ဆိုင်ခဲ့ရပြီး သဘာဝဘေးကြောင့် ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်းပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃ ဘီလီယံခန့်ရှိကြောင်း တရုတ်အစိုးရက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

မိုးခေါင်ရေရှားပါးမှုနှင့် ရေကြီးရေလျှံမှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရသည့် တရုတ်နိုင်ငံအတွင်း သဘာဝဘေးအန္တရာယ် သင့်ခဲ့သော ပြည်သူဦးရေ ၃၃ သန်းကျော်ထိရှိနေကြောင်း၊ တရုတ်နိုင်ငံအနောက် တောင်ဘက်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုအပြင် မြေပြိုကျမှုကြောင့် ကြီးမားသော ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရပြီး မြစ်ဝါမြစ်တွင် မြစ်ရေလျှံတက်မှုဖြစ်ပွားခဲ့သည့်အတွက် တရုတ်နိုင်ငံ တောင်ဘက်ပိုင်းဒေသများတွင် ကြီးမားသော ပျက်စီးဆုံးရှုံးမှုများဖြင့် ရင်ဆိုင်ခဲ့ရကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီလမှ ဇွန်လအတွင်း သဘာဝဘေးအန္တရာယ်များကြောင့် တရုတ်နိုင်ငံတွင် သေဆုံးသူ ၃၂၂ ဦးထက်မနည်းရှိခဲ့ပြီး လူနေအိမ်ပေါင်း ၂၃၀၀၀ ကျော်ထိ ပျက်စီးခဲ့ကြောင်း၊ ကောက်ပဲသီးနှံစိုက်ခင်း ဧရိယာစုစုပေါင်း ၃ ဒသမ ၁၇ ဟက်တာထိပျက်စီးခဲ့ပြီး အရေးပေါ်အကူအညီတောင်းခံခဲ့ရသော ပြည်သူ ၈၅၆၀၀၀ ကျော်ထိရှိခဲ့ကြောင်း တရုတ်အရေးပေါ်စီမံခန့်ခွဲမှုဝန်ကြီးဌာနကထုတ်ပြန်ခဲ့သည်။

သဘာဝဘေးအန္တရာယ်များဖြင့် အဓိကရင်ဆိုင်ခဲ့ရသော ဧရိယာများမှာ တရုတ်နိုင်ငံ တောင်ဘက်ပိုင်း ဒေသများဖြစ်သော ဂွမ်ဇီနယ်မြေ၊ ဂွမ်ဒုံပြည်နယ်နှင့် ဖူကျီအန်ပြည်နယ်တို့ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# တောင်ဆူဒန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းပြီး နိုင်းမြစ်ဝှမ်းမြစ်ရေလျှံတက်မှုဖြစ်ပွား

**ဂျူဘာ အောက်တိုဘာ ၂၃**

တောင်ဆူဒန်နိုင်ငံတွင် မိုးသည်းထန်စွာရွာသွန်းနေပြီး မိုးရေချိန် မြင့်မားသည့်အတွက် တောင်ဆူဒန်နိုင်ငံကို ဖြတ်သန်းစီးဆင်းနေသည့် နိုင်းမြစ်ဝှမ်း မြစ်ရေလျှံတက်မှု ဖြစ်ပွားနေသည်ဟု ယနေ့သတင်းများအရ သိရသည်။

နိုင်းမြစ်ဝှမ်းမြစ်ရေလျှံတက်မှုကြောင့် နီမူလီမြို့၊ ဂျူဘာမြို့၊ မန်ဂါလာမြို့၊ မာလာကယ်မြို့တို့တွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည်ဟု Water Resources and Irrigation (MWRI) ဝန်ကြီးဌာနက သတိပေးချက်ထုတ်ပြန်ခဲ့ကြောင်း၊ တောင်ဆူဒန်နိုင်ငံကို ဖြတ်သန်းစီးဆင်းနေသည့် နိုင်းမြစ်ဝှမ်းတစ်လျှောက် မြစ်ရေလျှံတက်မှုဖြစ်ပွားနေခြင်းဖြစ်ပြီး ရေဘေးအန္တရာယ် ကာကွယ်ရေးအတွက် အတားအဆီးများ ပြုလုပ်နေကြောင်း တောင်ဆူဒန် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နိုင်းမြစ်ဝှမ်းမြစ်ရေလျှံတက်နေပါတယ်။ မြစ်ရေလျှံတက်မှုဖြစ်ပွားနေတဲ့အတွက် ဒေသခံတွေကိုလဲ ဘေးလွတ်ရာရွှေ့ပြောင်းဖို့ ညွှန်ကြားထားပါတယ်။ ညွှန်ကြားချက်အရ ဘေးလွတ်ရာရွှေ့ပြောင်းထားရတဲ့ ဒေသခံ ၇၀၀၀၀၀ ကျော်ရှိနေပြီဖြစ်ပါတယ်။ မြစ်ရေလျှံတက်မှုကြောင့် ရေလှောင်တမံ တည်ဆောက်ဖို့ စီစဉ်ထားတဲ့ အစီအစဉ်တွေအားလုံး ရပ်ဆိုင်းလိုက်ရတယ်"ဟု Water Resources and Irrigation (MWRI) ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

တောင်ဆူဒန်နိုင်ငံတွင် တမံများ တည်ဆောက်ရေးအတွက် ဘူလ်ဂေးရီးယားနိုင်ငံအခြေစိုက် Project Planning and Management Ltd ကုမ္ပဏီက ပါမစ်ရရှိထားပြီး ရေလှောင်တမံတည်ဆောက်ရေးအတွက် စတင်နေပြီဖြစ်သော်လည်း နိုင်းမြစ်ဝှမ်းမြစ်ရေလျှံတက်မှုကြောင့် လုပ်ငန်းအားလုံး ရပ်ဆိုင်းထားရသည်ဟု Project Planning and Management Ltd ကုမ္ပဏီက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# သြစတြေးလျသန္တာကျောက်တန်းများ ပျက်စီးစေသည့် အဓိကအကြောင်းရင်းက လေတိုက်ခတ်မှုပုံစံကြောင့်ဖြစ်

**ကင်ဘာရာ အောက်တိုဘာ ၂၃**

သြစတြေးလျနိုင်ငံရှိ Great Barrier Reef သန္တာကျောက်တန်းများ ပျက်စီးစေသည့်အဓိကအကြောင်းရင်းမှာ လေတိုက်ခတ်မှုပုံစံကြောင့် ဖြစ်ကြောင်း သြစတြေးလျနိုင်ငံမှ သုတေသီများက အောက်တိုဘာ ၂၁ ရက်တွင် ထုတ်ပြန်ပြောကြားခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

သြစတြေးလျနိုင်ငံ Great Barrier Reef သန္တာကျောက်တန်းများ အဓိကပျက်စီးရခြင်းသည် လေတိုက်ခတ်မှုပုံစံများကြောင့် သမုဒ္ဒရာရေကို အပူချိန်မြင့်တက်မှုဖြစ်ပွားရာမှ သန္တာကျောက်တန်းများအရောင်ကျွတ်ပြီး ပျက်စီးစေမှုကို အဓိကဖြစ်ပွားရကြောင်း မဲလ်ဘုန်းမြို့ မွန်အာတက္ကသိုလ်မှ သုတေသီများကပြောကြားခဲ့သည်။

လေတိုက်ခတ်မှုပုံစံများသည် သမုဒ္ဒရာရေကို အပူချိန်မြင့်တက်စေပြီး ပင်လယ်ရေအပူချိန် အလွန်မြင့်မားလာသောအခါတွင် သန္တာကျောက်တန်းများအရောင်ကျွတ်ခြင်းများဖြစ်ပေါ်ပြီး အဖြူရောင်အဖြစ် ပြောင်းလဲသွားကြောင်း၊ အဆိုပါ သန္တာကျောက်တန်းများ ပြန်လည်ကောင်းမွန်ရန် ဆယ်နှစ်ထိ အချိန်ပြန်ယူရနိုင်ကြောင်း သိရသည်။

ကမ္ဘာ့အကြီးဆုံး သန္တာကျောက်တန်း တစ်ခုဖြစ်သော သြစတြေးလျနိုင်ငံရှိ Great Barrier Reef သန္တာကျောက်တန်းများတွင် ၂၀၁၆ ခုနှစ်မှစတင်၍ အစုလိုက်အပြုံလိုက် အရောင်ကျွတ်ခြင်းဖြစ်ပေါ်မှု ငါးကြိမ်တိုင်အောင်ရှိခဲ့ပြီး ၎င်းသန္တာကျောက်တန်းများ၏ ရေရှည်တည်တံ့မှုအတွက် စိုးရိမ်စရာအခြေအနေဖြစ်လာခဲ့ကြောင်း သုတေသီများက ပြောကြားထားသည်။

အဆိုပါ သုတေသီများသည် ဆယ်စုနှစ် သုံးခုကျော်ကာလရှိ လေထုဆိုင်ရာ ရာသီဥတုအခြေအနေများကိုသုတေသနပြုလေ့လာခဲ့ရာမှ သန္တာကျောက်တန်းများပေါ်ရှိ သမုဒ္ဒရာအပူချိန်နှင့်လေကြောင်းတိုက်ခတ်မှုများ၏ အရေးပါမှုကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : AZH

# ကဗျာအလှ စာအလှ-၂၂

## မန်းတင့်မော်

ကဗျာတစ်ပုဒ်စာတစ်ပုဒ်ရေးထုတ်ရန် လွယ်ကူသည်မဟုတ်ပါ။ ဝါသနာကိုအရင်းခံရပါသည်။ လေ့လာဆည်းပူးခြင်းလည်း ရှိပါဦးမည်။ ကျောင်းသင်ခန်းစာများတွင် ပါဝင်သော ကဗျာများ၊ စာများကိုလည်း ကျေညက်ကြရလိမ့်မည်။ ကျောင်းသင်ခန်းစာဟုဆိုလိုက်လျှင် ဆရာ၊ တပည့်ဟူသော သင်ကြားပို့ချသူနှင့် သင်ယူသူဟူ၍ နှစ်ပိုင်းခွဲခြားနိုင်ပါလိမ့်မည်။ သင်ကြားပို့ချသူ ဆရာ၏အပိုင်းအရေးပါသကဲ့သို့ သင်ယူသူတပည့်၏ကဏ္ဍကလည်း အရေးကြီးသကဲ့သို့ သင်ယူသူတပည့်၏ကဏ္ဍကလည်း အစဉ်အဆက် ဆောင်ရွက်လျက်ပြုပြင်ပြောင်းလဲမှုများကိုလည်း ဆောင်ရွက်လျက်ရှိသည်။ ပညာရေးတွင် အထူးအရေးပါသော ဆရာ၏အခန်းကဏ္ဍကို အလေးထားလျက် သင်ကြားလေ့ကျင့်မွေးထုတ်ပေးလျက်ရှိသော ကျောင်းများတက္ကသိုလ်များစွာလည်း ဖွင့်လှစ်လျက်ရှိပါသည်။

မြန်မာ့ဓလေ့တွင် ဆရာကို ဘုရားနှင့်တစ်ဂိုဏ်းတည်းထားလျက်လေးစားရှိသေမြတ်နိုးခဲ့ကြသည်မှာလည်း ကာလကြာမြင့်ခဲ့ပြီး ဆရာ၊ ဆရာမများကတပည့်များအပေါ် ရင်ဝယ်သားကဲ့သို့ သဘောထားကာ ပညာသင်ပေးခဲ့ကြသည်မှာလည်းထင်ရှားသည်။ ထို့ကြောင့်ပင် ဆရာ၊ ဆရာများကို ပညာဥယျာဉ်မှူးများဟု တင်စားခေါ်ဝေါ်ခဲ့ကြသေးသည်။ ဥယျာဉ်မှူးဟု တင်စားခေါ်ဝေါ်ခဲ့သူများတွင် ဆရာသာမကမိဘများလည်းပါသည်။ လူတစ်စုမှသည် လူထုအထိ ကျယ်ကျယ်ပြန့်ပြန့်တာဝန်ကြီးကြီးမားမားယူထားရသူများသည် ဆိုင်ရာဆိုင်ရာဥယျာဉ်မှူးများဟုဆိုနိုင်ပါသည်။

ကဗျာဆရာမငွေတာရီက "ဥယျာဉ်မှူး" ခေါင်းစဉ်ပါ ကဗျာအလှတစ်ပုဒ်ကို ရေးဖွဲ့ခဲ့ပါသည်။ သစ်ပင်စိုက်ပျိုးသူကို တိုက်ရိုက်ရေးဖွဲ့ထားသော်လည်း ဆင့်ပွားအတွေးနှင့်ဆက်စပ်စဉ်းစားစရာများပါရှိသော ကဗျာတစ်ပုဒ်ဟုခံစားမိပါသည်။

ဆရာမငွေတာရီက သူ၏ကဗျာကိုအောက်ပါတိုင်း စတင်လိုက်ပါသည်။

"ဥယျာဉ်မှူး"

-စည်းရိုးကာ၍

များစွာသစ်ပင်၊ မြေအပြင်ဝယ်

ငါလျှင်မျိုးချ၊ ပျိုးခဲ့ရတည့်။

မြန်မာတို့၏နယ်နိမိတ်သတ်မှတ်ချက်တွင် "လယ်မှာကန်သင်း၊ ယာမှာစည်း"ဟူသောစကားရှိသည်။ ပိုင်ဆိုင်မှုပြဆိုခြင်းဟုသတ်မှတ်နိုင်ပါလိမ့်မည်။ အိမ်၊ ခြံ၊ မြေ ဟူသည် နယ်နိမိတ်သတ်မှတ်ရစမြဲဖြစ်သည်။ ဥယျာဉ်တစ်ခုတွင်လည်း အကျဉ်းအကျယ်ကို လိုက်၍ စည်းရိုးကာရသည်။ သို့မှသာ ဥယျာဉ်တွင်းရှိ သီးပင်၊ စားပင်၊ ပန်းပင်များအတွက် လုံခြုံပေမည်။ စည်းရိုးကာခြင်းသည် ပထမအဆင့်အဖြစ် မဖြစ်မနေလုပ်ဆောင်ရမည့်လုပ်ငန်းလည်းဖြစ်ပါသည်။ ဥယျာဉ်ဟူသည် အပင်အမျိုးမျိုးကို စနစ်တကျ စိုက်ပျိုးထားခြင်းဟု နားလည်ရသည်။ စိုက်ပျိုးရန်အပင်အတွင် မျိုးကောင်းမျိုးသန့်ကို ရွေးချယ်ရသည်။ စိုက်ပျိုးရန်မြေကိုလည်း ကိုက်ညီရန်ပြုပြင်ရသည်။ မျိုးစေ့ချ၍ စတင်စိုက်ပျိုးရသည်။ ထို့အတူ မိသားစုတစ်စု၊ အဖွဲ့အစည်းတစ်ရပ်မှသည် တိုင်းပြည်နိုင်ငံအထိ ထူထောင်ကြရာတွင်လည်း ဆိုင်ရာဆိုင်ရာစည်းမျဉ်းစည်းကမ်းများကရှိပြီးဖြစ်သည်။ ထိုသို့သောစည်းမျဉ်းစည်းကမ်းများကို တိတိကျကျ လိုက်နာမှသာလျှင် ပျော်ရွှင်သော မိသားစု၊ ခိုင်မာသော အဖွဲ့အစည်းနှင့် တည်တံ့သော တိုင်းပြည်နိုင်ငံဖြစ်လာပေလိမ့်မည်။ ဆိုင်ရာဆိုင်ရာသတ်မှတ်ချက်များ၊ အတွေ့အကြုံများ၊ သမိုင်းများက အဆိုပါအချက်များကို သတ်သေခံလျက်လည်းရှိပါသည်။ ကျယ်ကျယ်ပြန့်ပြန့်ဆိုရလျှင် လူသာပဓာနဆိုသောရှေးအဆိုအမိန့်ကဲ့သို့ လူသားတို့၏ ကောင်းမြတ်သော စိတ်ဓာတ်နှင့်မှန်ကန်သောလုပ်ရပ်များက လူ့ဥယျာဉ်ကြီးတစ်ခု တည်ဆောက်နိုင်ကြပါလိမ့်မည်။

-တကုပ်ကုပ်လျှင်

မြက်နုတ်ပေါင်းသင်၊ နောက်ချေးတင်၍

ရေစင်ပက်သွန်း၊ နေ့စဉ်ဖျန်းသည်

ပင်ပန်းသည်လည်း ငါမသိ။

ကဗျာဒုတိယပိုဒ်ဖြစ်ပါသည်။ ဥယျာဉ်မှူးဟူသည် သူ၏သစ်ပင်ပန်းပင်တို့ပေါ် ပျိုးရုံစိုက်ရုံသဘောထားရုံဖြင့် မပြီးသေး။ အပင်အတွက် မြေဆီမြေဩဇာထည့်ရသည်။ ပေါင်းမြက်ကိုရှင်းရသည်။ ရေကြည်ရေသန့်ကို လောင်းရသေးသည်။ ထိုအလုပ်များအတွက် ပင်ပန်းသည်ဟုမထင်မိ။ အလားတူ သား၊ သမီးတို့ကိုပြုစုပျိုးထောင်ရသော မိဘနှစ်ပါးကလည်း ဘယ်သောအခါမှပင်ပန်းသည်ဟု မညည်းညူကြပါ။ စားဝတ်နေရေးဖြည့်ဆည်းပေးရသည်။ ပညာသင်ပေးကြရသည်။ လိမ္မာရေးခြားရှိရန်သွန်သင်ရသေးသည်။ အလုပ်အကိုင်ရရန်အထိ ကြိုးပမ်းပေးရသည်မျိုးလည်းရှိတတ်သည်။ မြန်မာ့ဓလေ့အရဆိုလျှင် အိမ်ထောင်ရက်သားချထားပေးရသည်။ မြေးများရလာသည်အထိ စောင့်ရှောက်ပေးရသေးရာ ဥယျာဉ်မှူးမိဘများ၏ ကျေးဇူးကားကြီးမားလှပေစွ။

ဥယျာဉ်မှူးဆရာ၊ ဆရာမ၏ အခန်းကဏ္ဍကလည်း အရေးပါလှသည်။ ဝလုံးကလေး ဝိုင်းဝိုင်းရေးရန် ကံ့ကူလက်လှည့်ဆရာမှအစ တက္ကသိုလ်ဆရာများအဆုံး ဆရာအားလုံး၏တာဝန်နှင့်ဝတ္တရားများက ရေတွက်ရန်မလွယ်။ စာကိုလည်းသင် စိတ်ကိုလည်းပြင်ဆင်ပေးကြရသည်။ တပည့်များ၏ စောင်းရွဲ့နေမှုမှန်မျှ တည့်မတ်ပေးကြရသည်။ ဘေးဘယာဝေးကွာအောင်လည်း ပြင်ဆင်ပေးကြရသည်။ ဘေးဘယာဝေးကွာအောင်လည်း လုံ့လထုတ်ကြရသည်။ သင့်တင့်မျှတသော၊ ထိုက်တန်သောနေရာရောက်အောင်လည်း ပို့ဆောင်ပေးရသော ဝတ္တရာကိုလည်း ကျေပွန်အောင် ထမ်းဆောင်ကြရသေးသည်။ ထို့ကြောင့်ပင် ဥယျာဉ်မှူး ဆရာ၊ ဆရာမများ၏ ကျေးဇူးကို အထူးသိမြင်၍ အာစရိယပူဇော်ပွဲများကိုကျင်းပလျက် ကျေးဇူးဆပ်နေကြခြင်း ဖြစ်ပါသည်။

ကဗျာပါ တကုပ်ကုပ်လျှင် ဟူသော စာသားမှာ အဆက်မပြတ်ဟူသော သဘောဆောင်ပါသည်။ ဥယျာဉ်မှူးမှာ နေ့စဉ်နေ့တိုင်း သူ၏အပင်များကို ဂရုတစိုက်ပြုစုရလေ့ရှိ၏။ ထို့အတူ မိသားစုဥယျာဉ်မှူးများဖြစ်ကြသော မိဘနှစ်ပါးကလည်း သားသမီးများအရေးကို အချိန်တိုင်းပင် အလေးထားကြရသူများဖြစ်ကြပြန်သည်။ ပညာဥယျာဉ်မှူး ဆရာ၊ ဆရာမများကလည်း တပည့်များအတွက် အာရုံထားကြရသူများပင်။ စာတတ်မြောက်ရန် သင်ကြားကြရသည်။ လိမ္မာရန်ပဲ့ပြင်ရသည်။ အလားတူ အကြီးအမှူးများ၏တာဝန်များကလည်း မသေးလှ။

**❖ ဥယျာဉ်မှူးမှာ နေ့စဉ်နေ့တိုင်း သူ၏အပင်များကို ဂရုတစိုက်ပြုစုရလေ့ရှိ၏။ ထို့အတူ မိသားစုဥယျာဉ်မှူးများဖြစ်ကြသော မိဘနှစ်ပါးကလည်း သားသမီးများအရေးကို အချိန်တိုင်းပင်အလေးထားကြရသူများဖြစ်ကြပြန်သည်။ ပညာဥယျာဉ်မှူး ဆရာ၊ ဆရာမများကလည်း တပည့်များအတွက် အာရုံထားကြရသူများပင်။ စာတတ်မြောက်ရန်သင်ကြားကြရသည်။ လိမ္မာရန်ပဲ့ပြင်ရသည်။ အလားတူ အကြီးအမှူးများ၏တာဝန်များကလည်း မသေးလှ။ ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး စသောအရေးများစွာ၏ ဥယျာဉ်မှူးများ၏ ပြုစုပျိုးထောင်စောင့်ရှောက်မှုများကြောင့် လူ့ဘောင်ကောင်းကျိုးများ ပွားလာရခြင်းဟု ယူဆော်ရနိုင်ပါလိမ့်မည်။ ❖**

ဘာသာရေး၊ လူမှုရေး၊ နိုင်ငံရေး စသောအရေးများစွာ၏ ဥယျာဉ်မှူးများ၏ ပြုစုပျိုးထောင်စောင့်ရှောက်မှုများကြောင့် လူ့ဘောင်ကောင်းကျိုးများပွားလာရခြင်းဟု ယူသော်ရနိုင်ပါလိမ့်မည်။

ပန်းဖူးလျှင်ပျော်၊ ပန်းပွင့်တော့မော်၊ အသီးမြင်လျှင် ရွှင်ကြသူများမှာ ဥယျာဉ်မှူးများသာဖြစ်သည်။ စားပင်သီးပင်ဟူသည်ကလည်း သူ့အချိန်နှင့်သူ ကြီးထွားရသည်။ ဖူးပွင့်ရသည်။ ပွင့်ချိန်တန်၍ ပွင့်ကာ သီးချိန်တန်၍သီးသော် ဥယျာဉ်မှူးမှာ ပီတိဖြာမဆုံး၊ ဂုဏ်ယူ၍မဝ၊ ကျေနပ်မှုမရပ်နိုင်။ ဘယ်အရာနှင့်မျှ မလဲနိုင်သော ခံစားမှုမျိုးပင်။ ထိုခံစားချက်ကို ကဗျာဆရာမ ငွေတာရီက

-ဤယနေ့သော်

ချမ်းမြေ့ဖွယ်ရာ၊ ဥယျာဉ်သာဝယ်

ဖြာဖြာဆင့်လောင်း၊ ပင်အပေါင်းထက်

ရွှင်ကြောင်းဖန်ပြီး၊ ချုံညိုဆီတည့်

ချပ်ညီဝန်းကော့၊ ပျော့ရရော့နှင့်

ကြော့ကြော့ရှင်းရှင်း၊ ပပဝင်းလျက်

ရောင်ဆင်းကြွစွာ၊ မြမာလာသည်

ဂန္ဓာရနံ့ သင်းထုံပျံ့လျက်

ညင်းညှံ့လေတွင်၊ ဂုဏ်ပွဲဆင်သော်

ငါလျှင် ပီတိဖြစ်လှတကား။ ဟူ၍ အဆုံးသတ်ထားပါသည်။

ငွေတာရီ၏ ဥယျာဉ်မှူးကဗျာကို ဆန့်ထွက်ဖြန့်ကြက်အတွေးမျှင်တန်းနိုင်သကဲ့သို့ ဆရာတက်တိုးရေးသားခဲ့သည့် စည်းကမ်းနှင့်ဥပဒေအမည်ရှိ ဆောင်းပါးပါ စာအလှအချို့ကို စာမြည်းအဖြစ်ဖော်ပြလိုပါသည်။ ၁၉၉၉ ခုနှစ် ဧပြီလထုတ် ရန့်သစ်မဂ္ဂဇင်းတွင် ရန့်သစ်ကိုယ်ကျင့်ဟု ခေါင်းစဉ်ထပ်ထားပါသည်။ ဆရာက စည်းကမ်းသည် မည်သည့်အလုပ်၊ မည်သည်ကိစ္စ၊ မည်သည့်ခံစားခွင့်မဆို အလွန်အကျွံမဖြစ်စေရန် ကာဆီးထားသည်။ စည်းကျော်လျှင်တစ်ဖက်ကိုကျူးကျော်သောကြောင့် ပဋိပက္ခဖြစ်နိုင်သည်။ ပျက်စီးတတ်သည်။ စည်းမဲ့ကမ်းမဲ့ပြုမူမှုအားလုံးသည် ပြုလုပ်ဆောင်ရွက်သော အလုပ်မှန်သမျှဖြစ်မြောက်ဖို့ထက် ပျက်စီးဖို့သာများချေသည်ဟူ၍ဖွင့်ဆိုထားသည်။ မှတ်သားလိုက်နာဖွယ်ဖြစ်ပါသည်။

ဆရာတက်တိုးက ကျောင်းသားလူငယ်များအတွက် စည်းကမ်းဆိုင်ရာလမ်းညွှန်ရာတွင် ငယ်စဉ်ကတည်းက စည်းကမ်းတကျလုပ်ဆောင်လျှင် ကျောင်းသင်ခန်းစာများကို ပိုင်နိုင်စွာတတ်မြောက်၍ စာမေးပွဲကောင်းစွာအောင်မြင်ပေမည်။ ထိုနည်းတူပင် ဘဝတက္ကသိုလ်စာမေးပွဲအောင်နိုင်ရေးကို ငယ်ရွယ်စဉ်ကတည်းက လေ့ကျင့်ရပေလိမ့်မည်။ မည်သို့နည်း။ ဗဟုသုတကို ရနိုင်သမျှရအောင် စာမျိုးစုံဖတ်ရပေလိမ့်မည်။ ဖတ်ပြီးလျှင် ဝေဖန်ဆန်းစစ်ရပေလိမ့်မည်။ စာဖတ်ရုံဖတ်ပြီး ပစ်ထားလိုက်လျှင် အကျိုးမရှိရုံမျှမက ဦးနှောက်ထဲတွင် အကြောင်းအချက်များရှုပ်ထွေး၍ ညဏ်ကောင်းအကြံကောင်းမထွက်ဘဲ ပညာအစာမကြေဘဲ ဖြစ်နေချေမည်ဟူ၍ ရေးသားထားသည်။ လူငယ်ထုအတွက် အဖိုးတန်သောစာအလှဟုဆိုချင်ပါသည်။ ယခုအခါတယ်လီဖုန်းဖန်သားပြင်မှ လိုရာခလုတ်နှိပ်၍ စာမျိုးစုံဖတ်နိုင်ပါသည်ဟု အချို့လူငယ်များက ဆိုကြပါသည်။ ဆရာတက်တိုး၏ စာအလှကိုဖတ်၍ စာဖတ်အလေ့အကျင့်ကို ပျိုးထောင်လျှင် ပိုမိုထိရောက်မည်ဟုမြင်မိပါသည်။

ဥပဒေဆိုင်ရာအဆိုအမိန့်ကလည်း သုတတိုးစေသောစာအလှပင်ဖြစ်သည်။ ဆရာ၏စာထဲတွင် စည်းကမ်းကိုပို၍ဩဇာရှိစေရန် ဥပဒေပြဋ္ဌာန်းသည်။ စည်းကမ်းကိုချည်းဆိုလျှင် ပေ့ါတန်မှာစိုးသောကြောင့် အတည်ပြုထားခြင်းဖြစ်သည်။ စည်းကမ်းများကို အစီအစဉ်ပြုထားလျှင် စည်းမျဉ်းဟုခေါ်သည်။ စည်းကမ်းစည်းမျဉ်းတို့ကို တရားဝင်ပြဋ္ဌာန်းထားလျှင် စည်းကမ်းသည် ဥပဒေဖြစ်သွားသည်။ စည်းကမ်း၊ စည်းမျဉ်း၊ ဥပဒေဟူသော အသုံးအနှုန်းများကို တိုတိုရှင်းရှင်းဖွင့်ဆိုချက်ဟု မှတ်ယူနိုင်ပါသည်။

ဆောင်းပါးအဆုံးသတ်ပုံကလည်း စာရေးလိုသူများအတွက် အတုယူဖွယ်ဖြစ်သည်။ "စည်းကမ်းနှင့်ဥပဒေ"ဟူ၍ ခေါင်းစဉ်တပ်ထားရာ စည်းကမ်းအကြောင်းရှင်းပြ၍ ဥပဒေဖြင့်အဆုံးသတ်ထားပါသည်။ နိဂုံးချုပ်ရာတွင် တရားဥပဒေတို့သည် လူ့အဖွဲ့အစည်းကို မတရားပြုမှု၊ သောင်းကျန်းမှုတို့မှ အကာအကွယ်ပေးသည်။ လူမှုရေး၊ စီးပွားရေးစသည့် လူမှုရေးရာမှာသာမက ဘာသာရေး၌ ရဟန်းတို့သည် ဝိနည်းဟူသော ဗုဒ္ဓဥပဒေတော်ကြီးရှိလေသည်ဟု ရေးသားထားပါသည်။ ကဗျာအလှ စာအလှဟူသည် စာဖတ်သူတို့အတွက် ရည်လျှားလှသည့် မြန်မာ့စာပေခရီးတွင် မှတ်တိုင်များစွာရှိရာ ဖတ်ရှုခံစား၍ မဆုံးနိုင်အောင် ရှိနေပါကြောင်းကိုလည်း တင်ပြလိုပါသတည်း။

**ကိုးကား**

**- ငွေတာရီကဗျာပေါင်းချုပ် စိတ်ကူးချိုချိုစာပေ-၂၀၁၅**

**- ရန့်သစ်မဂ္ဂဇင်း-၁၉၉၉ ခု ဧပြီလ**

# အမာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပုစွန်အစုံပိဿာချိန် ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**အမာ အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ စက်တင်ဘာလအတွင်း ပုစွန်အစုံပိဿာချိန် ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အမာမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စမ်းထွေးက ပြောပြ၍ သိရသည်။

အမာမြို့နယ်တွင် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ဒေသထွက်ပုစွန်များကို စနစ်တကျသန့်စင်ပြီး ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချနေကြောင်း၊ ပြီးခဲ့သည့် ဩဂုတ်လအတွင်းက ပုစွန်အစုံပိဿာချိန် ၆၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး စက်တင်ဘာ ၁ ရက်မှ ၃၀ ရက်ထိ ပုစွန်အစုံ ပိဿာချိန် ၈၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"အမာမြို့နယ်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ စက်တင်ဘာလအတွင်း ပုစွန်အစုံ ပိဿာချိန် ၈၈၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က ပုစွန်တွေဝယ်ယူမှုများပြားနေတာကြောင့် အရောင်းအဝယ်ကောင်းလာတာပါ။ ပုစွန်တွေအပါအဝင် ရေထွက်ကုန်တွေ ကုန်ချိန်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေထွက်ကုန်ပစ္စည်းတွေ တင်ပို့ရောင်းချတဲ့ လုပ်ငန်း လုပ်ကိုင်သူတွေလဲ အလုပ်အကိုင် အခွင့်အလမ်းကောင်းလာပါတယ်။ ဒေသကနေ ရေထွက်ကုန်တွေကို ကုန်တင်ကားတွေနဲ့ အများဆုံးတင်ပို့ရောင်းချခဲ့ရပါတယ်။ တင်ပို့ရောင်းချရတာလဲ အခက်အခဲမရှိပါဘူး" ဟု အမာမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စမ်းထွေးက ပြောပြသည်။

အမာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပုစွန်များ၏ တစ်ပိဿာဈေးနှုန်းသည် ပုစွန်ဘော့ချိတ် ငွေကျပ် ၂၀၅၀၀ မှ ၂၄၅၀၀၊ ပုစွန်ဆိတ်သေး ငွေကျပ် ၁၇၅၀၀ မှ ၁၉၅၀၀၊ ပုစွန်ဆိတ်ကြီး ငွေကျပ် ၁၉၅၀၀ မှ ၂၈၅၀၀၊ ပုစွန်တုပ်ကြီး ငွေကျပ် ၄၅၀၀၀ မှ ၅၉၀၀၀ ပေါက်ဈေးရှိပြီး လတ်ဆတ်မှုအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။။

**ကျော်ကျော်လင်း**

# ဝမ်းတွင်းမြို့နယ် လိပ်တက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**ဝမ်းတွင်း အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လိပ်တက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသောလုပ်ငန်းများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်စီမံကိန်းတာဝန်ခံ ဝန်ထမ်းများသည် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၅၀ ဒသမ ၆၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လိပ်တက်ကျေးရွာ၌ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၉၇ ဦးကို ငွေကျပ် ၃၇ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၈ သန်းနှင့် ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၄ ဒသမ ၈၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၅ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၀ ဒသမ ၆၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၂၅၅၇ ဧက လျာထားစိုက်ပျိုးမည်

**ပွင့်ဖြူ အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၂၅၅၇ ဧက လျာထားစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။



ယခင်နှစ်က စိုက်ပျိုးခဲ့သည့် ကြက်သွန်နီစိုက်ခင်းကို တွေ့ရစဉ်။

ပွင့်ဖြူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံများဖြစ်သည့် ငရုတ်အစို ဧက ၁၂၀၊ ငရုတ်ခြောက် ၁၂၈၅ ဧက၊ ကြက်သွန်နီ ၁၁၂၄ ဧက၊ ကြက်သွန်ဖြူ ၂၈ ဧက စုစုပေါင်း စားဖိုဆောင်သီးနှံစုံ ၂၅၅၇ ဧက စိုက်ပျိုးသွားရန် လျာထားရှိပြီး သတ်မှတ်စိုက်ဧက ပြည့်မီရေးအတွက် နိုဝင်ဘာလ ပထမပတ်တွင် စတင်စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများက လယ်ယာမြေများ မြေဆီလွှာကောင်းမွန်ရေး ထွန်ယက်ပြုပြင်ခြင်းများ ဆောင်ရွက်လုပ်ကိုင်နေကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ စားဖိုဆောင်သီးနှံ ၂၅၅၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီဒေသက စိုက်ပျိုးရေအဆင်ပြေတဲ့အတွက် စိုက်ပျိုးရေးလုပ်ငန်းက အောင်မြင်ဖြစ်ထွန်းမှုရှိပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံများ စိုက်ပျိုးခြင်းကို လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ဟိုပုံးမြို့နယ် တီဟေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဟိုပုံး အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တီဟေးကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေတိုးပွားလာစေရန်၊ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပထမအကြိမ် ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဟိုပုံးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလွင်မြင့် က တီဟေးကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်လှယမင်းဌေးနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၉၈ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက တီဟေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၂၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၉၈ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ဟိုပုံးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သော်ဇင်ထူး**

# ဒိုက်ဦးမြို့နယ် ကြွေးခင်တန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဒိုက်ဦး အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး ညောင်လေးပင်ခရိုင် ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကြွေးခင်တန်းကျေးရွာ၌ ဒသမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်မြင့်ထွန်းနှင့် ဝန်ထမ်းများက ကြွေးခင်တန်းကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်များ၊ ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒိုက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စီမံကိန်းတာဝန်ခံ ဝန်ထမ်းက ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၄၇ သန်းကို လွှဲပြောင်းပေးအပ်သည်။

ကြွေးခင်တန်းကျေးရွာရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၅ ဦးထံရန်ပုံငွေကျပ် ၄၇ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ကိုညို**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၂၃-၁၀-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့် အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၉၆၆၅။ | ဦးဝင်းဇော်နှင့်ဇနီး ဒေါ်ဝေဇာနိုင်မိသားစုကောင်းမှု | ၃၀၀၀၀၀၀ |
| ၉၆၆၆။ | ဦးရန်တန်းရှင်မိသားစုကောင်းမှု | ၂၀၀၀၀၀၀ |
| ၉၆၆၇။ | စစ်တက္ကသိုလ်အမှတ်စဉ်(၆၆)မှ ဗိုလ်လောင်းများကောင်းမှု | ၈၀၀၀၀၀ |
| ၉၆၆၈။ | ဦးအုန်းပိုင်နှင့်ဇနီး ဒေါ်မာမာအေး၊ (သမီး)မရှယ်ရတနာဦး မိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၉၆၆၉။ | ကွယ်လွန်သူဗိုလ်ကြီးကျော်ဝင်း(ငြိမ်း)အားရည်စူး၍ ပင်မဆက်သွယ်ရေးအလုပ်ရုံမှ တပည့်များကောင်းမှု | ၂၀၀၀၀၀ |
| ၉၆၇၀။ | ကွယ်လွန်သူဗိုလ်ကြီးနိုင်ဝင်းနှင့် ဒေါ်မြင့်မြင့်တို့အား ရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၉၆၇၁။ | ဒေါက်တာအောင်ကြီးနှင့်ဝန်ထမ်းမိသားစုကောင်းမှု | ၁၂၀၀၀၀ |
| ၉၆၇၂။ | ဦးမင်းမင်းနှင့်ဇနီး ဒေါ်စောမြင့်ကြူ မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၆၇၃။ | ကိုကျော်ငွေးနှင့်ဇနီး မထက်ထက်မိသားစုကောင်းမှု | ၁၁၀၀၀၀ |
| ၉၆၇၄။ | ဦးအောင်ငြိမ်းနှင့်ဇနီး ဒေါ်သောင်းရင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၇၅။ | ဆရာမဒေါ်ခင်ခင်မူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၇၆။ | ဦးတင်မြိုင်နှင့်ဇနီး ဒေါ်တင်ဟန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၇၇။ | ကွယ်လွန်သူဗိုလ်ကြီးကျော်ဝင်း(ငြိမ်း)အားရည်စူး၍ ဇနီးဒေါ်ခင်စိုးသိန်း၊ (သား)ဒုတိယဗိုလ်မှူးကြီးဇင်လှိုင်မျိုး နှင့်ဇနီး ဒေါ်တင်နီလာဝင်း၊ ဒုတိယဗိုလ်မှူးကြီးညီညီနိုင် နှင့်ဇနီး ဒေါ်နှင်းသန္တာစိုးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၇၈။ | ဦးအောင်ရဲထွဋ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၇၉။ | ဦးခင်မောင်ဦးနှင့်ဇနီး ဒေါ်ရင်ကြည် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၈၀။ | ဦးခင်အေးနှင့်ဇနီး ဒေါ်စုစုနွယ်၊ (သမီး)မသူသူနွယ်အေး မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၈၁။ | ကိုချမ်း၊ ကိုထက်၊ ကိုခန့်၊ မမို၊ ကိုစွမ်း မောင်နှမတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၈၂။ | ဦးရန်အောင်နှင့်ဇနီး ဒေါ်ဝင်းဝင်းမော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၈၃။ | ဗိုလ်မှူးကြီးစိန်လှမြင့်နှင့်ဇနီး ဒေါ်ခင်စန်းရွှေ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၈၄။ | ဦးမောင်စံနှင့်ဇနီး ဒေါ်သန်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၈၅။ | ကွယ်လွန်သူဒေါ်သိင်္ဂီလွင်အားရည်စူး၍ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၉၆၈၆။ | ဦးထွန်းရွှေမိသားစုကောင်းမှု | ၈၀၀၀၀ |
| ၉၆၈၇။ | ဦးစိုးကြည်နှင့်ဇနီး ဒေါ်အေးပို မိသားစုကောင်းမှု | ၇၀၀၀၀ |
| ၉၆၈၈။ | ဦးသိန်းငွေနှင့်ဇနီး ဒေါ်ဆွေဆွေဇင် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၈၉။ | ဒေါ်မြမြသန်း၊ (သမီး)မစန္ဒာစိုးဝင်း၊ (မြေး)မချမ်းမြခွာညိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၀။ | ဦးအေးကိုနှင့်ဇနီး ဒေါ်ခင်သန်းစိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၁။ | ဒေါ်ခင်မွှေးမွှေးစိန်၊ (သား)မောင်ပြေပိုင်ထက် မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၂။ | နှစ်ဖက်သောမိဘများအားအမှူးထား၍ ဦးပြည်စိုးထိုက်နှင့်ဇနီး မခင်သစ္စာ၊ (သား)မောင်ခန့်ဘုန်းထွဋ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၃။ | ဦးကောင်းခန့်ကိုနှင့်ဇနီး ဒေါ်ဖြူဖြူသင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၄။ | အဘွားဒေါ်သန်းညွန့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၅။ | ဒေါ်ဝင်းကြည်နှင့် ညီမများကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၆။ | ဦးတင်မောင်ဆွေနှင့်ဇနီး ဒေါ်အေးသောင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၇။ | မနှင်းနှင်းလှိုင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၈။ | ဦးထွန်းနိုင်ဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၆၉၉။ | ဦးဝင်းဇော်နှင့်ဇနီး ဒေါ်ခင်စန္ဒီထွေး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၀။ | ဦးဝင်းမင်းမင်းနိုင်နှင့်ဇနီး ဒေါ်ဝေဝေလွင်၊ (သမီး)မမိုးပြည့်ပြည့်မင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၁။ | ဗိုလ်မှူးချုပ်သိန်းထူးနှင့်ဇနီး ဒေါက်တာဒေါ်အေးစိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၂။ | ဦးထွန်းလင်းနှင့်ဇနီး ဒေါ်ဆွေဆွေဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၃။ | ကွယ်လွန်သူမိခင်ဒေါ်မြင့်မြင့်အားရည်စူး၍ ဒေါ်အေးအေးလွင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၄။ | ဦးကိုကိုလတ်နှင့်ဇနီး ဒေါ်လွင်လွင်အေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၅။ | ကွယ်လွန်သူဒေါ်ဝင်းကြည်အားရည်စူး၍ ဦးစောမောင်နှင့်ဇနီး ဒေါ်မျိုးတင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၆။ | ဦးအောင်မြင့်မြတ်နှင့်ဇနီး ဒေါ်နွေဇင်မာ၊ (သမီး)မကေသရီမြင့်မြတ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၇။ | ကိုတင်ထက်လင်းနှင့်ဇနီး မကြည်ပြာအောင်မျိုး မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၈။ | ကွယ်လွန်သူ ဘိုးဘိုးကြီးဦးသိန်းတင်အားရည်စူး၍ ကိုသော်ဇင်နှင့်ဇနီး မဖြိုးသီရိဝင်း၊ (သား)မောင်သူရဘုန်းဉာဏ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၀၉။ | ဦးဗိုလ်ဟိန်းနှင့်ဇနီး ဒေါ်မိုးသဉ္ဇာဦးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၀။ | ဦးအောင်မြတ်မင်းနှင့်ဇနီး ဒေါ်ညိုမီအောင်၊ (သား)မောင်မြတ်ကိုကိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၁။ | ဦးကြည်စောနှင့်ဇနီး ဒေါ်မီမီမောင်ထွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၂။ | ဦးမျိုးမျိုးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၃။ | ဦးခင်မောင်အေးနှင့်ဇနီး ဒေါ်ဝိုင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၄။ | ဦးသက်မြင့်နှင့်ဇနီး ဒေါ်ကလျာမင်းမင်းထွန်း၊ (သမီး)မစန္ဒီသက်မြတ်၊ မမြမှူးခင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၅။ | ကွယ်လွန်သူဒေါက်တာလှဟန်နှင့်ဇနီး ဒေါ်အုန်းမေ၊ ဒေါ်ပြုံးချိုတို့အားရည်စူး၍ ဦးတင်မောင်မြင့်နှင့်ဇနီး ဒေါ်ခင်မာရင်၊ သား၊ သမီး၊ မြေး၊ မြစ်တစ်စုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၆။ | ကွယ်လွန်သူဗိုလ်ကြီးသန့်ညီညီ(ခ)သန်းရှိန်ညီညီအား ရည်စူး၍ ဦးခင်မောင်ရည်နှင့်ဇနီး ဒေါ်နီနီရှိန်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၉၇၁၇။ | ကိုမျိုးဆွေဦးနှင့်ဇနီး မမြသဇင်ခိုင် မိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၁၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

(ခ) **ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့်ပြင်းထန်မှုတို့ကိုလျော့နည်းစေနိုင်ခြင်း (အထူးအားဖြင့် နာတာရှည်ရောဂါခံစား နေရသူများနှင့် သက်ကြီးရွယ်အိုများ)၊ ရောဂါ၏နောက်ဆက်တွဲပြဿနာဖြစ်သည့် ကိုယ်တွင်းအင်္ဂါများထိခိုက်ပျက်စီးမှုမှသည် အသက်အန္တရာယ်ဆုံးရှုံးမှုဖြစ်သည်အထိ ဖြစ်ပေါ်ခြင်းမှလျော့ချနိုင်ခြင်းတို့ကြောင့် အသက်ငါးနှစ်နှင့်အထက်ရှိသော ပြည်သူလူထုအားလုံးသည် နီးစပ်ရာကျန်းမာရေးဌာနများနှင့်ဆက်သွယ်၍ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး(ပထမအကြိမ်၊ ဒုတိယအကြိမ်နှင့် ထပ်ဆောင်းကာကွယ်ဆေး)များကို မဖြစ်မနေသွားရောက်ထိုးနှံကြရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**




## မော်ကွန်းဝင် လက်ထပ်ပြီးစီးခြင်း

မြစ်ခြေမြို့နေ ဦးဖိုးကျောက်+ဒေါ်မြို့ကြည် တို့၏သား

**ဒေါက်တာ အောင်ကျော်မြတ်**

**B.Sc,M.Sc,Ph.D(Math)**

**(Dip; in Computer Science)**

နှင့်

မိတ္ထီလာမြို့နေ ဦးသန်းအောင်+ဒေါ်ခင် တို့၏သမီး

**မနုဆွေဝင်း**

**B.N.Sc,M.N.Sc(Maternal Health Nursing)**

တို့သည် မန္တလေးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၌ (၂၂-၁၀-၂၀၂၄)ရက်နေ့တွင် မော်ကွန်းဝင် လက်မှတ်ရေးထိုးပြီးစီးပါကြောင်း။

**ဒေါက်တာအောင်ကျော်မြတ်+မနုဆွေဝင်း**

**ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်**

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာသွာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)။ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

## ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၂၇၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ခန္တီး အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၈၂၇၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြ၍ သိရသည်။

ခန္တီးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးဧက ၈၃၅၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၈၂၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ခန္တီးမြို့နယ်မှာ စပါးဧက ၈၃၅၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ စပါး ၈၂၇၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးသတ်မှတ်လျာထားချက်ပြည့်မီအောင် လိုအပ်တဲ့နည်းပညာ၊ စပါးမျိုးတွေ ဆောင်ရွက်ပေးနေတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးနေတယ်"ဟု ခန္တီးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုခိုင်က ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခန္တီးမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေးအသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေး၊ အရည်အသွေးကောင်းမျိုးများ ရွေးချယ်စိုက်ပျိုးနိုင်ရေး အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ခန္တီးမြို့နယ်တွင် စိုက်ပျိုးထားသော မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်း ကောင်းမွန်စေရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲစေရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

## ပင်းတယမြို့နယ် တံတားကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပင်းတယ အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တောင်ရှည်ကျေးရွာအုပ်စု တံတားကြီးကျေးရွာတွင် ဆဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို အောက်တိုဘာ ၂၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပင်းတယမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်က ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရန် လိုအပ်သည့် ငွေကြေးအရင်းအနှီးများရရှိစေရန်နှင့် တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ဆက် လက်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်းတာဝန်ခံက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၁၁ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖွဲ့ဝင်များက တံတားကြီးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ အသင်းသား၊ အသင်းသူ ၁၂၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၁၁ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သော်ဇင်ထူး**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသားများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ခ) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သောတက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ်(၅)ပေ(၃)လက်မ၊ ကိုယ်အလေးချိန်ပေါင်(၁၀၀)ထက်မနည်းရ၊ ပေါင်(၁၄၀)ထက်မကျော်ရ။

(င) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေMyawadyWebportal(www.myawady. net.mm/nurse(male)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၆-၁၀-၂၀၂၄ရက်နေ့မှစ၍ ၁၈-၁၁-၂၀၂၄ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၁-၁၂-၂၀၂၄ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ (မေးခွန်းနမူနာပုံစံများအား MyawadyWebportal (www.myawady. net.mm/nurse(male))တွင် ဝင်ရောက်လေ့လာနိုင်သည်။)

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၁-၁၂-၂၀၂၄ရက်နေ့မှ ၁၇-၁၂-၂၀၂၄ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသားအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ် (၁၈၆၀၀၀)ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ)
B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ)
B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ)
B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့
B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့(Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။

# တပ်မတော်သူနာပြုနှင့်ဆေးဘက်ပညာတက္ကသိုလ်သင်တန်းသူအမျိုးသမီးများ အလိုရှိသည်

၁။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(အပျို)ဖြစ်ရမည်။

(ခ) ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့တွင် အသက်(၁၇)နှစ်အောက် မငယ်ရ၊ (၂၀)နှစ်ထက်မကြီးရ။

(ဂ) ၂၀၂၄ ခုနှစ်တွင် ကျင်းပပြုလုပ်ခဲ့သောတက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

(ဃ) အနည်းဆုံးအရပ် (၅)ပေ (၃) လက်မ၊ ကိုယ်အလေးချိန်ပေါင် (၁၀၀) ထက်မနည်းရ၊ ပေါင်(၁၃၀)ထက်မကျော်ရ။ (အထက်ပါအတိုင်း ကိုယ်အလေးချိန်သတ်မှတ်ထားသော်လည်း အသက်ငယ်ရွယ်သူများဖြစ်သဖြင့် ကိုယ်အလေးချိန်အား ခြွင်းချက်အနေဖြင့် စဉ်းစားပါမည်။)

(င) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

၂။ လျှောက်လွှာများအား နီးစပ်ရာတပ်/ဌာနချုပ်များတွင် အခမဲ့ထုတ်ယူ၍ဖြစ်စေ Myawady Webportal(www.myawady. net.mm/nurse(female)) တွင် Download ရယူ၍ဖြစ်စေ အောက်ပါစာရွက်စာတမ်းများနှင့်အတူ ၁၆-၁၀-၂၀၂၄ရက်နေ့မှစ၍ ၁၈-၁၁-၂၀၂၄ရက်နေ့အတွင်း နီးစပ်ရာတပ်/ဌာနချုပ်များသို့ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)။

(ခ) တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်။

(ဂ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ တင်ပြသည့်နေ့မတိုင်မီ တစ်လအတွင်းရရှိသည့် ထောက်ခံစာ(မူရင်း)။

(ဃ) တစ်လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ။

(င) အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆/၆)မိတ္တူ။

(စ) မိဘ/အုပ်ထိန်းသူ၏ သဘောတူညီကြောင်းထောက်ခံချက်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲအတွက် အင်္ဂလိပ်စာနှင့်ဇီဝဗေဒဘာသာတွဲတို့ကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ နေပြည်တော်၌ ၁-၁၂-၂၀၂၄ရက်နေ့တွင် ဖြေဆိုကြရမည်ဖြစ်ပါသည်။ (မေးခွန်းနမူနာပုံစံများအား MyawadyWebportal (www.myawady. net.mm/nurse(female))တွင် ဝင်ရောက်လေ့လာနိုင်သည်။)

၄။ အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် ၁၁-၁၂-၂၀၂၄ရက်နေ့မှ ၁၇-၁၂-၂၀၂၄ရက်နေ့အတွင်း တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ စစ်ဆေးအောင်မြင်သူများကို စစ်ဘက်ဆိုင်ရာဆေးစစ်ခြင်းများပြုလုပ်၍ ဆေးစစ်အောင်မြင်သူများကို သင်တန်းသူအဖြစ် အတည်ပြုရွေးချယ်မည်။

၅။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ်(၁၆၈၀၀၀)ကျပ်၊ ဒုတိယနှစ်(၁၇၄၀၀၀)ကျပ်၊ တတိယနှစ်(၁၈၀၀၀၀)ကျပ်၊ စတုတ္ထနှစ် (၁၈၆၀၀၀) ကျပ် ရရှိမည်။

၆။ သင်တန်းအောင်မြင်ပြီးလျှင် မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် အောက်ပါဘွဲ့များအပ်နှင်းပေးမည်-

(က) သူနာပြုသိပ္ပံဘွဲ့ B.N.Sc(Bachelor of Nursing Science)

(ခ) ဆေးဝါးကျွမ်းကျင်မှုသိပ္ပံဘွဲ့ B.Pharm(Bachelor of Pharmacy)

(ဂ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်ခွဲနည်းပညာ) B.Med.Tech(Medical Laboratory Technology)

(ဃ) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာခန္ဓာသန်စွမ်းမှုနည်းပညာ) B.Med.Tech(Physiotherapy)

(င) ဆေးဘက်ဆိုင်ရာနည်းပညာဘွဲ့(ဆေးဘက်ဆိုင်ရာဓာတ်မှန်နှင့်ပုံရိပ်ဖော်နည်းပညာ) B.Med.Tech(Medical Imaging Technology)

(စ) ခြေတုလက်တုနှင့်အားပြုကိရိယာနည်းပညာသိပ္ပံဘွဲ့ B.Med.Tech(Prosthetics and Orthotics)

၇။ သင်တန်းပြီးမြောက်အောင်မြင်သောအခါ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)နှင့် ဆေးဘက်ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ပေးမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီပါက မိမိတို့သင်ယူခဲ့သည့် ဘာသာရပ်အလိုက် မဟာသိပ္ပံဘွဲ့(Master of Science) နှင့် ပါရဂူဘွဲ့ (Ph.D)သင်တန်းများ တက်ရောက်ခွင့်ရရှိမည်။

၈။ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တွင် သူနာပြု(Nurse)/ ဆေးဘက်ကျွမ်းကျင်သူ(တတိယတန်း) အမှုထမ်းသက်(၁)နှစ်၊ အထက်တန်းသူနာပြု/ ဆေးဘက်ကျွမ်းကျင်သူ(ဒုတိယတန်း)အမှုထမ်းသက်(၂)နှစ်၊ စုစုပေါင်း ၃ နှစ် ပြည့်မြောက်ပြီး သက်ဆိုင်ရာတို့မှ ပြန်တမ်းဝင်အရာရှိအဖြစ် အဆင့်တိုးမြှင့်ပေးရန် ထောက်ခံတင်ပြလျှင် ဒုတိယဗိုလ်(အထက်တန်းသူနာပြု/ကျွမ်းကျင်သူ(ဒုတိယတန်း))အဖြစ် စတင်ခန့်အပ်ပေးမည်။

**မှတ်ချက်။** အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တပ်/ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်သည်။







## ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ရွှေပညာသစ် ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-9 တွင်ပညာသင်ကြားနေသော မောင်သော်တာထွန်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမြင့်ဝေ ဖြစ်ပါကြောင်း။ ဦးမြင့်ဝေ(၇/ကတခ(နိုင်)၀၂၅၁၁၆)

## ဖခင်အမည်မှန်

နွားထိုးကြီးမြို့နယ်၊ အိုးပုံတောရွာ၊ အထက၊ Grade-7 တွင် ပညာသင်ကြားနေသော မောင်မိုးမြင့်ကြယ်၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးမျိုးထွန်းလင်း ဖြစ်ပါကြောင်း။

ဦးမျိုးထွန်းလင်း(၉/နထက(နိုင်)၁၀၄၆၁၉)

### ပျောက်ဆုံးကြောင်း

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့၊ ကျန်စစ်သားလမ်း၊ အောင်သာယာရပ်ကွက်နေ ဦးမင်းလဝီချမ်း(ဘ) ဦးသိန်းသန်း (၁၀/သဖရ(နိုင်)၁၆၆ ၅၄၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(MD-926244)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၈၀၅၄၅၄၀၀

## ဝမ်းနည်းကြေကွဲခြင်း

ပြင်ဦးလွင်မြို့၊ အနီးစခန်းနေ ဒေါ်ခင်သန္တာဝင်း (GENIUS Private School)၏ ချစ်လှစွာသောခင်ပွန်း **Mr. Chris Harrison အသက် (၈၁) နှစ်** သည် ၂၃-၁၀-၂၀၂၄ ရက်နေ့တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Mr.Chris ကောင်းရာဘုံဘဝရောက်ပါစေ

ဦးစိုးခိုင်-ဒေါ်သင်းပျံ့ကြူ

မေတ္တာကိုယ်ပိုင်အထက်တန်းကျောင်း၊

ကျောက်ဆည်မြို့။

### ပျောက်ဆုံးကြောင်း

စဉ့်ကိုင်မြို့နယ်၊ မီးသွေးဘုတ်ရွာနေ မအေးသန္တာမြင့် (ဘ) ဦးမန်းရွှေ (၉/ခအဇ(နိုင်)၀၃၀၈၃၉)၏ နိုင်ငံကူးလက်မှတ်အမှတ် (MA-580810)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၉၆၂၄၂၄၉၂၂

### ပျောက်ဆုံးကြောင်း

နမ့်ခမ်းမြို့၊ လွယ်အင်ကျေးရွာနေ မကြည်ကြည်ဌေး (၁၃/ပဥလ(နိုင်)၀၅၂၁၈၁)၏ နိုင်ငံကူးလက်မှတ်အမှတ် (MB-837661)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

၀၉-၇၅၄၄၀၄၈၄၃

## သင့်သွေးဖြင့် အသက်ကယ်ပါ

## အဖိုးတန်ရေချိုကို ချွေတာပါ

### ပျောက်ဆုံးကြောင်း

ပုသိမ်ကြီးမြို့နယ်၊ နန်းဦးလွင်ရပ်ကွက်၊ အမှတ်(၅၀၂-က)နေ ဦးသောင်းညွန့် (ဘ) ဦးအုန်းမောင် (၉/မကန(နိုင်)၀၅၅၅၈၂)၏ နိုင်ငံကူးလက်မှတ်အမှတ် (ME-552001)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၄၄၄၀၀၇၉၇၅

## အထူးဝမ်းနည်းကြေကွဲခြင်း

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး)မှ အလုပ်အမှုဆောင်ဖြစ်သော ရွှေဖြူပလာဇာတွင်နေထိုင်သူ ဦးခေမာရာ(ချ်) (ခ) ဦးသိန်းထွန်း ၏ မိခင် **ဒေါ်ဥမာက လာပန်ဒေး အသက် (၇၅)နှစ်**သည် (၂၂-၁၀-၂၀၂၄)ရက်နေ့ ညနေ (၃:၁၅)အချိန်တွင် မန္တလာဆေးရုံတွင် ကွယ်လွန်သွားသည်ဟု သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲပါကြောင်း။

ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(မန္တလေး)

## သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး။

## ဝမ်းနည်းကြေကွဲခြင်း

ပြင်ဦးလွင်မြို့၊ အနီးစခန်းနေ ဒေါ်ခင်သန္တာဝင်း (GENIUS Private School) ၏ ချစ်လှစွာသောခင်ပွန်း **Mr. Chris Harrison အသက် (၈၁) နှစ်** သည် ၂၃-၁၀-၂၀၂၄ ရက်နေ့တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

Mr.Chris ကောင်းရာဘုံဘဝရောက်ပါစေ

မန္တလေးတိုင်းဒေသကြီး ကိုယ်ပိုင်ကျောင်းများအသင်း

## စာအုပ်စာပေ လူ့မိတ်ဆွေ

❖ **ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ရဲတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း ပြည်သူ့လုံခြုံရေးကို ဆောင်ရွက်ရာတွင် ပြည်သူများအတွက် ကောင်းမွန်သော ပြည်သူ့ရေးရာဝန်ဆောင်မှု ဖြစ်စေရန်နှင့် ပြည်သူကို ဝန်ထုပ်ဝန်ပိုးမဖြစ်အောင် မှန်မှန်ကန်ကန်ဖြင့် ဆောင်ရွက်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃ ရက်တွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမတွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေးဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲအခမ်းအနား ကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်

စာမျက်နှာ- ၂၀

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်


၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ဆိုင်ကလုန်းမုန်တိုင်း “ဒါနာ” အားကောင်းသောဆိုင်ကလုန်းမုန်တိုင်းအဖြစ် ရောက်ရှိနိုင်

၂၃-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် ( ၁၇:၃၀ )နာရီအချိန် တိုင်းထွာချက်အရ ဆိုင်ကလုန်းမုန်တိုင်း “ဒါနာ(DANA)” လမ်းကြောင်းပြမြေပုံ




နေပြည်တော် အောက်တိုဘာ ၂၃

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသောဆိုင်ကလုန်းမုန်တိုင်း “ဒါနာ”(DANA) သည် အနောက်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ဂွမြို့၏ အနောက်ဘက်ရေမိုင် ၃၂၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ဆာဂါကျွန်း၏ တောင်-အရှေ့တောင်ဘက် ရေမိုင် ၂၉၅ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း “ဒါနာ”၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်း “ဒါနာ” သည် အနောက်မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး အောက်တိုဘာ ၂၄ ရက်တွင် ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် ပိုမိုအားကောင်းလာကာ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm)အဖြစ်သို့ ရောက်ရှိနိုင်ပြီး

စာမျက်နှာ ၂၃ ကော်လံ ၄ ☆

